
http://www.dhammadownload.com



သောတဝေးရာဇာ


သာဓကဟောကျော်

ကျွန်တော်တို့ ဓမ္မဒေသနာ စာအုပ်စင်တွင်

http://www.dhammadownload.com

သောကငေးရာဇာ

သာဖကောကျော်



Design ,
Htet Htet Lin computer

http://www.dhammadownload.com

သောတဝေးဂုဏီ

သာမဏ္ဍကော်

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

အဖုံးနှင့် ● အောင်သုခ

အတွင်း ပုံနှိပ်၊ စာအုပ်ချုပ်၊
Riso၊ မိတ္တူနှင့်
စက္ကူရောင်းဝယ်ရေးလုပ်ငန်း။

အုပ်ရေ ● ၁၀၀၀

တန်ဖိုး ●

ထုတ်ဝေသူ ● ဒေါ်ဖြူဖြူဟန် (ယာယီ၁၉၉၁)
သာမဏေကျော်စာပေ

ဖြန့်ချိရေး
သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး) မော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။ ဖုန်း ၀၁ - ၇၀၉၆၈၀၊ ၀၉ - ၇၃၀၈၂၃၆၉



ထုတ်ဝေသည့်ကက်သလောက်အညွှန်း
သာမဏေကျော်
သောကဝေးရာဆီ၊ သာမဏေကျော် - ရန်ကုန်
စာပေ - ၂၀၁၄၊
စာ - ၃၁၅၊ ၁၃.၅ × ၂၁ စင်တီ
(၁) သောကဝေးရာဆီ

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	လုလင်နဲ့ ရှင်ဘုရင်	၁
၂။	မိန်းမအနဲ့ မခံနိုင်တဲ့ သတို့သား	၂၆
၃။	ကိသာဂေါတမီ	၃၁
၄။	ပဋာစာရီထေရီ	၄၇
၅။	သောကသည် သူကြွယ်	၇၀
၆။	အပျော်	၈၆
၇။	ဝိသာခါနဲ့ မြေးမ	၈၉
၈။	ကြောက်စရာအသံ	၉၅
၉။	နောင်တ	၉၈
၁၀။	ငြောင့်	၁၀၅
၁၁။	နှစ်ဖက်ရွံး	၁၁၂
၁၂။	ရွှေဟာသာ	၁၁၅
၁၃။	အဟောင်းနဲ့ အသစ်	၁၁၉
၁၄။	သန်း	၁၂၅
၁၅။	အုံသြလောက်ပါတယ်	၁၃၀
၁၆။	သန္တတီအမတ်ကြီး	၁၃၈
၁၇။	အရုပ်ကလေး	၁၄၅
၁၈။	သောကသည် ပစ္စေကဗုဒ္ဓါလောင်းလျာ	၁၄၉
၁၉။	သေသွားသူ သားကြောင့်	၁၅၁
၂၀။	အသက်ကိုသတ်တဲ့ သံယောဇဉ်	၁၇၀
၂၁။	ကန်းမနဲညားတဲ့ စွာန်ရ ကိုရင်လေး	၁၇၄

http://www.dhammadownload.com

ပဏ္ဏိတာရာမ ဧရွတောင်ကုန်းသာသနာ့ရိပ်သာကြီး

(၂၅) နှစ်မြည့် အထိမ်းအမှတ်

ဒွေရတုသဘင်အတွက်

ဓမ္မဒါန

ပညာရောင်သည် အတောက်ပဆုံးအရောင်ဖြစ်၍
ထိုပညာရောင်ဖြင့် ဘဝခရီးအမှောင်တို့ကိုဖြို့ခွင်းကာ
တောက်ပသော ဘဝခရီးမှာ
လျှောက်လှမ်းနိုင်ကြစေရန် ရည်သန်ပြီး
ဦးရဲမြင့်အောင်, ဒေါ်ခင်စန္ဒာ, ဒေါ်ခင်မာလာမောင်
မောင်နှမတစ်စုတို့က လှူဒါန်းကြပါသည်

သီရိဟလာ အမှတ် (၉၁)စီ၂
သံလွင်လမ်း၊ ဗဟန်၊ ရန်ကုန်မြို့။
ဖေဖော်ဝါရီ (၁) ရက်၊ ၂၀၁၅ ခုနှစ်

http://www.dhammadownload.com

လုလင်နဲ့ရှင်ဘုရင်

လောဘများရင် များသလောက် သောက များရပါတယ်။ လောဘနဲ့ တဏှာဟာ အတူတူပါပဲ။ တဏှာများရင် များသလောက် သောက များရပါတယ်။ တဏှာ တိုးရင် သောက တိုးပါတယ်။ လောဘ၊ တဏှာ လျော့ရင်လျော့သလောက် သောကလည်း နည်းရပါတယ်။ ဒုက္ခလည်း နည်းရပါတယ်။ သောကတွေ၊ ဒုက္ခတွေ ကင်းပျောက်ချင်ရင် အရင်းခံ တဏှာ၊ လောဘကို ပယ်ဖျောက်ပေးရပါတယ်။ လောဘ၊ တဏှာကို ပယ်သတ်ရာမှာ ဆင်ခြင်တုံတရားနဲ့လည်း ပယ်သတ်လို့ရပါတယ်။ တဏှာ၊ လောဘကို ငြိမ်းအေးစေနိုင်တဲ့ တရားတွေကို မိမိသန္တာန်မှာ ဖြစ်ပွားအောင် ပြုလုပ်ပြီးတော့လည်း ပယ်သတ်လို့ရပါတယ်။ ဈာတ်လမ်းအဖြစ်အပျက်လေးတွေကို ဖတ်ရှုပြီး သင်ခန်းစာယူကာ ပယ်သတ်ရင်လည်း ရပါတယ်။ ဒီ အောက်ပါဈာတ်လမ်း

http://www.dhammadownload.com

၂ ပုဒ်ဟာ သင်ခန်းစာယူစရာ ကောင်းလှပါတယ်။ အတိတ်ဇာတ်လမ်းလေးကို အရင် ရေးပြပါမယ်။

ရှေးအခါက ဗာရာဏသီပြည်ရှိ မြဟ္မဒတ်မင်းမှာ သား နှစ်ယောက် ရှိခဲ့ပါတယ်။ မြဟ္မဒတ်မင်းက သားကြီးအား အိမ်ရှေ့မင်းရာထူးကို ပေးပါတယ်။ သားငယ်အား စစ်သူကြီးရာထူးကို ပေးပါတယ်။ နောင်အခါ မြဟ္မဒတ်မင်း သေတဲ့အခါ အမတ်တွေက သားကြီးအား ဘိသိက်သွန်းလိုက်ကြပါတယ်။ သားကြီးက ''ငါဟာ မင်းအဖြစ်ကို အလိုမရှိ၊ ငှဉ်းအား ပေးကြပါ''လို့ ပြောတယ်။ အထပ်ထပ် တောင်းဆို ခံရပေမယ့်လည်း ပယ်မြစ်တယ်။ ညီအား ဘိသိက်သွန်းပြီးတဲ့အခါ ''ငါဟာ အစိုးရအဖြစ်ကို အလိုမရှိ''လို့ပြောကာ အိမ်ရှေ့မင်းရာထူး စသည်တွေကိုလည်း အလိုမရှိပါ။ ''ဒီလိုဆိုရင် စားဖွယ်အကောင်းတွေကို စားကာ ဒီမှာပဲ နေပါ''လို့ အပြောခံရပေမယ့်လည်း ''ဒီမြို့မှာ ငှဉ်ရဲ့ကိစ္စ မရှိ'' လို့ ပြောပြီး ဗာရာဏသီမြို့မှ ထွက်ကာ ပစ္စန္တရောဇအရပ်ကို သွားပါတယ်။ သူဌေးအိမ်တစ်အိမ်ကို မှီပြီး ကိုယ့်လက်နဲ့ အလုပ်လုပ်ရင်း နေတယ်။ အဲဒီလူတွေက နောင်အခါမှာ သူ့ရဲ့မင်းသားအဖြစ်ကို သိသွားပြီး အလုပ်လုပ်ခွင့် မပေးကြတော့ပါ။ မင်းသားအစောင့်အရှောက်နဲ့ပဲ သူ့ကို စောင့်ရှောက်ထားကြပါတယ်။ နောင်အခါမှာ မင်းအလုပ်သမားတွေက လယ်အတိုင်းအတာကို ယူဖို့ အဲဒီရွာကို သွားကြပါတယ်။ သူဌေးက မင်းသားကို ချဉ်းကပ်ပြီး ဒီလို ပြောပါတယ်။

''အရှင် . . . ကျွန်ုပ်တို့က အရှင်မင်းသားကို မွေးမြူကြပါတယ်။ ညီငယ်ထံ စေလွှတ်ပြီး ကျွန်ုပ်တို့အား အခွန်အထုပ်ကို ဖယ်ရှား ပေးပါ''

http://www.dhammadownload.com

မင်းသားက ကောင်းပြီလို့ ဝန်ခံပြီး ''ငါဟာ ဒီမည်တဲ့ သူငြေး အိမ်ကို မီကာ နေတယ်။ ငါ့ကို မှီပြီး အဲဒီသူတို့အား အခွန်အတုပ်ကို လွှတ်ပေးလိုက်ပါ''လို့ စာပို့လိုက်ပါတယ်။ မင်းက ''ကောင်းပြီ''လို့ ပြောကာ အဲဒီအတိုင်းပဲ လုပ်ခိုင်းပါတယ်။ အဲဒီအခါ အဲဒီမင်းသားကို ရွာနေသူ အားလုံးကရော၊ ဇနပုဒ်နေသူတွေကပါ ချဉ်းကပ်ပြီး ဒီလို ပြောကြပါတယ်။

''ကျွန်ုပ်တို့ဟာ အရှင်မင်းသားအားသာ ပူဇော်ပ,သမ္ဘကို ပေးကြပါမယ်။ ကျွန်ုပ်တို့အားလည်း အခွန်ကို လွှတ်ခိုင်းပေးကြပါ''

မင်းသားက အဲဒီလူတွေအတွက်လည်း စာပို့လွှတ်ကာ အလွှတ်ခိုင်းလိုက်ပြန်ပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီလူတွေက အဲဒီ မင်းသားအားသာ ပူဇော်ပွဲယ်ကို ပေးကြပါတော့တယ်။ အဲဒီအခါ အဲဒီ မင်းသားမှာ ကြီးကျယ်တဲ့ လာဘ်၊ ပူဇော်မှု ဖြစ်ပေါ်လာပါတယ်။ အဲဒီ လာဘ်၊ ပူဇော်မှုနဲ့အတူပဲ မင်းသားမှာ တဏှာလည်း ကြီးကျယ် လာပါတယ်။ အဲဒီ နောင်တော်မင်းသားဟာ နောင်အခါမှာလည်း ဇနပုဒ်အားလုံးကို တောင်းပါတယ်။ နိုင်ငံတစ်ဝက်ကိုလည်း တောင်း ပါတယ်။ ညီရှင်ဘုရင်ကလည်း နောင်တော်မင်းသားအား ပေးတာ ချည်းပါပဲ။ နောင်တော်ဟာ တဏှာက တိုးပွားလာတဲ့အခါ နိုင်ငံ တစ်ဝက်နဲ့လည်း မတင်းတိမ်နိုင်တော့ပါ။ ''နိုင်ငံကို ငါ ယူမယ်''လို့ ဇနပုဒ်သားတွေ ခြံရံကာ အဲဒီမြို့သို့ သွားပါတယ်။ မြို့ပြင်ဘက်မှာ ရပ်ပြီး ''နိုင်ငံကိုဖြစ်စေ၊ ငါ့အား ပေးပါ၊ စစ်ဖြစ်စေ ထိုးပါ''လို့ ညီ ရှင်ဘုရင်ထံ စာပို့လိုက်ပါတယ်။ ညီက ဒီလို ကြေစည်တယ်။

http://www.dhammadownload.com

''ဒီအစ်ကိုမိုက်ဟာ ရှေးအခါက နိုင်ငံကိုရော၊ အိမ်ရှေ့မင်း အဖြစ် စသည်တွေကိုပါ ပယ်မြစ်ပြီး အခု 'စစ်တိုက်ပြီး ငါ ယူမယ်'ဟု ပြောနေတယ်။ ငါဟာ ဒီအစ်ကိုကို စစ်တိုက်ပြီးသတ်ရင် ကဲ့ရဲ့စရာ ဖြစ်လိမ့်မယ်။ ငါဟာ နိုင်ငံကို အလိုမရှိ''

အဲဒီအခါ နောင်တော်ထံ သတင်းပို့လိုက်ပါတယ်။

''စစ်တိုက်လို့ အကျိုးမရှိပါ။ နိုင်ငံကို ယူပါ''

နောင်တော်က နိုင်ငံကို ယူပြီး ညီအား အိမ်ရှေ့မင်းအဖြစ်ကို ပေးတယ်။ အဲဒီအချိန်ကစပြီး နိုင်ငံအုပ်ချုပ်တဲ့အခါ တဏှာအလို လိုက်ကာ နိုင်ငံတစ်ခုနဲ့ မရောင့်ရဲနိုင်။ နှစ်နိုင်ငံ သုံးနိုင်ငံတို့ကို တောင့်တ ပြီး တဏှာရဲ့အစွန်အဖျားကို မမြင်ရတော့ပါ။

အဲဒီအခါ သိကြားမင်းက ''လောကမှာ ဘယ်သူတွေက မိဘကို ပြုစုလုပ်ကျွေးကြသလဲ၊ ဘယ်သူတွေက ဒါန စတဲ့ ကောင်းမှု တွေကို ပြုလုပ်နေကြသလဲ၊ ဘယ်သူတွေက တဏှာအလိုသို့ လိုက် နေကြသလဲ''လို့ ကြည့်တဲ့အခါ အဲဒီနောင်တော်ဖြစ်သူ ရှင်ဘုရင်ရဲ့ တဏှာအလို လိုက်နေတာကို သိသွားတယ်။ ''ဒီလူမိုက်ဟာ ဗာရာ ဏသီနိုင်ငံနဲ့လည်း မတင်းတိမ်၊ ငါဟာ သူ့ကို ပညာပေးမယ်''လို့ ကြံကာ လှလင်အသွင်နဲ့ မင်းရဲ့တံခါးမှာ ရပ်တည်နေတယ်။ ''နည်းလမ်း ကျွမ်းကျင်တဲ့ လူငယ်တစ်ယောက် တံခါးမှာ ရပ်တည်နေပါတယ်''လို့ အပြောခိုင်းလိုက်တယ်။ ''ဝင်စေ''လို့ ပြောလို့ ဝင်ပြီး မင်းကို ''အောင် ပါစေ''လို့ ပြောတယ်။

''သင်က ဘာအကြောင်းကြောင့် လာပါသလဲ''

http://www.dhammadownload.com

''မင်းကြီး . . . အရှင်မင်းကြီးအား ပြောစရာတစ်စုံတစ်ရာ ရှိပါတယ်၊ ဆိတ်ကွယ်ရာအရပ်ကို အကျွန်ုပ် လိုလားပါတယ်''

သိကြားမင်းရဲ့ တန်ခိုးအစွမ်းကြောင့် အဲဒီခဏမှာပဲ လူတွေက ဖဲသွားကြပါတယ်။ အဲဒီအခါ မင်းကြီးကို လုလင်က ဒီလို ပြောပါတယ်။

''မင်းကြီး၊ အကျွန်ုပ်ဟာ မြို့ (၃)မြို့ကို မြင်တွေ့ထားပါတယ်၊ အဲဒီ မြို့ (၃)မြို့က စည်ပင်ကြပါတယ်၊ လူတွေ ရောပြွမ်းပါတယ်၊ စစ်တပ်၊ ယာဉ်တွေနဲ့ ပြည့်စုံပါတယ်၊ အကျွန်ုပ်ဟာ အဲဒီမြို့တွေမှာ မင်းအဖြစ်ကို ယူပြီး အကျွန်ုပ်ရဲ့အစွမ်းနဲ့ အရှင်မင်းအား ပေးပါမယ်၊ အချိန်မဆွဲဘဲ မြန်မြန် သွားဖို့ သင့်ပါတယ်''

တဏှာအလိုလိုက်တဲ့ အဲဒီမင်းဟာ ''ကောင်းပြီ''လို့ ဝန်ခံပြီး သိကြားမင်းအစွမ်းကြောင့် ဒီလို မမေးလိုက်မိပါ။

''သင်က ဘယ်သူပါလဲ၊ ဘယ်က လာခဲ့ပါသလဲ၊ သင်ဟာ ဘာကို ရသင့်ပါသလဲ''

အဲဒီ လုလင်ယောင်ဆောင်ထားတဲ့ သိကြားမင်းကလည်း အဲဒီလောက်ပဲ ပြောပြီး တာဝတိံသာနတ်ပြည်ကိုပဲ ပြန်သွားပါတယ်။ မင်းက အမတ်တွေကို အခေါ်ခိုင်းပြီး ဒီလိုပြောပါတယ်။

''လုလင်တစ်ယောက်က အကျွန်ုပ်တို့ရဲ့ တိုင်းနိုင်ငံ (၃)ခုကို ယူပြီး ပေးပါမယ်လို့ ပြောသွားတယ်။ အဲဒီလုလင်ကို ခေါ်ကြပါ၊ မြို့မှာ စည်ကို လှည့်လည်စေပြီး စစ်တပ်ကို စုဝေးခိုင်းကြပါ၊ အချိန်မဆွဲဘဲ နိုင်ငံ (၃)ခုကို ငါ ယူမယ်''

''မင်းကြီး . . . မင်းကြီးက အဲဒီလုလင်အား ပူဇော်မှုကိုဖြစ်စေ ပြုလိုက်ပါသလား၊ နေရာအရပ်ကိုဖြစ်စေ မေးလိုက်ပါသလား''

http://www.dhammadownload.com

''ငါက ပူဇော်မှုကို မပြုလိုက်မိပါ။ နေရာအရပ်ကို မမေး လိုက်မိပါ။ သင်တို့ သွားကြပါ။ အဲဒီလူလင်ကို စုံစမ်းကြပါ''

စုံစမ်းကြတဲ့အခါ အဲဒီလူလင်ကို မမြင်တွေ့လို့ ဒီလို လျှောက် တင်ကြပါတယ်။

''မင်းကြီး . . . တစ်မြို့လုံးမှာ လူလင်ကို မမြင်တွေ့ရပါ''

အဲဒီစကားကို ကြားရပြီး မင်းက စိတ်မကောင်းဖြစ်ကာ ဒီလို အထပ်ထပ် တွေးနေပါတယ်။

''မြို့ (၃)မြို့မှာ နိုင်ငံပျက်စီးပြီ၊ ငါဟာ ကြီးကျယ်တဲ့ အခြွေ အရံမှ ယုတ်လျော့သွားပြီ၊ ငှဲအား ရိက္ခာကို မပေး၊ နေရာအရပ်ကို လည်း မမေးလို့ ငှဲကို စိတ်ဆိုးပြီး လူလင်က မလာတာ ဖြစ်လိမ့်မယ်''

အဲဒီအခါ တဏှာအလိုလိုက်တဲ့ အဲဒီမင်းရဲ့ကိုယ်မှာ ပူလောင် မှု ဖြစ်ပေါ်လာပါတယ်။ ကိုယ်ပူလောင်တဲ့အခါ ဝမ်းဗိုက်ကို ချောက်ချား စေပြီး သွေးသွန်ရောဂါ ဖြစ်ပေါ်လာပါတယ်။ တစ်ခွက်က ဝင်ပါတယ်။ တစ်ခွက်က ထွက်ပါတယ်။ ဆေးဆရာတွေဟာ ဆေးကုဖို့ မစွမ်းနိုင် ကြတော့ပါ။ မင်းဟာ ပင်ပန်းပါတယ်။ အဲဒီအခါ မင်းမှာ ရောဂါဖြစ် နေကြောင်း တစ်မြို့လုံးမှာ ထင်ရှားသွားပါတယ်။ အဲဒီအခါမှာ ဘုရား လောင်းက တက္ကသိုလ်ပြည့်မှ အတတ်ပညာအားလုံးကို သင်ယူပြီး ဗာရာဏသီမြို့ရှိ မိဘတွေထံ ပြန်လာတယ်။ မင်းရဲ့အဖြစ်ကို ကြား ရပြီး ''ငါဟာ ဆေးကုမယ်''လို့ကြွေကာ မင်းတံခါးဆီ သွားပါတယ်။ ''လူလင်ငယ်တစ်ယောက်က အရှင်မင်းကို ဆေးကုပေးဖို့ ရောက်လာ ပါသတဲ့''လို့ အပြောခိုင်းပါတယ်။ မင်းက ''နာမည်အလွန်ကြီးပြီး ထင်ရှားတဲ့ ဆေးဆရာကြီးတွေတောင်မှ ငှဲကို ကုဖို့ မစွမ်းနိုင်ကြ။

http://www.dhammadownload.com

လုလင်ငယ်က ဘယ်မှာ စွမ်းနိုင်မှာလဲ၊ ရိက္ခာပေးပြီး သူ့ကို ပြန်လွှတ်လိုက်ကြပါ''လို့ ပြောတယ်။ အဲဒီစကားကို ကြားရပြီး လုလင်က ဒီလို ပြောပါတယ်။

''ကျွန်ုပ်မှာ ဆေးကုမှုနဲ့ ရိက္ခာ မလိုပါ။ ကျွန်ုပ် ဆေးကုပေးပါမယ်၊ ဆေးဖိုးလောက်သာ ပေးပါ''

အဲဒီစကားကို ကြားရပြီး မင်းက ကောင်းပြီလို့ ပြောကာ အခေါ်ခိုင်းတယ်။ လုလင်က မင်းကို ရှိခိုးပြီး ဒီလိုပြောပါတယ်။

''မင်းကြီး မကြောက်ပါနဲ့၊ အကျွန်ုပ် အရှင်မင်းကို ဆေးကုပါမယ်၊ ဒါပေမဲ့ ရောဂါဖြစ်ခြင်းအကြောင်းကိုတော့ အကျွန်ုပ်အား ပြောပြပါ''

မင်းက ရှက်ပြီး ဒီလို ပြောပါတယ်။

''သင့်မှာ ရောဂါဖြစ်ခြင်းအကြောင်းက ဘာလုပ်မှာလဲ၊ ဆေးကိုသာ ကုပါ''

''မင်းကြီး . . . ဆေးဆရာတွေဆိုတာ ဒီရောဂါဟာ ဒီအကြောင်းကို မှီပြီး ဖြစ်ပေါ်လာတယ်လို့ သိပြီး သင့်လျော်တဲ့ဆေးကို ပြုလုပ်ကြပါတယ်''

မင်းက ''ချစ်သား . . . ကောင်းပြီ''လို့ ပြောပြီး ရောဂါဖြစ်ခြင်းအကြောင်းကို ပြောပြတဲ့အခါ လုလင်တစ်ယောက်က လာပြီး မြို့ (၃)မြို့မှာ မင်းအဖြစ်ကို ယူကာ အကျွန်ုပ် ပေးပါမယ်လို့ အစချီကာ အားလုံးကို ပြောပြပါတယ်။ ''ချစ်သား . . . အဲဒီလို တဏှာကို မှီပြီး ငါ့မှာ ရောဂါဖြစ်ပေါ်နေပါတယ်၊ သင် ကုဖို့ စွမ်းနိုင်ရင် ကုပါ''လို့

http://www.dhammadownload.com

''မင်းကြီး . . . ဝမ်းနည်းပူဆွေးလို့ အဲဒီမြို့တွေကို ရနိုင်ပါ သလား''

''ချစ်သား . . . မရနိုင်ပါ''

''မင်းကြီး ... ဒီလိုဆိုရင် ဘာလို့ဝမ်းနည်းပူဆွေးနေပါသလဲ၊ သက်ရှိသက်မဲ့ အရာအားလုံးကိုပဲ မိမိရဲ့ ကိုယ်ခန္ဓာကစပြီး စွန့်ကာ သွားရပါမယ်၊ မြို့ (၄)မြို့မှာ မင်းအဖြစ်ကို ယူပြီးလည်း အရှင်မင်းကြီး ဟာ တစ်ပြိုင်နက်တည်းနဲ့ ထမင်းခွက် (၄)ခွက် စားနိုင်မယ်မဟုတ်ပါ၊ တဏှာအလိုလိုက်သူဆိုတာ မဖြစ်သင့်ပါ၊ အကြောင်းကတော့ ဒီ တဏှာဆိုတာ တိုးပွားလာရင် အပါယ်လေးပါးမှ လွတ်ခွင့်မပေးလို့ပါပဲ။

အဲဒီလို မင်းကို ဘုရားလောင်းက ဆုံးမပြီး တရားဟောလို လို့ အောက်ပါ စကားတွေကို မိန့်ကြားပါတယ်။

''လိုချင်နှစ်သက်ဖွယ်အာရုံ ကာမဂုဏ်ဝတ္ထုကို လိုချင်နှစ်သက် နေတဲ့ ယောဂျ်ား၊ မိန်းမမှာ အဲဒီလိုချင်နှစ်သက်ဖွယ်အာရုံ ကာမဂုဏ် ဝတ္ထုဟာ ပြည့်စုံလာရင် အဲဒီယောဂျ်ား မိန်းမဟာ အဲဒီကာမဂုဏ် အာရုံကို ရလို့ တကယ်ပဲ ဝမ်းသာဝမ်းမြောက်စိတ် ဖြစ်နေပါတော့ တယ်။ လိုချင်နှစ်သက်ဖွယ်အာရုံကို သာယာတပ်မက်တဲ့ တဏှာဟာ တိုးတိုးပြီးသာ လာနေပါတယ်၊ ဥပမာ–နွေရာသီကာလမှာ လေ၊ နေပူ ကြောင့် ပင်ပန်းနွမ်းနယ်နေသူမှာ သောက်ရေသောက်လိုတဲ့ တဏှာ တိုးတိုးလာနေသလိုပါပဲ''

''ကြီးထွားလာနေတဲ့ နွားငယ်လေးမှာ ခန္ဓာကိုယ်နဲ့အတူပဲ ဦးချိုဟာ ကြီးထွားလာသလိုပါပဲ။ အသိပညာမဲ့တဲ့ လူမိုက်ကန်းမှာ လည်း မရသေးတာကို ရလိုတဲ့ တဏှာရော၊ ရနိုင်တာကို ဆာလောင်

http://www.dhammadownload.com

တဲ့ တဏှာပါ ထပ်ကာထပ်ကာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတိုးလာပါတယ်''

''နိုင်ငံ (၃)နိုင်ငံတို့ကို ထားလိုက်ပါဦးတော့။ အဲဒီလူလင်ဟာ သက်ရှိ၊ သက်မဲ့ (သလေးစပါး၊ မုယောစပါး စတဲ့ သက်မဲ့ရတနာ၊ နွား၊ မြင်း၊ ကျွန် စတဲ့ သက်ရှိရတနာ) ရတနာတွေနဲ့ ပြည့်နေတဲ့ တစ်မြေပြင်လုံးကို တစ်စုံတစ်ယောက်အား ပေးတောင်မှ အဲဒီအပေး ခံရသူမှာ မပြည့်စုံ မလုံလောက်သေးပါ။ တဏှာဟာ အဲဒီလိုပဲ ပြည့်ခဲလှပါတယ်။ အဲဒီလို သိတဲ့ ယောဂျီများ မိန်းမဟာ တဏှာအလို မလိုက်ဘဲ ကောင်းတဲ့ ကိုယ်ကျင့်၊ နှုတ်ကျင့်၊ စိတ်ကျင့်တွေကို ပြည့်စေလျက် ကျင့်ရပါတယ်''

''မင်းဟာ သမုဒ္ဒရာအဆုံးရှိတဲ့ မြေကို သိမ်းပိုက်အောင်နိုင်ပြီး မြေမှာနေလျက် သမုဒ္ဒရာရဲ့ ဒီဘက်ပိုင်းကို ရရှိပြီး အဲဒါနဲ့ မတင်းတိမ်နိုင်လို့ တစ်ဖန် သမုဒ္ဒရာရဲ့ ဟိုဘက်ကမ်းကို တောင့်တတယ်၊ တဏှာအလိုလိုက်သူတွေဆိုတာ အဲဒီလိုပဲ အလိုပြည့်နိုင်ဖို့ ခဲယဉ်းကြတယ်''

''မင်းကြီး ... သတ္တဝါဟာ အဆုံးမရှိတဲ့ လိုချင်ဖွယ်တွေကို လည်း စိတ်နဲ့ အဖန်ဖန်အောက်မေ့လျက် တင်းတိမ်မှုကို မရ၊ ရပဲ ရချင်နေတယ်၊ အဲဒီလိုပဲ သတ္တဝါတွေရဲ့တဏှာဟာ လိုချင်ဖွယ်အာရုံတွေမှာ တိုးပဲတိုးနေပါတယ်။ အဲဒီ လိုချင်ဖွယ်အာရုံနဲ့ လိုချင်မှုမှ စိတ်အားဖြင့် ဆုတ်နစ်ကာ ကိုယ်အားဖြင့် ခွဲခွာပြီး ဉာဏ်နဲ့အပြစ်ကို မြင်လျက် ပညာနဲ့ပြည့်စုံသူတွေဟာ တင်းတိမ်နိုင်သူတွေ မည်ကြပါတယ်။ ပညာနဲ့ပြည့်စုံသူတွေထဲမှာ ဒီပုဂ္ဂိုလ်ဟာ ပြည့်ပြည့်ဝဝ

http://www.dhammadownload.com

မြင့်မြတ်သူတွေပါပဲ။ ပညာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို ကာမတွေက မပူလောင်စေနိုင်ကြပါ။ အဲဒီပညာရှိကို တဏှာက တဏှာအလိုသို့လိုက်အောင် လုပ်မရပါ။ အဲဒီပညာရှိကသာ တဏှာရဲ့အပြစ်ကို မြင်ပြီး တဏှာအလိုသို့ မလိုက်ပါ''

''ကာမတဏှာတွေကို ဖျက်ဆီးကို ဖျက်ဆီးပစ်ရပါတယ်၊ သမုဒ္ဒရာအတိုင်းအတာလောက် ကြီးကျယ်တဲ့ ပညာရှိသူဟာ ကိလေသာ ကာမတွေကြောင့် မပူလောင်ရပါ၊ ဥပမာ–ကြီးကျယ်တဲ့ မီးတောင်မှ သမုဒ္ဒရာ မပူလောင်စေနိုင်သလိုပါပဲ''

''သားရေလုပ်သမားဟာ ဖိနပ်ကို ဖြတ်တောက်ပစ်တဲ့အခါ သားရေထဲက မလိုအပ်တဲ့ နေရာမှန်သမျှ ဖြတ်တောက်ပြီး ဖိနပ်လုပ်ကာ ဖိနပ်ဖိုး ရပြီး ချမ်းသာသွားသလို ပညာရှိဟာ သားရေလုပ်သမားရဲ့ ဓားနဲ့တူတဲ့ ပညာနဲ့ ဖြတ်တောက်တဲ့အခါ ကာမဂုဏ်အာရုံတွေထဲက စွန့်လွှတ်နိုင်သမျှ စွန့်လွှတ်ပြီး ပြုလုပ်တဲ့ ကိုယ်၊ နှုတ်၊ စိတ် အမူအားလုံးဟာ ချမ်းသာကို ပြီးစေပါတယ်၊ ချမ်းသာအားလုံးကို အလိုရှိရင် ကာမအားလုံးကို စွန့်လွှတ်ရပါတယ်''

ဘုရားလောင်းဟာ အထက်ပါ တရားစကားတွေကို ပြောရင်း မင်းရဲ့ထီးဖြူကို အာရုံပြုကာ အဖြူရောင်ကသိုဏ်းစျာန်ကို ရပါတယ်။ မင်းကလည်း ရောဂါကင်းပျောက်သွားပါတယ်။ မင်းဟာ ဝမ်းသာပြီး အိပ်ရာမှ ထကာ ''ဒီလောက်ရှိတဲ့ ဆေးဆရာတွေက ငါ့ကို ဆေးကုဖို့ မစွမ်းနိုင်ခဲ့ကြ။ ပညာရှိလုလင်ကတော့ သူ့ရဲ့ ဉာဏ်ဆေးနဲ့ ငါ့ကို ရောဂါကင်းပျောက်အောင် ပြုလုပ်ခဲ့တယ်''လို့ သူနဲ့အတူ စကားပြောလိုလို့ အောက်ပါစကားကို ပြောပါတယ်။

http://www.dhammadownload.com

''လုလင် ... သင်က ကာမဂုဏ်ရဲ့အပြစ်နဲ့ ဆက်စပ်တဲ့ ဂါထာစကား (၈)ခုကို ပြောသွားပါတယ်၊ (၈)ပုဒ်လုံး တစ်ထောင်စီ တန်ကြပါတယ်။ ပညာရှိလုလင် (၈)ထောင်ကို ယူပါ၊ သင့်ရဲ့ အဲဒီ စကားဟာ ကောင်းပါပေတယ်''

အဲဒီစကားကို ကြားရပြီး ဘုရားလောင်းက ဒီလို ပြောပါတယ်၊

''အကျွန်ုပ်ဟာ အသပြာတစ်ထောင်၊ တစ်ရာ၊ တစ်သောင်း တွေကို အလိုမရှိပါ၊ နောက်ဆုံးဂါထာစကားကို ပြောနေတုန်းမှာပဲ အကျွန်ုပ်ရဲ့ စိတ်ဟာ လိုချင်စရာအာရုံတွေမှာရော လိုချင်မှုမှာပါ မမွေ့လျော်ပါ။ မှန်ပါတယ် ... မင်းကြီး၊ အကျွန်ုပ်ဟာ အဲဒီနောက်ဆုံး ဂါထာစကားကို ပြောဆိုတုန်း မိမိရဲ့ တရားဒေသနာကြောင့်ပဲ စျာန်ကို ဖြစ်စေခဲ့ပါတယ်''

မင်းက အတိုင်းထက်အလွန် နှစ်သက်သဘောကျပြီး ဘုရား လောင်းကို ချီးမွမ်းကာ အောက်ပါစကားကို ပြောပါတယ်။

''ဒီလုလင်ဟာ ကောင်းပါပေတယ်၊ တော်ပါပေတယ်၊ လောက အကြောင်းအရာအားလုံးကို သိတဲ့ ပညာရှိပါပဲ၊ ဒုက္ခကို ဖြစ်စေတဲ့ ဒီတဏှာကို နုတ်ယူကာ ဖယ်ရှားပေးနိုင်ပါပေတယ်''

ဘုရားလောင်းကလည်း ''မင်းကြီး ... မမွေ့မလျော့ဘဲ တရားကို ကျင့်ပါ''လို့ မင်းကို ဆုံးမပြီး ကောင်းကင်ခရီးနဲ့ ဟိမဝန္တာ တောင်ကို သွားပါတယ်၊ ရသေ့ဝတ်ပြီး အသက်ထက်ဆုံး တည်ရှိကာ ဗြဟ္မစိုရ်တရားတွေကို ပွားများပါတယ်၊ စျာန်ရပြီး ဗြဟ္မာပြည်ကို ရောက်ပါတယ်။ (ဇာတ်၊ ၄၊ စ၊ ၁၇၀)

http://www.dhammadownload.com

အသိပညာနဲ့ မဟန့်တားနိုင်ရင် တဏှာဆိုတာ ဘယ်သော အခါမှ နောက်ဆုတ်မယ် မဟုတ်ပါ။ ရှေ့သို့သာ တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့နေပါတော့တယ်။ တဏှာတိုးပွားလေလေ ပူလောင်ရလေလေ ပါပဲ။ ဒုက္ခပင်လယ် ဝေရလေလေပါပဲ။ ဒုက္ခကို တကယ်ကြောက်ရင် တဏှာကိုလည်း ကြောက်ရပါမယ်။ အသိပညာအား များလာလေလေ တဏှာက လျော့လျော့လာလေလေပဲ ဖြစ်ပါမယ်။

အတိတ်ဇာတ်လမ်းကို ပြောပြပြီးတဲ့အခါ ပစ္စုပ္ပန်ဇာတ်လမ်းကို ပြောပြပါဦးမယ်။ ဘုရားလက်ထက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ဆိုတော့ အခုအချိန်က ကြည့်ရင် အတိတ်ဇာတ်လမ်းပါပဲ။ ဘုရားလက်ထက်က အချိန်နဲ့ကြည့်ရင်တော့ ပစ္စုပ္ပန်ပဲပေါ့။ ဘုရားရှင်က ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးခိုက် ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုပြီး အထက်ပါ တရားစကားတွေကို ဟောကြားခဲ့ပါတယ်။

သာဝတ္ထိမြို့မှာနေတဲ့ ပုဏ္ဏားတစ်ယောက်ဟာ အစိရဝတီမြို့ကမ်းရှိ လယ်ကိုလုပ်တဲ့ တောကို ခုတ်ထွင် ရှင်းပါတယ်။ ဘုရားရှင်က အဲဒီပုဏ္ဏားရဲ့ ရှေးပါရမီအကြောင်း အားကောင်းတာကို မြင်ပြီး သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်တဲ့အခါ လမ်းမှ ဖဲခွာပြီး အဲဒီပုဏ္ဏားနဲ့ နှုတ်ဆက် စကားပြောကာ ဒီလိုပြောပါတယ်။

''ပုဏ္ဏား သင် ဘာလုပ်နေပါသလဲ''

''အရှင်ဂေါတမ . . . လယ်နေရာကို ခုတ်ထွင်ရှင်းလင်းနေပါတယ်''

http://www.dhammadownload.com

ဘုရားရှင်က အဲဒီလို ပြောပြီး ကြွသွားပါတယ်။ အဲဒီနည်းနဲ့ပဲ ပုဏ္ဏားက ဖြတ်ထားတဲ့သစ်ပင်တွေကို ဖယ်ရှားပါတယ်။ လယ်ကို သုတ်သင်ရာအခါ၊ ထွန်ရာအခါ၊ ကန်သင်းဖွဲ့ရာအခါ၊ စိုက်ပျိုးရာအခါ တွေမှာ အထပ်ထပ် ကြွသွားပြီး ဘုရားရှင်က အဲဒီပုဏ္ဏားနဲ့ နှုတ်ဆက်စကား ပြောပါတယ်။ စိုက်ပျိုးရာနေ့မှာတော့ အဲဒီပုဏ္ဏားက ဒီလို ပြောပါတယ်။

''အရှင်ဂေါတမ ... ဒီနေ့ဟာ အကျွန်ုပ်ရဲ့ လယ်စိုက်ပျိုးရာ မင်္ဂလာနေ့ ဖြစ်ပါတယ်၊ အကျွန်ုပ်ဟာ ဒီကောက်စပါး ပြီးသွားရင် ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူပါမယ်''

ဘုရားရှင်က ဆိတ်ဆိတ်နေကာ လက်ခံပြီး ဖဲသွားပါတယ်။ တစ်ဖန် တစ်နေ့မှာ ကောက်ပင်ကိုကြည့်ရင်း ရပ်တည်နေပါတယ်၊ ဘုရားရှင်ကလည်း အဲဒီပုဏ္ဏားရှိရာကို ကြွကာ မေးပါတယ်။

''ပုဏ္ဏား ... ဘာကို လုပ်နေပါသလဲ''

''ရဟန်းဂေါတမ ... စပါးခင်းကို ကြည့်နေပါတယ်''

''ပုဏ္ဏား ... ကောင်းပါတယ်''

ဘုရားရှင်က အဲဒီလို မိန့်ပြီး ဖဲသွားပါတယ်။ အဲဒီအခါ ပုဏ္ဏားက ဒီလိုကြံပါတယ်။ ''ရဟန်းဂေါတမဟာ မပြတ်လာတယ်၊ ဆွမ်း အလိုရှိနေတာ သေချာတယ်၊ သူ့အား ငါဟာ ဆွမ်းလှူမယ်''

အဲဒီလိုကြံပြီး အဲဒီပုဏ္ဏားအိမ်ကို သွားရာနေ့မှာ ဘုရားရှင်လည်း အဲဒီကို ကြွပါတယ်။ အဲဒီအခါ ပုဏ္ဏားနဲ့ အလွန်ပဲ အကျွမ်းဝင်နေပါပြီ။ နောင်အခါ ကောက်မှည့်တဲ့အခါ ''နက်ဖြန်မှာ လယ်ကို ငါ ရိတ်မယ်''လို့ ဆုံးဖြတ်ကာ ပုဏ္ဏား လဲလျောင်းအိပ်ပျော်နေတုန်း

http://www.dhammadownload.com

အစိရဝတီမြို့ရဲ့အထက်မှာ တစ်ညလုံး မိုးသီးပါတဲ့ မိုးရွာပါတယ်။ ကြီးစွာသော မိုးရေအယဉ်ဟာ လာပြီး တစ်ကွမ်းစားလောက်ကို တောင် မချန်ဘဲ ကောက်ပင်အားလုံးကို သမုဒ္ဒရာထဲ ဝင်ရောက်စေပါတယ်၊ ပုဏ္ဏားက မြစ်ရေအယဉ် ကျသွားတဲ့အခါ ပျက်သွားတဲ့ ကောက်စပါးကို ကြည့်ပြီး ပုံမှန်အနေအထားနဲ့ မရပ်တည်နိုင်တော့ပါ။ သောကအကြီးအကျယ် ခံစားရကာ လက်နဲ့ ရင်ဘတ်ကို တီးခတ်ပြီး ငိုကြွေး မြည်တမ်းလျက် လဲလျောင်း နေပါတယ်။

ဘုရားရှင်က နံနက်မိုးသောက်အခါ သောကရဲ့ အနှိပ်အစက် ခံနေရတဲ့ ပုဏ္ဏားကို မြင်ရပါတယ်။ ''ငါဟာ ပုဏ္ဏားရဲ့ အားကိုးရာ ဖြစ်မယ်''လို့ တွေးကာ နောက်နေ့မှာ သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်ပါ တယ်။ ဆွမ်းခံပြန်လာရာ ရဟန်းတွေကို ကျောင်းသို့ စေလွှတ်လိုက် ပါတယ်။ နောက်လိုက်ရဟန်းနဲ့အတူ အဲဒီပုဏ္ဏားရဲ့ အိမ်တံခါးကို ကြွသွားပါတယ်။ ပုဏ္ဏားက ဘုရားရှင် ကြွလာတာကို ကြားရပြီး ''နှုတ်ဆက်စကားပြောဖို့ ငါသူငယ်ချင်း ရဟန်းဂေါတမဟာ လာတာဖြစ်လိမ့်မယ်''လို့တွေးကာ စိတ်သက်သာရာ ရသွားလို့ နေရာကို ခင်းပေးပါတယ်၊ ဘုရားရှင်က ဝင်ပြီး ခင်းထားတဲ့နေရာမှာ ထိုင်ကာ မေးပါတယ်။

''ပုဏ္ဏား ... ဘာလို့ သင်ဟာ စိတ်မကောင်းဖြစ်နေတာလဲ၊ သင့်မှာ မကျန်းမမာရောဂါ ဖြစ်နေသလား''

''ရဟန်းဂေါတမ၊ အစိရဝတီမြစ်ကမ်းမှာ အကျွန်ုပ် သစ်ပင် ဖြတ်တာကစပြီး လုပ်ခဲ့တဲ့အလုပ်ကို အသင် သိပါတယ်၊ အကျွန်ုပ်ဟာ ဒီကောက်မှည့်ရင် အသင်တို့အား အလှူလှူမယ်လို့ တွေးကာ

http://www.dhammadownload.com

လှည့်လည်နေပါတယ်၊ အခု အကျွန်ုပ်ရဲ့ အဲဒီကောက်အားလုံးကို မိုးရေအယဉ်ကြီးက သမုဒ္ဒရာထဲကိုပဲ ပို့လိုက်ပါပြီ၊ ဘာမှ မကျန်ရစ်ပါ၊ လှည်းအစီတစ်ရာတိုက်လောက် စပါးဟာ ပျက်စီးသွားပါပြီ၊ ဒါကြောင့် အကျွန်ုပ်မှာ သောကအကြီးအကျယ် ရောက်နေပါတယ်''

''ပုဏ္ဏား ... သောကရောက်နေလို့ ပျက်သွားတဲ့ ကောက်စပါးက တစ်ဖန် ပြန်လာမှာလား''

''အရှင်ဂေါတမ ... အဲဒါ မဖြစ်နိုင်ပါ''

''ဒီလိုဆိုရင် ဘာကြောင့် သင်က သောကရောက်နေရတာလဲ၊ ဒီသတ္တဝါတွေမှာ ဥစ္စာစပါးဆိုတာ ဖြစ်တဲ့အခါ ဖြစ်တယ်၊ ပျက်တဲ့အခါ ပျက်တယ်၊ မပျက်တဲ့ သခါရတရားဆိုတာ တစ်ခုမှ မရှိပါ၊ သင်ဟာ တွေးပူမနေပါနဲ့''

အဲဒီလို ဘုရားရှင်က ပုဏ္ဏားကို သက်သာရာရစေပြီး သူ့အား သင့်လျော်တဲ့တရားကို ဟောလိုလို့ ကာမသုတ္တန်တရားကို ဟောတော် မူပါတယ်။ သုတ္တန်ရဲ့ အဆုံးမှာ သောကရောက်တဲ့ ပုဏ္ဏားဟာ သော တာပန် ဖြစ်သွားပါတယ်။ ဘုရားရှင်က သူ့ကို သောကမရှိအောင်လုပ်ပြီး နေရာမှထကာ ကျောင်းသို့ ကြွသွားပါတယ်။ ''ဘုရားရှင်က ဒီနာမည်ရှိပုဏ္ဏား သောကငြောင့် အစူးခံနေရတာကို သောကမရှိအောင် ပြုလုပ်ကာ သောတာပန် ဖြစ်သွားစေတယ်''လို့ တစ်မြို့လုံး က သိသွားပါတယ်။ ရဟန်းတွေက တရားသဘင်မှာ ဒီလို ပြောဆို နေကြပါတယ်။

''ငါ့ရှင်တို့ ... ဘုရားရှင်က ပုဏ္ဏားနဲ့အတူ မိတ်ဖွဲ့ပြီး

http://www.dhammadownload.com

အကျွမ်း ဝင်အောင် ပြုလုပ်ကာ သင့်လျော်တဲ့နည်းလမ်းနဲ့ပဲ သောကငြောင့် အစူးခံနေရတဲ့ အဲဒီပုဏ္ဏားအား တရားဟောပြီး သောကကင်းအောင် ပြုလုပ်ကာ သောတာပန်ဖြစ်သွားစေပါတယ်''

ဘုရားရှင်က ကြွလာပြီး ''ရဟန်းတို့ အခု ဘာစကားနဲ့ ထိုင်နေကြပါသလဲ''လို့ မေးလို့ ''ဒီမည်တဲ့စကားနဲ့ ထိုင်နေကြပါတယ်'' လို့ ရဟန်းတွေက လျှောက်ကြပါတယ်။ ဘုရားရှင်က ''ရဟန်းတို့၊ အခုမှသာ မဟုတ်သေး၊ ရှေးအခါကလည်း အဲဒီပုဏ္ဏားကို သောက ကင်းအောင် လုပ်ပေးခဲ့တယ်''လို့ မိန့်ကာ ပထမပြောပြခဲ့တဲ့ အတိတ် ဇာတ်လမ်းကို ဟောပြတော်မူပါတယ်။

(ဇာတ်၊ ၄၊ စ၊ ၁၇၀)

ဖြစ်ချိန်တန်ရင် ဖြစ်ပေါ်လာပြီး ပျက်ချိန်တန်ရင် ပျက်သွား တတ်တဲ့ အရာဝတ္ထုတွေရဲ့ အမှန်သဘာဝကို သိရှိနားလည်ထားရင် ပျက်သွားတဲ့အခါ စိတ်သက်သာရာ ရနိုင်ပါတယ်။ အနာဂတ်ကို ကြို မြင်နိုင်ပြီး ကရဏာကြီးမားလှတဲ့ ဘုရားရှင်ဟာ သူ့အနာဂတ်ကို ကြိုတင်မသိမြင်နိုင်ရှာတဲ့ ပုဏ္ဏားအတွက် တကယ့်ကိုပဲ အားကိုးရာ ဖြစ်ခဲ့ပါတယ်၊ သူ့ကောက်စပါးတွေနဲ့ စိတ်ကူးယဉ်ခဲ့တဲ့ ပုဏ္ဏားခမျာ သူ့စိတ်ကူးတိုင်း ဖြစ်မလာတဲ့အခါ သောကငြောင့်အစူးခံရပေမယ့် သောကငြောင့်ကို ဆွဲနုတ်ထုတ်ရာမှာ ကျွမ်းကျင်လှတဲ့ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့် သောကကင်းကာ နိဗ္ဗာန်အလင်းကိုတောင် ရရှိ ပိုင်ဆိုင်သွားပါသေးတယ်။ အချုံးနဲ့ အဆိုးကို ကြုံရပေမယ့်

http://www.dhammadownload.com

အမြတ် တွေ၊ အကောင်းတွေကို ရရှိသွားတာဟာ ဘုရားရှင်ဆိုတဲ့ မိတ်ဆွေ ကောင်းကို အမှီရလိုက်လို့ပါပဲ။ မိတ်ဆွေကောင်းဆိုတာ ကံအကျိုးပေး မကောင်းသူကိုလည်း အကျိုးပေးကောင်းအောင် ကူညီနိုင်ပါ ပေတယ်၊ မိတ်ဆွေကောင်းဆိုတာ တန်ဖိုးဖြတ်လို့ မရပါ။

သုတ္တန်ပါတအဋ္ဌကထာ ဒုတိယအုပ် အဋ္ဌကဝဂ်မှာ လာတဲ့ ကာမသုတ္တန် ဖြစ်ပေါ်လာပုံ အကြောင်းအရာက ဒီလိုရှိပါတယ်။ ဇာတ် အဋ္ဌကထာမှာ လာတဲ့ အကြောင်းအရာနဲ့ မတူတာလေးတွေ ပါနေ ပါတယ်။ ဒါကြောင့် ရေးသားဖော်ပြလိုက်ပါတယ်။

ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးခိုက် ပုဏ္ဏား တစ်ယောက်က သာဝတ္ထိမြို့ရဲ့ ဇေတဝန်ကျောင်းအကြားက အစိရဝတီ မြစ်ကမ်းဘေးမှာ မုယောစပါးစိုက်မယ်လို့ ရည်ရွယ်ကာ လယ်ကို ထွန်နေပါတယ်။ ဘုရားရှင်က ရဟန်းအပေါင်း ခြံရံပြီး ဆွမ်းခံဝင်တဲ့အခါ အဲဒီ ပုဏ္ဏားကို မြင်ပြီး ဆင်ခြင်တော့ ''ဒီပုဏ္ဏားရဲ့ မုယောစပါးတွေဟာ ပျက်စီးကြလိမ့်မယ်''လို့ မြင်ပါတယ်။ တစ်ဖန် အဲဒီပုဏ္ဏားရဲ့ ရှေးပါရမီနဲ့ ပြည့်စုံတာကို ဆင်ခြင်ကြည့်တဲ့အခါ သောတာပန်ဖြစ်ဖို့ ပါရမီ ပါတာကို မြင်ရပါတယ်။ ''ဘယ်အခါမှာ သောတာပန်ဖြစ်လေမလဲ'' လို့ ဆင်ခြင်တဲ့အခါ ''ကောက်စပါး ပျက်စီးသွားတဲ့အခါ သောကရောက် လို့ တရားဒေသနာကို နာကြားရပြီး သောတာပန်ဖြစ်မယ်''လို့ မြင် ပါတယ်။ အဲဒီကနောက် ဘုရားရှင်က ဒီလိုကြုံပါတယ်။

''ငါက အဲဒီအခါရောက်မှသာ ပုဏ္ဏားကို ချဉ်းကပ်မယ်ဆိုရင်

http://www.dhammadownload.com

ငါ့ဩဝါဒကို နာယူထိုက်တယ်လို့ သူက ထင်မှတ်မယ်မဟုတ်၊ မှန်တယ်၊ ပုဏ္ဏားတွေက အကြိုက်အမျိုးမျိုး ရှိကြတယ်၊ အခု သူ့ကို ဒီအချိန်ကစပြီး သိမ်းသွင်းမယ်၊ အဲဒီလို သိမ်းသွင်းရင် ငါ့အပေါ် စိတ်နှုးညံ့ကာ အဲဒီအခါမှာ ဩဝါဒကို သူနာယူလိမ့်မယ်''

အဲဒီလို ကြံပြီး ပုဏ္ဏားထံ ချဉ်းကပ်ကာ ဒီလို မိန့်ပါတယ်။

''ပုဏ္ဏား ... သင် ဘာလုပ်နေသလဲ''

ပုဏ္ဏားက ...

''ဒီလို အမျိုးမြတ်တဲ့ ရဟန်းဂေါတမက ငါ့ကို နှုတ်ဆက်စကားပြောပေတယ်''လို့တွေးကာ ဒီလောက်လေးနဲ့ပဲ ဘုရားရှင်အပေါ် ကြည်ညိုစိတ်ဖြစ်ကာ ဒီလို လျှောက်ထားပါတယ်။

''ရဟန်းဂေါတမ ... အကျွန်ုပ်ဟာ လယ်ကို ထွန်ပါတယ်၊ မုယောစပါးကို စိုက်ပါမယ်''

အဲဒီအခါ အရှင်သာရိပုတ္တရာက ဒီလိုကြံပါတယ်။

''ဘုရားရှင်က ပုဏ္ဏားနဲ့အတူ နှုတ်ဆက်စကားပြောတယ်၊ အကြောင်းမရှိဘဲ ဘုရားရှင်တွေကလည်း အဲဒီလို မပြုလုပ်ကြ၊ အခု ငါလည်း အဲဒီပုဏ္ဏားကို နှုတ်ဆက်စကားပြောမယ်''

အဲဒီလိုတွေးပြီး ပုဏ္ဏားထံ ချဉ်းကပ်ကာ အဲဒီလိုပဲ နှုတ်ဆက်စကားပြောပါတယ်။ အရှင်မဟာမောဂ္ဂလာန်နဲ့ အခြား (၈၀)သော သာဝကကြီးတွေကလည်း အဲဒီလိုပဲ နှုတ်ဆက်စကား ပြောကြပါတယ်၊ ပုဏ္ဏားဟာ အလွန်အကဲပဲ ဝမ်းသာနေရှာပါတယ်၊ ဘုရားရှင်က ကောက် စပါး ပြည့်စုံနေတုန်းမှာလည်း တစ်နေ့မှာ ဆွမ်းကိစ္စပြုပြီး

http://www.dhammadownload.com

သာဝတ္ထိ မြို့မှ ဇေတဝန်ကျောင်းသို့ သွားတဲ့အခါ လမ်းမှဖဲကာ ပုဏ္ဏားထံ သွားပြီး ဒီလို ပြောပါတယ်။

''ပုဏ္ဏား . . . သင့်ရဲ့ မုယောစပါးခင်းက ကောင်းပါပေတယ်''

''အရှင်ဂေါတမ . . . ဟုတ်တယ်၊ ကောင်းပါတယ်၊ ပြီးစီးသွားရင် အရှင်ဂေါတမကိုလည်း ခွဲဝေလှူဒါန်းပါမယ်''

အဲဒီအခါ အဲဒီပုဏ္ဏားရဲ့ မုယောစပါးတွေက (၄)လလွန်လို့ မှည့်ကုန်ပါပြီ၊ ''ဒီနေ့ သို့မဟုတ် နက်ဖြန်မှာ ရိတ်မယ်''လို့ ပုဏ္ဏား ကြောင့်ကြစိုက်နေတုန်းမှာပဲ မိုးကြီးတက်လာကာ တစ်ညလုံး မိုးရွာပါတယ်၊ အစိရဝတီမြစ်ဟာ ပြည့်လာကာ မုယောစပါးအားလုံးကို မျှောလိုက်ပါတယ်၊ ပုဏ္ဏားက တစ်ညလုံး စိတ်မကောင်းဖြစ်ကာ မိုးလင်းတဲ့အခါ မြစ်ကမ်းကို သွားပါတယ်။ ကောက်စပါးအားလုံး ပျက်စီးနေတာကို မြင်ပြီး ''ငါတော့ ပျက်စီးပါပြီ၊ ငါ ဘယ်လိုလုပ်ပြီး အခုအခါ အသက်မွေးရပါ့မလဲ''လို့တွေးကာ သောကအကြီးအကျယ် ဖြစ်နေရှာပါတယ်၊ ဘုရားရှင်ကလည်း အဲဒီညမှာပဲ နံနက်မိုးသောက် အခါမှာ ဘုရားဉာဏ်မျက်စိနဲ့ လောကကို ကြည့်တဲ့အခါ ''ဒီနေ့ဟာ ပုဏ္ဏားကို တရားဟောရမယ့်အခါပဲ''လို့ သိပြီး ဆွမ်းခံဝတ်နဲ့ သာဝတ္ထိ မြို့သို့ ဝင်ပါတယ်၊ ပုဏ္ဏားရဲ့ အိမ်တံခါးမှာ ရပ်ပါတယ်၊ ပုဏ္ဏားက ဘုရားရှင်ကို မြင်ပြီး ''သောကရောက်နေတဲ့ ငါ့ကို သက်သာရာ ရစေလိုလို့ အရှင်ဂေါတမ ကြွလာတာပဲ''လို့ ကြံကာ နေရာခင်းပေးပါတယ်။ သပိတ်ကို ယူကာ ဘုရားရှင်ကို

http://www.dhammadownload.com

ထိုင်စေပါတယ်၊ ဘုရားရှင်က သိလျက်သာ ပုဏ္ဏားကို မေးပါတယ်။

''ပုဏ္ဏား ... စိတ်ပျက်နေသလား''

''အရှင်ဂေါတမ ... ဟုတ်ပါတယ်၊ အကျွန်ုပ်ရဲ့ မုယောစပါး ခင်းအားလုံးဟာ ရေမျောပါသွားပါပြီ''

''ပုဏ္ဏား ... ပျက်စီးတဲ့အခါ စိတ်မပျက်ထိုက်၊ ပြည့်စုံတဲ့ အခါလည်း စိတ်မပျော်ထိုက်၊ မှန်တယ်၊ ကာမဂုဏ်အာရုံတွေဆိုတာ ပြည့်စုံတဲ့အခါလည်း ရှိတယ်၊ ပျက်စီးတဲ့အခါလည်း ရှိတယ်''

အဲဒီလိုမိန့်ပြီး ဘုရားရှင်က အဲဒီပုဏ္ဏားအား သင့်လျော်တာကိုသိပြီး တရားဒေသနာအစွမ်းနဲ့ အောက်ပါ ကာမသုတ္တန် တရားကို ဟောတော်မူပါတယ်။

လိုချင်နှစ်သက်ဖွယ် အာရုံကာမဂုဏ်ဝတ္ထုကို လိုချင်နှစ်သက် တပ်မက်နေတဲ့ ယောကျ်ား မိန်းမမှာ အဲဒီကာမဂုဏ်ဝတ္ထု ပြည့်စုံလာရင် ကိုယ်လိုချင်တာကို ရလို့ တကယ်ပဲ ဝမ်းမြောက်ရွှင်ပြုံးနေပါတော့တယ်။

လိုချင်နှစ်သက်ကာ စွဲလမ်းမှု မပြတ်မစဲဖြစ်နေတဲ့ ယောကျ်ား မိန်းမမှာ အဲဒီကာမဂုဏ်ဝတ္ထုတွေ ဆုံးရှုံးပျက်စီးသွားရင် အဲဒီယောကျ်ား မိန်းမဟာ မြားမှန်ခံရတဲ့ သမင်ပမာ ညှိုးနွမ်းဖောက်ပြန်လျက် ပူပန်ပျက်စီးရပါတော့တယ်။

မြွေရဲဦးခေါင်းကို ခြေနဲ့ မနင်းမိ၊ မတိုက်မိအောင် ရှောင်ကြဉ်ရသလို၊ လိုချင်နှစ်သက်ဖွယ် အာရုံကာမဂုဏ်ဝတ္ထုတွေကို ရှောင်ကြဉ်ရပါတယ်၊ ကာမဂုဏ်အာရုံဟူသမျှမှာ ပုံနှံ့လျက် တွယ်တာတတ်တဲ့ ဒီတဏှာကို သတိပဋ္ဌာန်နဲ့ ရှုမှတ်ကာ ကျော်လွှားရပါတယ်။

http://www.dhammadownload.com

လယ်၊ ယာ၊ ရွှေ၊ ငွေ၊ နွား၊ မြင်း၊ ကျွန်၊ အခြွေအရံအပေါင်း၊ မိန်းမတွေ၊ ဆွေမျိုး၊ မိတ်ဆွေအပေါင်းအဖော်တွေနဲ့ အခြားနှစ်သက် လိုချင်ဖွယ် အာရုံကာမဂုဏ်တွေကို အစဉ်မပြတ် ငြိတွယ်ကပ်လျက် တပ်မက်စွဲလမ်းနေသူကို အားနည်းတဲ့ ကိလေသာတွေက အားကြီးသလိုပဲ ဆွဲငင်နိုင်ထက် နှိပ်စက်လွှမ်းမိုးကြပါတယ်။ အပြင်ရန်သူ၊ အတွင်းရန်သူတွေက နှိမ်နင်းချေဖျက် နှိပ်စက်ကြပါတယ်။ အဲဒီလို နှိပ်စက်ဖို့ အဲဒီတပ်မက်သူသို့ ဆင်းရဲအပေါင်းက ထက်ကြပ်မကွာ လိုက်ပါနေတယ်။ ဥပမာ–ပေါက်ကွဲနေတဲ့ လှေထဲ ရေဟာ မပြတ်ဝင်ကာ လိုက်ပါနေသလိုပါပဲ။

ဒါကြောင့် ဆင်းရဲကင်းလိုသူဟာ အမြဲတမ်း သတိမပြတ် ရှုမှတ်လျက် ကာမဂုဏ်အာရုံတွေကို ရှောင်ရပါတယ်။ အဲဒီကာမတွေကို ပယ်စွန့်ကာ သံသရာရေစီးကြောင်းကို ကူးမြောက်ရပါတယ်။ ရောင်နေတဲ့ လှေမှ ရေကို သွန်ထုတ်ပြီး ပေါ့ပါးတဲ့လှေနဲ့ တစ်ဖက်ကမ်း အရောက် ကူးမြောက်သူပမာ ကိလေသာရေတွေနဲ့ လေးလံနေတဲ့ ခန္ဓာကိုယ်ဆိုတဲ့ လှေကို ရှုမှတ်မှုနဲ့ ကိလေသာရေတွေကို သွန်ထုတ်ပြီး နိဗ္ဗာန်တစ်ဖက်ကမ်းသို့အရောက် ကူးရပါတယ်။

(သုတ္တနိပါတ၊ ဋ္ဌ၊ ဒု၊ ၂၂၈)

ဒီတရားဒေသနာအဆုံးမှာ ပုဏ္ဏားရော၊ ပုဏ္ဏားမပါ သောတာပန် ဖြစ်သွားကြပါတယ်။

ကိုယ်ပိုင်ဆိုင်တော့မယ့်အရာ၊ ကိုယ်ပိုင်ဆိုင်နေဆဲအရာတွေ

http://www.dhammadownload.com

ပျက်စီးဆုံးရှုံးသွားရင် ယူကျုံးမရ အပူလုံးတွေ ထလာတတ်ကြ ပါတယ်။ အဲဒီအခါ အဲဒီအပူတွေကို ငြိမ်းပေးနိုင်တဲ့ တရားရေအေးကို သောက် သုံးခွင့် မရသေးသမျှ မသောက်သုံးနိုင်သေးသမျှ ပူလောင်နေကြရ စမြဲပါပဲ။ အပူသည်ပုဏ္ဏားဟာ ဘုရား၏ တရားတော်ကြောင့် အေးငြိမ်းချမ်းသာသွားပါတယ်။

ဓမ္မပဒအဋ္ဌကထာ၊ ပိယဝဂ်မှာလည်း အဲဒီပုဏ္ဏားအကြောင်း ကို ရေးသားဖော်ပြထားပါသေးတယ်။ မတူတဲ့ အကြောင်းအရာလေး တွေ ပါနေပါတယ်။ ဒါကြောင့် စုံစုံလင်လင် မှတ်သားရအောင် ရေး သားလိုက်ပါသေးတယ်။

အဲဒီပုဏ္ဏားက အယူမှားရှိတဲ့ပုဂ္ဂိုလ် ဖြစ်ပါတယ်။ တစ်နေ့မှာ မြစ်ကမ်းသို့သွားပြီး လယ်ကို ရှင်းလင်းပါတယ်။ ဘုရားရှင်က အဲဒီ ပုဏ္ဏားမှာ အားကောင်းတဲ့ ပါရမီအကြောင်း ပါတာကို မြင်ပြီး သူ့ထံ သွားပါတယ်။ အဲဒီပုဏ္ဏားက ဘုရားရှင်ကို မြင်ပေမယ့်လည်း ရိုသေမှု မပြုဘဲ ဆိတ်ဆိတ်နေပါတယ်။ အဲဒီအခါ သူ့ကို ဘုရားရှင်က အရင် ခေါ်ပြီး မေးပါတယ်။

''ပုဏ္ဏား ... ဘာလုပ်နေပါသလဲ''

''အရှင်ဂေါတမ ... လယ်ကို ရှင်းလင်းနေပါတယ်''

ဘုရားရှင်က အဲဒီလောက်ပဲ ပြောပြီး ကြွသွားပါတယ်။ နောက် နေ့မှာလည်း လယ်ထွန်ဖို့လာတဲ့ အဲဒီပုဏ္ဏားထံ သွားပြီး မေးမြန်း ပါတယ်။

''ပုဏ္ဏား ... ဘာလုပ်နေပါသလဲ''

''အရှင်ဂေါတမ ... လယ်ထွန်နေပါတယ်''

http://www.dhammadownload.com

အဲဒီစကားကို နားထောင်ပြီး ဖဲသွားတော်မူပါတယ်။ နောက်နေ့စသည်တွေမှာလည်း အဲဒီလိုပဲ သွားကာ မေးပါတယ်။

''အရှင်ဂေါတမ၊ လယ်ကို စိုက်ပါတယ်၊ ရေသွင်းပါတယ်၊ စောင့်ရှောက်ပါတယ်''လို့ ပြောတဲ့စကားကို နားထောင်ကာ ဖဲသွားပြန်ပါတယ်။

တစ်နေ့မှာ ပုဏ္ဏားက ဘုရားရှင်ကို ဒီလိုပြောပါတယ်။

''အရှင်ဂေါတမ ... သင်ဟာ အကျွန်ုပ်ရဲ့ လယ်ရှင်းလင်းတဲ့ နေ့ကစပြီး လာခဲ့ပါတယ်။ အကျွန်ုပ်ရဲ့ ကောက်စပါးမှည့်ရင် အရှင် ဂေါတမအားလည်း ခွဲဝေလှူပါမယ်၊ အရှင်ဂေါတမအား မလှူဘဲ အကျွန်ုပ် မစားပါ၊ ဒီအချိန်ကစပြီး သင်ဟာ အကျွန်ုပ်ရဲ့ သူငယ်ချင်းပါ''

နောင်အခါမှာ အဲဒီပုဏ္ဏားရဲ့ ကောက်စပါးက မှည့်လာပါတယ်၊ 'ငါ့ရဲ့ကောက်စပါးမှည့်ပြီး နက်ဖြန်ခါ ငါ ရိတ်ခိုင်းမယ်'လို့ တွေးကာ အဲဒီကောက်စပါးရိတ်ဖို့ ပြင်ဆင်နေစဉ် ညအခါ မိုးကြိုးရွာချကာ ကောက်စပါးအားလုံးကို သယ်ဆောင်သွားပါတယ်။ လယ်ကို ရှင်းလင်းပြီး ထားတာနဲ့ တူသွားပါတယ်။ ဘုရားရှင်ကတော့ ''ဒီကောက်စပါး ရိတ်သိမ်းရတဲ့အထိ မရောက်'လို့ သိတော်မူပါတယ်။ ပုဏ္ဏားက နံနက်စောစောပဲ 'လယ်ကို ကြည့်မယ်'လို့ ကြံကာ သွားပါတယ်။ အချည်းနှီးဖြစ်နေတဲ့ လယ်ကိုမြင်ပြီး သောက အကြီးအကျယ် ရောက်ကာ ဒီလိုကြံစည်ပါတယ်။

''ရဟန်းဂေါတမဟာ ငါ လယ်ရှင်းလင်းတဲ့အခါကစပြီး လာတယ်၊ ငါကလည်း သူ့ကို 'ဒီကောက်စပါးမှည့်ရင် သင့်အားလည်း

http://www.dhammadownload.com

ခွဲဝေလျှဒါနိုးပါမယ်၊ သင့်အား မလျှဘဲ ကိုယ်တိုင် မစားပါ၊ ဒီအချိန်ကစပြီး သင်ဟာ ငါ့သူငယ်ချင်းပါ'လို့ ပြောခဲ့တယ်။ ငါ့ရဲ့ အဲဒီအလို ဆန္ဒဟာ အထွတ်အထိပ် မရောက်ခဲ့ပါလို့ တွေးကာ အစာ ဖြတ်တောက်ပြီး ခုတင်ပေါ် လဲလျောင်းနေပါတယ်။ အဲဒီအခါ ဘုရားရှင်က သူ့အိမ်တံခါးကို သွားပါတယ်။ အဲဒီပုဏ္ဏားက ဘုရားရှင် ကြွလာတာကို ကြားရပြီး ဒီလိုပြောပါတယ်။

''ငါ့သူငယ်ချင်း အရှင်ဂေါတမကို ပင့်ဆောင်ပြီး ဒီနေရာမှာ ထိုင်ခိုင်းကြပါ''

အခြံအရံလူတွေက အဲဒီပြောတဲ့အတိုင်း ပြုလုပ်ပါတယ်၊ ဘုရားရှင်က ထိုင်ပြီး မေးပါတယ်။

''ပုဏ္ဏားက ဘယ်မှာလဲ''

''တိုက်ခန်းထဲ လဲလျောင်းနေပါတယ်''

''အဲဒီပုဏ္ဏားကို ခေါ်လိုက်ကြပါ''

ဘုရားရှင်က အဲဒီလို အခေါ်ခိုင်းပြီး သင့်တင့်ရာအရပ်မှာ လာထိုင်တဲ့ ပုဏ္ဏားကို မေးပါတယ်။

''ပုဏ္ဏား ... ဘာဖြစ်တာလဲ''

''အရှင်ဂေါတမ ... သင်က အကျွန်ုပ် လယ်ရှင်းလင်းတဲ့နေ့ကစပြီး လာခဲ့ပါတယ်၊ အကျွန်ုပ်ကလည်း ကောက်စပါးမှည့်ရင် သင့်အား ခွဲဝေလျှပါမယ်လို့ ပြောခဲ့ပါတယ်။ အကျွန်ုပ်ရဲ့ အဲဒီအလိုဟာ မပြည့်စုံတော့ပါ။ ဒါကြောင့် အကျွန်ုပ်မှာ သောကဖြစ်နေပါတယ်။ ထမင်းလည်း မစားချင်ပါ''

http://www.dhammadownload.com

''ပုဏ္ဏား . . . သင် သိလား၊ ဘာကို မှီပြီး သင့်မှာ သောက ဖြစ်နေတာလဲ''

''အရှင်ဂေါတမ . . . အကျွန်ုပ် မသိပါ၊ သင်ကတော့ သိပါ သလား''

''ပုဏ္ဏား ... သိတယ်၊ ဖြစ်နေတဲ့ သောကရော၊ ဘေးရန်ပါ တဏှာကို မှီပြီး ဖြစ်နေတယ်''

''တဏှာကြောင့် သောကဖြစ်တယ်၊ ဘေးဖြစ်တယ်၊ တဏှာ မှ လွတ်သူမှာ သောက မရှိပါ၊ ဘေးဟာ ဘယ်မှာ ရှိတော့မှာလဲ''

ဒေသနာအဆုံးမှာ ပုဏ္ဏားဟာ သောတာပန် ဖြစ်သွား ပါတယ်။

(ခမ္မပဒ၊ ၄၊ ၃၊ ၁၀၅)

သောကကို ကြောက်ရင် တဏှာကို ကြောက်ရပါမယ်၊ သောက နဲ့ ဘေးရန်ရဲ့ အရင်းခံက တဏှာဖြစ်လို့ တဏှာအမြစ်ကို ဖြတ်တောက် လိုက်ရင် သောကသစ်ပင်၊ ဘေးရန်သစ်ပင်တွေဟာ အလိုလို ပြိုလဲ သွားတော့တာပါပဲ။

❖ ○ ❖

http://www.dhammadownload.com

မိန်းမအနုပမာနိုင်တဲ့သတို့သား

အနိတ္ထိဂန္ဓသတို့သားဟာ ဗြဟ္မာ့ပြည်မှ စုတေပြီး သာဝတ္ထိမြို့က သူဌေးအိမ်မှာ ဖြစ်ပါတယ်။ မွေးဖွားရာနေ့ကစပြီး မိန်းမတွေရဲ့ အနီးသို့ မကပ်ချင်ပါ။ မိန်းမတစ်ဦးဦးက သူ့ကို ကိုင်ရင် သူက ငိုတယ်။ အဝတ်အခုန် သူ့ကို ကိုင်ယူပြီး နို့တိုက်ကြရပါတယ်။ သူဟာ အရွယ်ရောက်တဲ့အခါ မိဘတွေက သူ့ကို ဒီလိုပြောကြပါတယ်။

''ချစ်သား . . . သင့်ကို အိမ်ထောင်ချပေးကြပါမယ်''

''ကျွန်တော်ဟာ မိန်းမကို အလိုမရှိပါ''

သူက အဲဒီလို ပယ်မြစ်ပါတယ်။ မိဘတွေက အထပ်ထပ် တောင်းဆိုကြပါတယ်။ အဲဒီအခါ ရွှေပန်းထိမ်သည် (၅၀၀)ကို အခေါ်ခိုင်းတယ်။ ရွှေနီနိကွတစ်ထောင်ကို ပေးခိုင်းပါတယ်။ အလွန်အကဲစိတ်ကို ကြည်လင်စေနိုင်တဲ့၊ တစ်ခဲနက် ထုဆစ်ရတဲ့ မိန်းမအရုပ်ကို

http://www.dhammadownload.com

ထုလုပ်စေပါတယ်။ တစ်ဖန် မိဘတွေက သူ့ကို ဒီလိုပြောကြပြန်ပါတယ်။

''ချစ်သား ... သင်ဟာ အိမ်ထောင်မပြုရင် အမျိုးအနွယ်တည်ရှိမယ် မဟုတ်ပါ။ သင့်အတွက် သတို့သမီးကို ဆောင်ပေးကြပါမယ်''

''ဒီလိုဆိုရင် ဒီလိုအမျိုးသမီးကို ဆောင်ပေးကြပါက သင်တို့ရဲ့စကားကို လိုက်နာပါမယ်''

အဲဒီလိုပြောပြီး အဲဒီရွှေရုပ်ကို ပြပါတယ်။ အဲဒီအခါ သူ့ရဲ့ မိဘတွေက အလွန်ထင်ရှားတဲ့ ပုဏ္ဏားတွေကို အခေါ်ခိုင်းပါတယ်။ အောက်ပါစကားကို ပြောပြီး စေလွှတ်လိုက်ကြပါတယ်။

''ငါတို့ရဲ့သားက ဘုန်းကံကြီးပါတယ်၊ စင်စစ် သူနဲ့အတူ ကုသိုလ်ကောင်းမှုပြုခဲ့တဲ့ သတို့သမီးဟာ ရှိလိမ့်မယ်၊ သွားကြပါ။ ဒီရွှေရုပ်ကို ယူပြီး ဒီလိုသတို့သမီးကို သယ်ဆောင်ခဲ့ကြပါ''

အဲဒီပုဏ္ဏားတွေက 'ကောင်းပါပြီ'လို့ ဝန်ခံပြီး ခရီးလှည့်လည်ကြတဲ့အခါ မဒ္ဒတိုင်းက သာဂလမြို့ကို ရောက်သွားကြပါတယ်။ အဲဒီ သာဂလမြို့မှာလည်း (၁၆)နှစ်အရွယ် အလွန်လှပတဲ့ သတို့သမီးလေး တစ်ယောက် ရှိပါတယ်။ သူမကို မိဘတွေက အထပ် (၇)ထပ်ရှိ ပြာသာဒ်ရဲ့ အပေါ်ထပ်မှာ အနေခိုင်းကြပါတယ်။ အဲဒီပုဏ္ဏားတွေက လည်း 'ဒီအရပ်မှာ ဒီလိုသတို့သမီး ရှိရင် ဒီရွှေရုပ်ကို မြင်ပြီး ဒီကလေးမ က ဤမည်တဲ့အမျိုးရဲ့ သမီးလိုပဲ အလွန်အကဲ လှပတယ်လို့ ပြောကြ လိမ့်မယ်'လို့ တွေးကာ အဲဒီရွှေရုပ်ကို ရေဆိပ်လမ်းမှာ ထားပြီး သင့်တင့် ရာအရပ်မှာ

http://www.dhammadownload.com

ထိုင်နေကြပါတယ်။ အဲဒီအခါ အဲဒီသတို့သမီးရဲ့ အထိန်းမ က အဲဒီသတို့သမီးကို ရေချိုးပေးပြီး ကိုယ်တိုင်လည်း ရေချိုးလိုလို့ ရေဆိပ်ကို လာပါတယ်။ အဲဒီရွှေရုပ်ကို မြင်ပြီး 'ငါ့ရဲ့ သမီးပဲ'လို့ ထင်မှတ်ကာ 'နင်ဟာ ဆုံးမရခက်တဲ့ ကလေးမပဲ၊ ငါက အခုပဲ ရေချိုးပေးပြီး ယွက်လာခဲ့တယ်၊ သင်က ငါ့အရင် ဒီနေရာကို လာနေတယ်' လို့ပြောကာ လက်နဲ့ ရိုက်ပုတ်လိုက်ပါတယ်။ မာကျော မှန်းရော၊ ဖောက်ပြန်မသွားတာကိုပါ သိပြီး ''ငါ့သမီးပဲလို့ ထင်မှတ်ခဲ့တာ၊ ဒါက ဘာလဲ''လို့ ပြောပါတယ်။

အဲဒီအခါ အဲဒီအထိန်းမကို အဲဒီပုဏ္ဏားတွေက မေးကြပါတယ်၊

''မိခင် . . . သင့်ရဲ့သမီးက ဒီလိုပဲလား''

''ဒီရွှေရုပ်က ငါ့သမီးအထံမှာ ဘာတန်မှာလဲ''

''ဒီလိုဆိုရင် သင့်ရဲ့သမီးကို ငါ့အား ပြစမ်းပါ''

အဲဒီအထိန်းမက အဲဒီပုဏ္ဏားတွေနဲ့အတူ အိမ်ကို အရှင်သခင်တွေအား ပြောပြပါတယ်။ အဲဒီမိဘတွေက ပုဏ္ဏားတွေနဲ့အတူ ဝမ်းမြောက်ဝမ်းသာစကားပြောပြီး သမီးကို ဆင်းလာစေကာ ရွှေရုပ်အနီးမှာ ထားကြပါတယ်။ ရွှေရုပ်ဟာ အရောင်မရှိ ဖြစ်သွားပါတယ်။ သတို့သမီးက အရောင်တောက်ပနေပါတယ်။ ပုဏ္ဏားတွေက အဲဒီ ရွှေရုပ်ကို အဲဒီမိဘတွေအားပေးပြီး သတို့သမီးကို လက်ခံကာ အနိတ္ထိဂန္ဓသတို့ သားရဲ့ မိဘတွေအား ပြောပြကြပါတယ်။ အဲဒီမိဘတွေက ဝမ်းသာသွားပြီး ''သင်တို့သွားကြပါ၊ အဲဒီကလေးမကို မြန်မြန် ခေါ်ဆောင်ခဲ့ကြပါ''လို့ ပြောကာ ကြီးကျယ်တဲ့ ပူဇော်မှုနဲ့ ပို့ပေးကြပါတယ်။

http://www.dhammadownload.com

သတို့သားကလည်း အဲဒီဖြစ်ပုံကို ကြားရပြီး 'ရွှေရုပ်ထက် တောင် ပိုလှတဲ့ မိန်းကလေး ရှိသတဲ့' လို့ ကြားလိုက်ရုံနဲ့ပဲ ချစ်ခင် သွားတယ်။ ''မြန်မြန် ခေါ်ဆောင်ခဲ့ကြ'' လို့ ပြောတယ်။ အဲဒီသတို့သမီး လေးကို ယာဉ်ပေါ် တင်ပြီး ခေါ်ဆောင်ခဲ့ကြပါတယ်။ အဲဒီသတို့သမီး လေးက အလွန်သိမ်မွေ့လို့ ယာဉ်ဆောင့်တဲ့အတွက် လေနာရောဂါ ဖြစ်ပေါ်လာပါတယ်။ လမ်းခရီးအကြာမှာပဲ သေသွားပါတယ်။ သတို့ သားကလည်း ''လာပြီလား'' လို့ မပြတ် မေးပါတယ်။ အလွန်ချစ်လို့ မေးနေတဲ့ အဲဒီသတို့သားအား အဆောတလျင်သာ မပြောသေးဘဲ ရက်အနည်းငယ် ရွှေ့ဆိုင်းပြီး အဲဒီအကြောင်းကို ပြောပြကြပါတယ်။

အဲဒီသတို့သားမှာ 'ဒီလိုမိန်းမနဲ့ အတူပေါင်းသင်းခွင့် မရလေစွ' လို့ တွေးကာ စိတ်မချမ်းမသာဖြစ်ပြီး တောင်နဲ့ အဖိုခံရသူပမာ သောကဆင်းရဲရဲ့ အဖိုခံရပါတယ်။ ဘုရားရှင်က အဲဒီသတို့သားရဲ့ ရှေးပါရမီ အားကောင်းတာကို မြင်ပြီး ဆွမ်းခံလှည့်လည်တဲ့အခါ အဲဒီ အိမ်တံခါးသို့ ကြွသွားပါတယ်။ အဲဒီအခါ သူ့မိဘတွေက ဘုရားရှင်ကို အိမ်ထဲ သွင်းပြီး ရိုရိုသေသေ ပြုစုလုပ်ကျွေးကြပါတယ်။ ဘုရားရှင်က ဆွမ်းကိစ္စအဆုံးမှာ မေးပါတယ်။

''အနိတ္ထိဂန္ဓသတို့သားက ဘယ်မှာလဲ''

''မြတ်စွာဘုရား၊ သူက အစာဖြတ်ပြီး တိုက်ခန်းထဲ ထိုင်နေပါတယ်''

''သူ့ကို ခေါ်လိုက်ကြပါ''

အဲဒီသတို့သားလာပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာ အရပ်မှာ ထိုင်ပါတယ်။

http://www.dhammadownload.com

''သတို့သား ... သောကအကြီးအကျယ် ဖြစ်နေသလား''

''မှန်ပါဘုရား၊ ဒီလိုကလေးမဟာ လမ်းမှာ သေသွားတယ်'' လို့ ကြားရပြီး သောကအကြီးအကျယ် ဖြစ်နေပါတယ်၊ ထမင်းလည်း မဆာပါ''

''သတို့သား ... ဘာကို မှီပြီး သောကဖြစ်တယ်ဆိုတာ သင်သိလား''

''မသိပါဘုရား''

''ကာမကို (သာယာဖွယ်နဲ့ သာယာမှုကို) အမှီပြုပြီး သောကအကြီးအကျယ် ဖြစ်ရတယ်၊ သောကရော၊ ဘေးရန်ပါ ကာမကို မှီပြီး ဖြစ်ပါတယ်''

''ကာမကြောင့် သောကဖြစ်ရတယ်၊ ဘေးဖြစ်ရတယ်၊ ကာမမှ လွတ်မြောက်သူမှာ သောက မရှိ၊ ဘေးဆိုတာ ဘယ်မှာရှိတော့မလဲ''

ဒေသနာအဆုံးမှာ အနိတ္ထိဂန္ဓသတို့သားဟာ သောတာပန် ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၈၃)

မိန်းမတွေရဲ့ အထိအတွေ့ကို မခံချင်၊ မိန်းမအနံ့ မခံချင်ပါဘူးဆိုတဲ့ သတို့သားတောင် အလွန်လှပတဲ့ ရွှေရုပ်ထပ် ပိုလှတယ်ဆိုတဲ့ မိန်းကလေးကို မမြင်ရသေးဘဲ အသံကြားရုံနဲ့တောင် သာယာတပ်မက်ချစ်ခင်သွားပါတယ်။ ဆွဲအားက ကြီးမားလှချေလား။ မနဲ့ ဖိုတွေရဲ့ ဆန့်ကျင်ဘက်ဆွဲအားမို့ အလွန်အကဲ ပြင်းထန်လှပါပေတယ်။

http://www.dhammadownload.com

ကိသာဂေါတမီ

သူမရဲ့နာမည်က ဂေါတမီ ဖြစ်ပါတယ်။ အနည်းငယ် ပိန်လို့ သူမကို ကိသာဂေါတမီလို့ ခေါ်ပါတယ်။ သူမကလည်း ပဒုမုတ္တရဘုရား လက်ထက်မှာ ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာ ဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ တရားကို နာပါတော်။ ဘိက္ခုနီတစ်ပါးကို ခေါင်းပါးတဲ့ သင်္ကန်းဆောင်ဘိက္ခုနီတွေထဲမှာ အသာဆုံးအရာမှာ ဘုရားရှင် ထား တော်မူတာကို သူမက မြင်တွေ့သွားပါတယ်။ ကောင်းမှုပြုပြီး အဲဒီ ရာထူးကို တောင်းပါတယ်။ သူမဟာ ကမ္ဘာတစ်သိန်းကာလပတ်လုံး နတ်လူဘဝတွေမှာ ကျင်လည်ခဲ့ရပါတယ်။ ဒီဂေါတမဘုရား ပွင့်တော် မူခဲ့အခါ သာဝတ္ထိမြို့က ဆင်းရဲတဲ့အမျိုးမှာ ဖြစ်တယ်။ အရွယ်ရောက် တဲ့အခါ လင့်အိမ် လိုက်သွားတယ်။ အဲဒီအိမ်မှာ သူမကို 'ဆင်းရဲတဲ့ အမျိုးရဲ့ သမီးပဲ' လို့ နှိမ်ကြပါတယ်။ သူမဟာ နောင်အခါမှာ သားလေး

http://www.dhammadownload.com

ဖွားမြင်တယ်။ အဲဒီအခါ သူမအား မြတ်နိုးမှုကို ပြုကြပါတယ်။ သူမရဲ့ အဲဒီကလေးဟာ ပြေးလွှားကစားတဲ့အရွယ်မှာ သေသွားတယ်။ သူမမှာ သောကဖြစ်တယ်။ သူမက ''ငါဟာ ဒီအိမ်မှာပဲ လာဘ်ရမှု၊ အလေး ပြုမှု ပျက်စီးဆုံးရှုံးခဲ့ရတယ်။ သားလေး မွေးဖွားချိန်ကစပြီး အလေး အမြတ်ပြုခံခဲ့ရတယ်။ ဒီလူတွေက ငါ့ရဲ့သားကို အပြင်သို့ စွန့်ပစ်ဖို့ တောင် ကြိုးစားနေကြတယ်''လို့ တွေးကာ သားကို ရင်ခွင်နဲ့ ပွေ့ချီသွားတယ်။ ''ငါ့ရဲ့သားအား ဆေးပေးကြပါ''လို့ ပြောကာ အိမ်တံခါး အစဉ်အတိုင်း လှည့်လည်တယ်။

မြင်မြင်သမျှနေရာက လူတွေဟာ ''သင်ဟာ သေသွားသူ အတွက် ဆေးကို ဘယ်နေရာမှာ တွေ့ဖူးလို့လဲ''လို့ပြောကာ လက်ခုပ် တီးပြီး ပြက်ရယ်မှုပြုကြပါတယ်။ သူမက အဲဒီလူတွေရဲ့စကားမှာ နားမလည်ပါ။ အဲဒီအခါ သူမကို ပညာရှိအမျိုးသားတစ်ယောက်က မြင်ပြီး ''ဒီအမျိုးသမီးဟာ သားသောကကြောင့် ရူးသွားတာဖြစ်လိမ့်မယ်၊ သူမအတွက် ဆေးကို အခြားသူဟာ သိမှာမဟုတ်။ ဘုရားရှင်သာ သိလိမ့်မယ်''လို့တွေးကာ ဒီလိုပြောပါတယ်။

''သမီး... သင့်ရဲ့သားအတွက် ဆေးကို အခြားသိသူဆိုတာ မရှိ၊ နတ်နဲ့တကွဖြစ်တဲ့ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ သာဝတ္ထိ မြို့ဦးကျောင်း ဇေတဝန်မှာ သီတင်းသုံးနေပါတယ်။ အဲဒီဘုရားရှင်ထံ သွားပြီး မေးပါ''

သူမဟာ ''ဒီအမျိုးသားက မှန်တာကို ပြောတယ်''လို့ ယူဆပြီး သားကို ယူကာ ဘုရားရှင်ရဲ့နေရာမှာ ဘုရားထိုင်တော်မူချိန် ပရိသတ် အစွန်မှာ ရပ်တည်ပြီး ''မြတ်စွာဘုရား... တပည့်တော်ရဲ့သားအား

http://www.dhammadownload.com

ဆေးပေးတော်မူပါ''လို့ လျှောက်တယ်။ ဘုရားရှင်က သူမရဲ့ ရှေး ပါရမီကံကို ကြည့်ပြီး ''ဂေါတမီ... ဆေးအတွက် ဒီနေရာကို လာတဲ့ သင်ဟာ ကောင်းတာကို လုပ်လိုက်တာပဲ၊ သွားပါ၊ မြို့ထဲ ဝင်ပြီး မြို့အစွန်မှစကာ တစ်မြို့လုံးကို လှည့်လည်ပြီး လူတစ်ယောက်မှ မသေ ဖူးရောအိမ်မှ မုန်ညင်းစေ့ကို ယူခဲ့ပါ''လို့ မိန့်တော်မူလိုက်ပါတယ်။ သူမက ''ကောင်းပါပြီ.. မြတ်စွာဘုရား''လို့ လျှောက်ကာ ဝမ်းမြောက် စိတ်နဲ့ မြို့တွင်းကို ဝင်တယ်၊ ပထမဆုံးအိမ်မှာပဲ ''ဘုရားရှင်က ကျွန်မရဲ့ သားရဲ့ ဆေးအတွက် မုန်ညင်းစေ့ကို သယ်ဆောင်ခိုင်းလိုက်ပါတယ်၊ ကျွန်မအား မုန်ညင်းစေ့ကို ပေးကြပါ''လို့ ပြောတယ်။ ''ရှော့ ဂေါတမီ'' လို့ ပြောကာ ထုတ်ဆောင်ပြီး ပေးလိုက်ကြပါတယ်။

''ကျွန်မက ဒီလိုမယူနိုင်ပါ၊ ဒီအိမ်မှာ ဆေဖျူးတဲ့လူတစ် ယောက်တလေ ရှိပါသလား''

''ဂေါတမီ... သင်က ဘာကို ပြောလိုက်တာလဲ၊ ဒီအိမ်မှာ သေသွားတဲ့လူတွေကို ဘယ်သူက ရေတွက်နိုင်မှာလဲ''

''ဒီလိုဆိုရင် တော်ပါပြီ၊ ငါဟာ မယူတော့ပါ၊ ဘုရားရှင်က ကျွန်မကို လူမသေဖူးတဲ့အိမ်မှ အဲဒီမုန်ညင်းစေ့ကို သယ်ဆောင်ခိုင်း ပါတယ်''

သူမဟာ အဲဒီနည်းနဲ့ပဲ တတိယအိမ်ကို သွားကာ ဒီလိုကြံစည် ပါတယ်။

''တစ်မြို့လုံးမှာ ဒီနည်းပဲ ဖြစ်ပါလိမ့်မယ်၊ အာကျိုးစီးပွား လို လားပြီး သနားတတ်တဲ့ ဘုရားရှင်က အဲဒီအခြေအနေကို မြင်ပြီး ဖြစ်ပါလိမ့်မယ်''

http://www.dhammadownload.com

အဲဒီလိုတွေးပြီး သံဝေဂရလာတယ်။ အဲဒီတတိယအိမ်မှာပဲ အပြင်ထွက်ကာ လူသေမြှုပ်ရာ သုသာန်ကို သွားတယ်။ သားကို လက်နဲ့ သယ်ဆောင်သွားတယ်။

''သားလေး... ငါဟာ ဒီသေခြင်းကို သင်သားလေးမှာသာ ဖြစ်တယ်လို့ ထင်မှားခဲ့ပါတယ်၊ အဲဒီသေခြင်းဟာ သင်သားလေး အတွက်သာ မဟုတ်ပါ။ အဲဒီသေခြင်းတရားဟာ လူအများနဲ့ ဆက်ဆံ နေပါတယ်''လို့ပြောပြီး သားကို လူသေမြှုပ်ရာ သုသာန်မှာ စွန့်ပစ်ကာ အောက်ပါဂါထာစကားကို ပြောပါတယ်။

''ဒီသေခြင်းတရားဟာ တစ်ရွာတည်းနဲ့သာ ဆိုင်တဲ့တရား လည်း မဟုတ်ပါ။ နိဂုံးတစ်ခုတည်းနဲ့သာဆိုင်တဲ့ တရားလည်း မဟုတ် ပါ။ အမျိုးတစ်မျိုး၊ အိမ်ထောင်စုတစ်စုနဲ့သာ ဆိုင်တဲ့ တရားလည်း မဟုတ်ပါ။ သေခြင်းတရားဟာ နတ်နဲ့တကွဖြစ်တဲ့ တစ်လောကလုံး သတ္တဝါအားလုံးနဲ့ သက်ဆိုင်တဲ့တရားပဲ ဖြစ်ပါတယ်''

အဲဒီလိုပြောပြီး ဘုရားရှင်ထံ သွားပါတယ်။ အဲဒီအခါမှာ သူမကို ဘုရားရှင်က ဒီလိုမေးပါတယ်။

''ဂေါတမီ... သင်ဟာ မုန်ညင်းစေ့ကို ရခဲ့ပြီလား''

''မြတ်စွာဘုရား၊ မုန်ညင်းစေ့နဲ့ ကိစ္စပြီးသွားပါပြီ၊ တပည့် တော်အား ထောက်တည်ရာ ပေးတော်မူပါ''

အဲဒီအခါ သူမအား ဘုရားရှင်က ဓမ္မပဒမှာ အောက်ပါဂါထာ စကားကို မိန့်တော်မူပါတယ်။

''သား၊ သမီး၊ ကျွဲ၊ နွား စတဲ့ တိရစ္ဆာန်တွေမှာ မက်မော ယစ်မူးပြီး မရသေးတာတွေမှာ တောင့်တ၊ ရပြီးတာတွေမှာ တွယ်တာ

http://www.dhammadownload.com

စိတ်ရှိတဲ့ အဲဒီသတ္တဝါကို သေမင်းက ယူကာသွားပါတယ်။ ဥပမာ–အိပ်ပျော်နေတဲ့ ရွာသူရွာသားအပေါင်းကို ရေအယဉ်ကြီးက ယူသွားသလိုပါပဲ''

သူမဟာ အဲဒီဂါထာရဲ့အဆုံးမှာ ရပ်တည်ရင်းပဲ သောတာပတ္တိဖိုလ်မှာ တည်ကာ ရှင်မအဖြစ်ကို တောင်းပါတယ်။ ဘုရားရှင်က ရှင်မအဖြစ်ကို ခွင့်ပြုပါတယ်။ သူမက သုံးကြိမ်တိုင်တိုင် ဘုရားရှင်ကို အရိုအသေပြုပြီး ရှိခိုးကာ ဘိက္ခုနီကျောင်းကို သွားပါတယ်။ ရှင်မ၊ ရဟန်းမအဖြစ်ကို ရပါတယ်။ မကြာခင်ပင် မှန်ကန်စွာ နှလုံးသွင်းမှုမှာ အလုပ်လုပ်ရင်း ဝိပဿနာကို ပွားပါတယ်။ အဲဒီအခါ သူမအား ဘုရားရှင်က အလင်းရောင်လွှတ်ပြီး ဟောတဲ့ အောက်ပါဂါထာစကားကို မိန့်တော်မူပါတယ်။

''နိဗ္ဗာန်ကို မမြင်ဘဲ အသက်တစ်ရာရှည်ရတာထက် နိဗ္ဗာန်ကို မြင်ပြီး တစ်ရက်တာမျှ အသက်ရှည်ရတာက ပိုမိုကောင်းမြတ်ပါတယ်''

သူမဟာ ဂါထာစကားရဲ့အဆုံးမှာ ရဟန္တာဖြစ်ပြီး ပရိက္ခရာအသုံးအဆောင်မှာ အလွန်မြင့်မြတ်သူဖြစ်ကာ ခေါင်းပါးမှု (၃)မျိုးနဲ့ ပြည့်စုံတဲ့ သင်္ကန်းကို ရုံပြီး လှည့်လည်ပါတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်ကျောင်းမှာ ထိုင်ရင်း ဘိက္ခုနီမတွေကို အစဉ်အတိုင်း ရာထူးမှာ ထားတဲ့အခါ ဒီကိသာဂေါတမီထေရီကို ခေါင်းပါးတဲ့ သင်္ကန်းဆောင်ရဟန်းမတွေထဲမှာ အသာဆုံးအရာမှာ ထားတော်မူပါတယ်။

(အံ၊ ဌ၊ ပ၊ ၂၉၀)

http://www.dhammadownload.com

ဒီအဂုံတ္တရအဋ္ဌကထာမှာ လာတဲ့ ကိသာဂေါတမီအကြောင်း အရာနဲ့ ဓမ္မပဒအဋ္ဌကထာမှာ လာတဲ့ ကိသာဂေါတမီအကြောင်းအရာ ဟာ မတူတာတွေ ပါပါတယ်။ မတူတာတွေကိုရော၊ တူတာတွေကိုပါ နှိုင်းယှဉ်သိရအောင် ဓမ္မပဒအဋ္ဌကထာလာ အကြောင်းအရာကိုပါ ထုတ်ဖော်ပြလိုက်ပါတယ်။ စာရှုသူကိုယ်တိုင် တူတာ၊ မတူတာတွေကို သိနိုင်ပါမယ်။ ဓမ္မပဒအဋ္ဌကထာလာ စကားတွေက ပိုမိုပြည့်စုံပါတယ်။ အခုဖော်ပြမယ့် အကြောင်းအရာတွေက ဓမ္မပဒ အဋ္ဌကထာလာ အကြောင်းအရာတွေ ဖြစ်ကြပါတယ်။

သာဝတ္ထိမြို့က သူဌေးတစ်ဦးရဲ့အိမ်မှာ ကုဋေ (၄၀)သော ဥစ္စာဟာ မီးကျီးခဲတွေသာဖြစ်ကာ တည်ရှိသွားပါတယ်။ သူဌေးက အဲဒါကို မြင်ပြီး သောကဖြစ်ကာ အစာအာဟာရကို ပယ်မြစ်ပြီး ခုတင်ပေါ် လဲလျောင်းနေပါတယ်။ သူဌေးရဲ့ သူငယ်ချင်းတစ်ဦးက အိမ်ကို သွားပြီး မေးပါတယ်။

"မိတ်ဆွေ... ဘာကြောင့် ဝမ်းနည်းနေပါသလဲ"

အခြေအနေကို ကြားရပြီး ဒီလိုပြောပါတယ်။

"မိတ်ဆွေ... ဝမ်းမနည်းပါနဲ့၊ ငါဟာ နည်းလမ်းတစ်ခုကို သိပါတယ်၊ အဲဒီနည်းလမ်းကို ပြုလုပ်ပါ"

"မိတ်ဆွေ... ဘာကို လုပ်ရပါမလဲ"

"မိမိရဲ့စျေးမှာ ဖျာကို ခင်းပြီး အဲဒီဖျာပေါ် အဲဒီမီးသွေးတွေကို စုပုံထားပြီး ရောင်းသလိုလုပ်ကာ ထိုင်နေပါ။ လာလာသမျှလူတွေထဲက ကျန်တဲ့လူတွေက အဝတ်၊ ဆီ၊ ပျားရည်၊ တင်လဲ စသည်တွေကို ရောင်းနေကြပါတယ်။ သင်ကတော့ မီးသွေးတွေကို ရောင်းရင်း ထိုင်

http://www.dhammadownload.com

နေတယ်''လို့ ပြောလာတဲ့လူတွေကို ''ကိုယ့်ပစ္စည်းကို မရောင်းရင် ဘာလုပ်ရမှာလဲ''လို့ ပြန်ပြောပါ။ သင့်ကို ''ကျန်တဲ့လူတွေက အဝတ်၊ ဆီ၊ ပျားရည်၊ တင်လဲ စသည်တွေကို ရောင်းနေကြပါတယ်။ သင်ကတော့ ငွေ၊ ရွှေကို ရောင်းရင်း ထိုင်နေတယ်''လို့ ပြောလာသူကို တော့ ''ငွေ၊ ရွှေက ဘယ်မှာလဲ''လို့ ပြန်ပြောလိုက်ပါ။ ''ဒါပဲလေ'' လို့ ပြောလာခဲ့ရင် ''အဲဒီ ငွေ၊ ရွှေကို ဆောင်ယူခဲ့စမ်းပါဦး''လို့ ပြောကာ လက်တွေနဲ့ ခံယူလိုက်ပါ။ အဲဒီလိုပေးရင် သင့်ရဲ့လက်မှာ ငွေ၊ ရွှေ ဖြစ်သွားပါလိမ့်မယ်။ သူမက အမျိုးသမီးဖြစ်ရင် သင့်ရဲ့အိမ်မှာ သား အတွက် အဲဒီအမျိုးသမီးကို ဆောင်ယူပြီး ကုဋေ (၄၀)သောဥစ္စာကို သူမအား အပ်နှင်းကာ သူမက ပေးတာကို သုံးစွဲပါ။ အမျိုးသားဖြစ် ခဲ့ရင် သင့်ရဲ့အိမ်မှာ အရွယ်ရောက်တဲ့သမီးကို အဲဒီအမျိုးသားအား ပေးပြီး ကုဋေ (၄၀)သော ဥစ္စာကို အပ်နှင်းကာ သူက ပေးတာကို သုံးစွဲပါ''

အဲဒီသူဌေးက ''နည်းလမ်းကောင်းပဲ''လို့ သဘောပေါက် လက်ခံပြီး သူ့ရဲ့စျေးမှာ မီးသွေးတွေကို စုပုံကာ ရောင်းသလို ထိုင် နေပါတယ်။ ''ကျန်တဲ့လူတွေက အဝတ်၊ ဆီ၊ ပျားရည်၊ တင်လဲ စသည်တွေကို ရောင်းနေကြပါတယ်။ သင်ကတော့ မီးသွေးတွေကို ရောင်းရင်း ထိုင်နေတယ်''လို့ ပြောလာတဲ့ လူတွေအား ''ငါ့ပစ္စည်းကို မရောင်းရင် ငါက ဘာကို လုပ်ရမှာလဲ''လို့ ပြန်ပြောပါတယ်။ ဂေါတမီ ဆိုတဲ့ မိန်းမပျိုက ခန္ဓာကိုယ်ပိန်လှီလို့ ကိသာဂေါတမီလို့ ထင်ရှား တယ်။ ဆင်းရဲတဲ့အမျိုးရဲ့ သမီးဖြစ်တဲ့ ဂေါတမီဟာ အဲဒီအခါ သူမရဲ့ ကိစ္စနဲ့ စျေးတံခါးကို သွားပါတယ်။ အဲဒီသူဌေးကို မြင်ရပြီး ဒီလိုမေး ပါတယ်။

http://www.dhammadownload.com

''ဖခင်... ကျန်တဲ့လူတွေက အဝတ်၊ ဆီ၊ ပျားရည်၊ တင်လဲစသည်တွေကို ရောင်းနေကြပါတယ်၊ သင်ကတော့ ငွေ၊ ရွှေကို ရောင်းရင်း ထိုင်နေပါလား''

''သမီး... ငွေ၊ ရွှေက ဘယ်မှာလဲ''

''သင်က အဲဒီငွေ၊ ရွှေကိုပဲ ယူပြီး ထိုင်နေတယ်မဟုတ်ပါလား''

''သမီး... အဲဒီ ငွေ၊ ရွှေကို ဆောင်ယူပြပါဦး''

ကိသာဂေါတမီက လက်နဲ့ အပြည့်ယူပြီး အဲဒီသူဌေးရဲ့ လက်ထဲ ထားပါတယ်၊ အဲဒါက ငွေ၊ ရွှေချည်းပဲ ဖြစ်သွားပါတယ်။ အဲဒီအခါ သူမက သူဌေးကို မေးပါတယ်။

''သမီး... သင့်ရဲ့အိမ်က ဘယ်ဟာပါလဲ''

''ဤမည်တဲ့အိမ်ပါ''

အဲဒီလိုပြောတော့ သူမမှာ လင်မရှိသေးတာကို သိသွားကာ ဥစ္စာကို သိမ်းဆည်းပြီး သူမကို သူ့သားထံ ခေါ်ဆောင်သွားကာ ကုဋေ (၄၀)သော ဥစ္စာကို လက်ခံခိုင်းပါတယ်။ အားလုံးဟာ ငွေ၊ ရွှေချည်းပဲ ဖြစ်သွားပါတယ်။ နောင်အခါ သူ့မှာ ကိုယ်ဝန်တည်လာတယ်။ သူမဟာ ဆယ်လလွန်တဲ့အခါ သားကို မွေးဖွားပါတယ်။ အဲဒီသားလေးက ခြေလျင်သွားတဲ့အခါ သေသွားပါတယ်။ သူမက အရင်က သေတာကို မမြင်ဖူးလို့ အဲဒီသားလေးကို မီးရှို့ဖို့ သယ်ဆောင်သွားသူတွေကို တားမြစ်ပါတယ်။ ''ကျွန်မရဲ့သားအတွက် ဆေးကို မေးမယ်'' လို့ပြောကာ သားရဲ့အလောင်းကို ရင်ခွင်နဲ့ ယူပြီး ''ကျွန်မရဲ့သားအတွက် ဆေးကို သိကြပါသလား''လို့ မေးရင်း အိမ်အစဉ်အတိုင်း

http://www.dhammadownload.com

လှည့်လည်ပါတယ်။ အဲဒီအခါ သူမကို လူတွေက ''သမီး... သင်ဟာ ရူးနေသလား၊ သေသွားတဲ့သားအတွက် ဆေးကို မေးရင်း သင်ဟာ လှည့်လည်နေတယ်''လို့ ပြောကြပါတယ်။ သူမက ''တကယ်ပဲ ငှဲ့ရဲ့ သားအတွက် ဆေးကို သိမယ့်သူကို ရလိမ့်မယ်''လို့ ထင်မှတ်ကာ လှည့်လည်နေတယ်။ အဲဒီအခါ သူမကို ပညာရှိယောကျ်ားတစ်ယောက် က မြင်ပြီး ''ငှဲ့ရဲ့ ဒီသမီးဟာ ပထမဆုံးသားလေးကို မွေးဖွားထားတာ ဖြစ်မယ်၊ လူသေတာကို အရင်က မြင်ဖူးပုံမရ၊ ငါဟာ ဒီသမီးရဲ့ အားကိုးရာ ဖြစ်သင့်တယ်''လို့ ကြံကာ ဒီလိုပြောပါတယ်။

''သမီး... ငါဟာ ဆေးကို မသိပါ၊ ဆေးသိတဲ့ ပုဂ္ဂိုလ်ကို တော့ သိပါတယ်''

''ဖခင်... ဘယ်သူက သိပါသလဲ''

''သမီး... ဘုရားရှင်က သိပါတယ်၊ သွားပါ၊ အဲဒီဘုရားရှင်ကို မေးပါ''

''ဖခင်... သွားပါမယ်၊ ဖခင် မေးပါမယ်''

သူမက အဲဒီလိုပြောပြီး ဘုရားရှင်ထံ ချဉ်းကပ်ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ရပ်ရင်း မေးလျှောက်ပါတယ်။

''မြတ်စွာဘုရား... မြတ်စွာဘုရားက တပည့်တော်ရဲ့သား အတွက် ဆေးကို သိပါသလား''

''အေး... သိတယ်''

''ဘာကို ရဖို့ သင့်ပါသလဲ''

''လက်ခုပ်နဲ့ ယူလောက်တဲ့ မုန့်ညင်းစေ့တွေကို ရဖို့ သင့်တယ်''

''မြတ်စွာဘုရား... တပည့်တော် ရပါမယ်''

http://www.dhammadownload.com

"ဘယ်သူရဲ့အိမ်က ရဖို့ သင့်ပါသလဲ"

"သား သို့မဟုတ် သမီး တစ်ယောက်တလေမှ မသေဖူးတဲ့ အိမ်က ရဖို့ သင့်ပါတယ်"

"မြတ်စွာဘုရား... ကောင်းပါပြီ"

သူမက အဲဒီလိုလျှောက်ထားပြီး ဘုရားရှင်ကို ရှိခိုးကာ သားသေကို ရင်ခွင်နဲ့ ယူပြီး ရွာတွင်းကို ဝင်ပါတယ်။ ပထမဆုံးအိမ်ရဲ့တံခါးမှာ ရပ်ပြီး "ဒီအိမ်မှာ မုန်ညင်းစေ့ ရှိပါသလား။ အဲဒီမုန်ညင်းစေ့က ကျွန်မရဲ့သားအတွက် ဆေးပါတဲ့"လို့ ပြောပြီး "ရှိတယ်"လို့ ပြောလာတဲ့အခါ "ဒီလိုဆိုရင် ပေးပါ"လို့ ပြောတယ်။ အဲဒီလူတွေက သယ်ဆောင်ပြီး မုန်ညင်းစေ့တွေကို ပေးတဲ့အခါ ဒီလိုမေးတယ်။

"အမိ... ဒီအိမ်မှာ သား သို့မဟုတ် သမီး မသေဖူးသူ တစ်ယောက်တလေ မရှိပါလား"

"သမီး... ဘာကို ပြောလိုက်တာလဲ၊ အသက်ရှင်သူတွေက အနည်းငယ်ပဲ ရှိပါတယ်၊ သေသူတွေကပဲ များပါတယ်"

"ဒီလိုဆိုရင် အမိတို့ရဲ့ မုန်ညင်းစေ့တွေကို ပြန်ယူကြပါ၊ ဒီ မုန်ညင်းစေ့တွေက ကျွန်မရဲ့သားအတွက် ဆေးမဟုတ်ပါ"

အဲဒီလိုပြောပြီး ပြန်ပေးလိုက်ပါတယ်။ သူမဟာ အဲဒီနည်းနဲ့ အစကစပြီး အဲဒီမုန်ညင်းစေ့ကို မေးရင်း လှည့်လည်ပါတယ်။ သူမဟာ အိမ်တစ်အိမ်မှာတောင် မုန်ညင်းစေ့တွေကို မယူဘဲ ညနေအခါမှာ ဒီလိုစဉ်းစားပါတယ်။

"ဩော်... ဝန်လေးတဲ့အမှုပါတကား။ ငါဟာ ငိုသားသာသေတယ်လို့ ထင်မှတ်ခဲ့တယ်၊ တကယ်တော့ တစ်ရွာလုံးမှာလည်း အသက်ရှင်သူတွေထက် သေသွားသူတွေကပဲ ပိုများတယ်"

http://www.dhammadownload.com

သူမဟာ အဲဒီလိုကြံရင်း သားအပေါ် ချစ်ခြင်းကြောင့် နူးညံ့တဲ့ နှလုံးသားဟာ မာကျောတဲ့အဖြစ်ကို ရောက်သွားပါတယ်။ သူမဟာ သားကို တောမှာ စွန့်ပစ်ပြီး ဘုရားရှင်ထံ သွားကာ ရှိခိုးပြီး သင့်တင့်ရာ အရပ်မှာ ရပ်တည်နေပါတယ်။ အဲဒီအခါ ဘုရားရှင်က သူမကို ဒီလို မေးပါတယ်။

''သင်ဟာ လက်တစ်ခုပ်လောက် မုန်ညင်းစေ့တွေကို ရခဲ့ပါ သလား''

''မရခဲ့ပါဘုရား၊ တစ်ရွာလုံးမှာ အသက်ရှင်သူတွေထက် သေ သွားသူတွေကပဲ ပိုများပါတယ်''

''သင်က ငါ့သားဟာ သေတယ်လို့ မှတ်ထင်ခဲ့တယ်၊ သေခြင်း တရားဟာ သတ္တဝါတွေအတွက် မြဲတဲ့တရားပဲ၊ မှန်တယ်၊ သေမင်းက သတ္တဝါအားလုံးကို အလိုမပြည့်ခင်မှာပဲ ရေအယဉ်ကြီးပမာ ဆွဲငင် လျက်သာ အပါယ်သမုဒ္ဒရာထဲ ပစ်ချတယ်''

ဘုရားရှင်က သူမကို အဲဒီလိုမိန့်ပြီး တရားဟောလိုလို့ အောက်ပါစကားထာကို မိန့်ကြားပါတယ်။

''သား၊ သမီး၊ ကျွဲ၊ နွား စတဲ့ တိရစ္ဆာန်တွေမှာ မက်မော ယစ်မူးပြီး မရသေးတာတွေမှာ တောင့်တ၊ ရပြီးတာတွေမှာ တွယ်တာ စိတ်ရှိတဲ့ အဲဒီသတ္တဝါကို သေမင်းက ယူကာသွားပါတယ်၊ ဥပမာ– အိပ်ပျော်နေတဲ့ ရွာသူရွာသားအပေါင်းကို ရေအယဉ်ကြီးက ယူသွား သလိုပါပဲ''

ဂါထာအဆုံးမှာ ကိသာဂေါတမီဟာ သောတာပတ္တိဖိုလ်မှာ တည်သွားပါတယ်။ အခြားများစွာသော ပုဂ္ဂိုလ်တွေလည်း သောတာပန် စသည် ဖြစ်သွားကြပါတယ်။

http://www.dhammadownload.com

ကိသာဂေါတမီကတော့ ဘုရားရှင်ကို ရှင်မ၊ ရဟန်းမအဖြစ်ကို တောင်းပါတယ်။ ဘုရားရှင်က သူမကို ရဟန်းမတွေထံ ပို့ကာ ရှင်မ၊ ရဟန်းမ ဝတ်စေပါတယ်။ သူမဟာ ရဟန်းမအဖြစ်ကို ရပြီးတဲ့အခါ ကိသာဂေါတမီထေရီလို့ ထင်ရှားပါတယ်။ သူမဟာ တစ်နေ့မှာ ဥပုသ်ကျောင်းဆောင်မှာ အလှည့်ရောက်ပြီး ဆီမီးထွန်းညှိကာ ထိုင်နေပါတယ်။ ဆီမီးလျှံတွေ ဖြစ်ပေါ်နေတာတွေကိုရော ကွယ်ပျောက်ပျက်စီးသွားတာတွေကိုပါ ကြည့်ပြီး ''အဲဒီလိုပါပဲ၊ ဒီသတ္တဝါတွေဟာ ဖြစ်ပေါ်လည်း ဖြစ်ပေါ်ကြတယ်။ ချုပ်ပျောက်လည်း ချုပ်ပျောက်ကြပါတယ်။ နိဗ္ဗာန်ရောက်မှပဲ မထင်ရှားကြတော့ပါ''လို့ အာရုံကို ယူပါတယ်။ ဘုရားရှင်က ဂန္ဓကုဋီကျောင်းမှာ ထိုင်ရင်းပဲ ရောင်ခြည်တော်ကို ဖြန့်ကာ သူမရဲ့မျက်မှောက်မှာ ထိုင်ပြီး ဟောနေသလို ဟောပါတယ်။

''ဂေါတမီ... အဲဒီလိုပါပဲ၊ ဒီသတ္တဝါတွေဟာ ဆီမီးလျှံလို ဖြစ်ပေါ်လည်း ဖြစ်ပေါ်ကြတယ်၊ ချုပ်ပျောက်လည်း ချုပ်ပျောက်ကြတယ်၊ နိဗ္ဗာန်ရောက်ကြမှသာ မထင်ရှားကြတော့ပါ။ အဲဒီလို နိဗ္ဗာန်ကို မမြင်ရသူတွေရဲ့ အသက်တစ်ရာပတ်လုံး အသက်ရှင်ရတာထက် နိဗ္ဗာန်ကို မြင်သူရဲ့ ခဏတာမျှ၊ တစ်နေ့တာမျှ အသက်ရှင်တာက ပိုကောင်းပါတယ်''

တရားဒေသနာအဆုံးမှာ ကိသာဂေါတမီဟာ ထိုင်ရင်းပဲ ပဋိသမ္ဘိဒါတွေနဲ့တကွ ရဟန္တာဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ဌ၊ ပ၊ ၄၄၃)

http://www.dhammadownload.com

''ထိုက်သူစံ'' ဆိုတဲ့စကားဟာ ကိသာဂေါတမီဘဝကို ကြည့်ပြီး မှန်ကန်ပါပေတယ်လို့ ဆိုနိုင်ပါတယ်။ သူမရဲ့လက်နဲ့ ထိလိုက်မှ မီးသွေးတွေက ငွေ၊ ရွှေတွေ ဖြစ်သွားပါသတဲ့။ သူမရဲ့အမြင်နဲ့ အခြားလူတွေရဲ့အမြင်ဟာ ကံကြမ္မာအပေါ် မူတည်ပြီး ကွဲပြားခြားနားနေပါတယ်။ ကံရဲ့ သဘောတရားဟာ အံ့သြစရာပါပဲ။ သူဌေးကို အကြံပေးတဲ့ သူငယ်ချင်းကလည်း အတွေးအကြံ ကောင်းပါပေတယ်။ သူငယ်ချင်းထံက အကြံကောင်းကိုသာ မရခဲ့ရင် သူဌေးခမျာ သူဌေးဘဝ ပြန်ရောက်ဖို့ ခဲယဉ်းနေပါလိမ့်မယ်။ 'အကြံကောင်းရင် တစ်ချက်' ဆိုတဲ့ စကားဟာလည်း မှန်နေပါတယ်။

ကိသာဂေါတမီဟာ လူသေတာကို မမြင်ဖူးဘူးဆိုတာ အံ့သြစရာပါပဲ။ သေသွားတဲ့သား ပြန်အသက်ရှင်လာဖို့ ဆေးရှိမယ်လို့ ထင်တာဟာလည်း ထူးဆန်းနေပါတယ်။ ပညာရှင်အမျိုးသားရဲ့ လမ်းညွှန်မှုကို ရလို့ ဘုရားရှင်ထံ ရောက်ပြီး ဘုရားရှင်ရဲ့ ပညာပေးမှုကို ကိသာဂေါတမီ ခံယူသွားရပါတယ်။ ဘုရားရှင်ပေးတဲ့ ပညာကို ရသွားလို့ အမှန်သဘောတရားကို လက်ခံနိုင်လာပါတယ်။ အမှန်မြင်တဲ့ အသိဉာဏ်က နှနေတဲ့နှလုံးသားကို ရင့်သွားစေပါတယ်။ ပျော့နေတဲ့နှလုံးသားကို မာသွားစေပါတယ်။ ဘုရားရှင်ရဲ့ တရားတော်တွေကို နာကြားရလို့ မင်္ဂလာ၊ ဖိုလ်ပညာတွေကို ရသွားတော့ ကိသာဂေါတမီရဲ့ နှလုံးသားဟာ တည်ငြိမ်ရင့်ကျက် အေးမြမှုတွေ အပြည့်အဝ ကိန်းဝပ်တည်ရှိရာနေရာ ဖြစ်သွားပါတော့တယ်။

ကိသာဂေါတမီဟာ သူ၏အတိတ်ဘဝအကြောင်း ပြန်ပြောင်းပြောပြပါတယ်။ အပဒါနပါဠိမှာ လာရှိပါတယ်။ ကဿပဘုရားရှင်

http://www.dhammadownload.com

လက်ထက်မှာ ကိုကိုအမည်ရှိ ကာသိမင်းရဲ့ (၅)ယောက်မြောက်သမီး ဖြစ်ခဲ့ပါတယ်။ ဓမ္မာအမည် ရှိပါတယ်။ ခေမာ၊ ဥပ္ပလဝဏ်၊ ပဋ္ဌာစာရာ၊ ကုဏ္ဍလကေသာ၊ ဓမ္မဒိန္နာ၊ ဝိသာခါ ဆိုတဲ့ လောင်းလျာ (၆)ဦးနဲ့ ညီအစ်မတော်ခဲ့ပါတယ်။ ဓမ္မဒိန္နာနဲ့ ဝိသာခါလောင်းလျာတို့က သူမ အောက် ငယ်သူတွေ ဖြစ်ခဲ့ကြပါတယ်။ (၇)ယောက်လုံးပဲ အပျိုစင် ဘဝနဲ့ အကျင့်မြတ်ကို နှစ်ပေါင်း (၂)သောင်းကြာ ကျင့်ခဲ့ကြပါတယ်။ ဥပ္ပလဝဏ်ထေရီတို့လိုပဲ ကိသာဂေါတမီထေရီဟာ အရဟတ္တဖိုလ်နဲ့ အတူ အဘိညာဉ်၊ ပဋိသမ္ဘိဒါတွေကိုလည်း ရရှိခဲ့ပါတယ်။ သူမဟာ အမှိုက်ပုံ၊ သုသာန်၊ လမ်းတွေမှ အဝတ်စုတ်တွေကို ကောက်ယူကာ ဆက်စပ်ပြီး ခေါင်းပါးတဲ့ (ညံ့တဲ့) သင်္ကန်းကို ဆောင်ယူသုံးစွဲခဲ့ပါတယ်။ ဘုရားရှင်က သူမရဲ့ အဲဒီဂုဏ်ကို သဘောကျတော်မူပြီး အသာဆုံး အရာမှာ ထားတော်မူပါတယ်။

ကိသာဂေါတမီထေရီဟာ သူမရဲ့အကျင့်ကို ဆင်ခြင်ပြီး 'ဘုရားရှင်ကို အမှီပြုပြီး ငါဟာ ဒီတရားထူးကို ရခဲ့တယ်'လို့ တွေးကာ မိတ်ဆွေကောင်းရှိတာကို ချီးမွမ်းတဲ့အနေနဲ့ အောက်ပါစကားကွေကို ပြောဆိုခဲ့ပါတယ်။

''ဘုရားရှင်က မိတ်ကောင်းရှိတာကို ချီးမွမ်းတော်မူခဲ့ပါတယ်၊ မိတ်ကောင်းတွေကို ပေါင်းသင်းရရင် လူမိုက်တောင် လူလိမ္မာ ဖြစ်လာနိုင်ပါတယ်။ သူတော်ကောင်းတွေကို ပေါင်းသင်းရပါတယ်။ ပေါင်းသင်းရင် ပညာတိုးပွားပါတယ်။ ဒုက္ခအားလုံးမှတောင် လွတ်မြောက်နိုင်ပါတယ်။ သစ္စာလေးပါး အမှန်တရားတွေကိုလည်း သိနိုင်ပါတယ်၊ မိန်းမအဖြစ်ဟာ ဆင်းရဲတယ်''လို့ ဘုရားရှင် ဟောတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

မှန်တယ်။ လင်တူမယားဘဝဟာ ဆင်းရဲလှပါတယ်။ တချို့မိန်းမတွေက တစ်ကြိမ်မွေးဖွားပြီး ကိုယ့်လည်ပင်းကို ဖြတ်သတ်ကြပါတယ်။ သိမ်မွေ့တဲ့မိန်းမတွေက အဆိပ်သောက်ကြပါတယ်။ လူသတ်သမားတွေရဲ့ အလယ်သို့ ရောက်သွားတဲ့ မိန်းမတွေဟာ လည်ပင်းဖြတ်ခံရခြင်း၊ အဆိပ်သောက်ခြင်းဆိုတဲ့ ပျက်စီးခြင်း (၂)မျိုးကို ခံစားကြရပါတယ်''

လွန်ခဲ့တဲ့ ရှေးဘဝတစ်ခုမှာ သားဖွားခါနီးတဲ့ ငါဟာ သားဖွားဖို့သွားတဲ့အခါ လင်သေတာကို မြင်ခဲ့ရပါတယ်။ ကိုယ့်အိမ်မရောက်မီမှာပဲ လမ်းခရီးမှာ သားဖွားခဲ့ပါတယ်။ သားနှစ်ယောက်ရော၊ လင်ပါ လမ်းမှာ သေခဲ့ပါတယ်။ အမေ၊ အဖေ၊ အစ်ကိုတို့ကို ထင်းပုံတစ်ပုံတည်းမှာ မီးရှို့ခံခဲ့ပါတယ်။

အမျိုးတွေ ကုန်ဆုံးပြီး အထီးကျန်ဖြစ်သူမှာ အတိုင်းအတာရှိတဲ့ ဆင်းရဲကို ခံစားရပါတယ်။ ဘဝထောင်ပေါင်းများစွာတို့ပတ်လုံးမျက်ရည်တွေ ကျခဲ့ရပါတယ်။

ငါဟာ လွန်ခဲ့တဲ့ ဘဝတစ်ခုမှာ လူသားစားတဲ့ ခွေးမ၊ မြေခွေးမဖြစ်ပြီး သုသာန်အလယ်မှာ နေခဲ့ပါတယ်။ ကျား၊ ကျားသစ်၊ ကြောင်စတဲ့ ဘဝတွေ ရောက်တဲ့အခါ သားသမီးတွေရဲ့ အသားတွေကို စားခဲ့ပါတယ်။

ငါဟာ အမျိုးအနွယ်ပျက်စီးပြီး အိမ်နေသူအားလုံးရဲ့ အကဲ့ရဲ့ ခံရကာ မုဆိုးမဘဝနဲ့ နိဗ္ဗာန်ကို ရခဲ့ပါတယ်။

ငါဟာ နိဗ္ဗာန်သွားကြောင်း မဂ္ဂင်ရှစ်ပါးမြတ်ကို ပွားများခဲ့ပါပြီ။ နိဗ္ဗာန်ကို မျက်မှောက်ပြုခဲ့ပါတယ်။ ငါဟာ အရိယမဂ်နဲ့ ကိလေသာပြောင့်တွေကို ပယ်နုတ်ပြီးပါပြီ။ ကာမဝန်၊ ဘဝဝန်၊ ကိလေသာ

http://www.dhammadownload.com

ဝန်၊ အဘိသခါရဝန်တွေကို ချုပ်ပြီးပါပြီ။ ပြုဖွယ်မဂ်ကိစ္စတွေကို ပြုပြီးပါပြီ။ ကိသာဂေါတမီထေရီဟာ ဒီစကားအပေါင်းကို မိန့်ခဲ့ပါတယ်။ ကိသာဂေါတမီထေရီက သူ့ကိုယ်သူ သူတစ်ပါးပမာ ပြောကြားခဲ့ပါတယ်။

(ထေရီဂါထာ၊ ၄၊ ၁၈၃)

ကိသာဂေါတမီထေရီက သူမရဲ့ အတိတ်ဘဝ (၃)ဘဝ အကြောင်း ပြောပြခဲ့ပါတယ်။ အဲဒီလိုဘဝတွေကို ရောက်ရပေမယ့် မိတ်ဆွေကောင်းကို ရလို့ နောက်ဆုံးမှာ နိဗ္ဗာန်ကို ရခဲ့ကြောင်း ပြောပြခဲ့ပါတယ်။ သံဝေဂရဖွယ်စကားတွေ ပါဝင်နေပါတယ်။ မိတ်ဆွေကောင်းပေါင်းသင်းရခြင်းရဲ့ အကျိုးတွေကို ဖော်ပြသွားပါတယ်။ ဘဝသံသရာမှာ ကျင်လည်ရတဲ့အခါ မိတ်ဆွေကောင်းရဖို့ အရေးကြီးလှပါတယ်။

မိတ်ဆွေကောင်းဆိုတာ သီလ စတဲ့ ဂုဏ်တွေ ရှိလာအောင် ကူညီတိုက်တွန်းပေးပါတယ်။ ဒုက္ခကို ပယ်ဖျောက်ပေးပါတယ်။ ချမ်းသာကို ရောက်စေပါတယ်။ စိုးပွားကို ဆောင်ရွက်ပေးပါတယ်။

❖ ○ ❖

http://www.dhammadownload.com

ပဌာစာရီထေရီ

ပဋ္ဌာစာရီလောင်းလျာဟာ ပဒုမုတ္တရဘုရားလက်ထက် ဟံသာဝတီမြို့က အမျိုးကောင်းအိမ်မှာ ပဋိသန္ဓေယူကာ နောင်အခါမှာ ဘုရားရှင်ရဲ့ တရားဒေသနာကို ကြားရတယ်။ ဝိနည်းဆောင် ဘိက္ခုနီတွေထဲမှာ ဘိက္ခုနီတစ်ပါးကို အသာဆုံးအရာမှာ ဘုရားရှင် ထားနေတာကို မြင်ရလို့ ကောင်းမှုပြုလုပ်ကာ အဲဒီရာထူးကို ဆုတောင်းတယ်။ သူမဟာ အသက်ထက်ဆုံး ကုသိုလ်ပြုလုပ်ပြီး နတ်လူဘဝတွေမှာ ကျင်လည်ကာ ကဿပဘုရားရှင်လက်ထက် ကိကီမည်တဲ့ ကာသိမင်းရဲ့ နန်းတော်မှာ ပဋိသန္ဓေယူတယ်။ ညီမ (၇)ယောက်ထဲမှာ ပါဝင်တယ်။ နှစ်ပေါင်း (၂)သောင်းပတ်လုံး မေထုန်မှ ရှောင်ကြဉ်မှု အကျင့်မြတ်ကို ကျင့်တယ်။ ရဟန်းသံဃာအတွက် ကျောင်းပရိဝုဏ်ကို ပြုလုပ်တယ်။ တစ်ဖန် နတ်ပြည်မှာ ဖြစ်တယ်။ ဘုရားနှစ်ဆူရဲ့ အကြား

http://www.dhammadownload.com

ကာလတစ်ခုပတ်လုံး စည်းစိမ်ကို ခံစားရတယ်။ ဒီဂေါတမဘုရား ပွင့်တော်မူတဲ့အခါ သာဝတ္ထိမြို့က သူဌေးအိမ်မှာ ပဋိသန္ဓေယူတယ်။

သူမဟာ နောင်အခါ အရွယ်ရောက်တော့ သူမရဲ့အိမ်က အလုပ်သမားတစ်ယောက်နဲ့အတူ ပေါင်းဖော်မှုပြုတယ်။ နောင်အခါ သူမနဲ့ ဇာတ်တူအမျိုးသားအိမ်ကို သွားရမှာမို့ ပေါင်းဖော်မှုပြုထားတဲ့ ယောကျ်ားအား ''သင်ဟာ နက်ဖြန်ကစပြီး ငါ့ကို အစောင့်အရှောက် တစ်ရာနဲ့တောင် တွေ့ခွင့်ရမှာမဟုတ်၊ သင့်မှာ အလုပ်ရှိရင် အခု ငါ့ကို ခေါ်ယူပြီး သွားပါ''လို့ သတိပေးတယ်။ အဲဒီယောကျ်ားက ''အဲဒီအတိုင်း ဖြစ်ပါစေ''လို့ ပြောကာ သင့်လျော်တဲ့ လက်ရှိဥစ္စာ နှစ်ကို ယူပြီး သူမကို ခေါ်ယူသွားတယ်။ မြို့မှ (၃)ယူဇနာ၊ (၄)ယူဇနာ ဖဲသွားပြီး ရွာငယ်တစ်ရွာမှာ နေတယ်။

နောင်အခါ သူမရဲ့ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်လာတယ်။ သူမက ကိုယ်ဝန်ရင့်ကျက်လာတဲ့အခါ ''ဒီနေရာဟာ ငါတို့အတွက် ကိုးကွယ်ရာမဲ့နေရာပဲ၊ မိဘအိမ်ကို ငါတို့ သွားကြပါစို့ အရှင်''လို့ ပြောတယ်။ လင်က ''ဒီနေ့ သွားကြမယ်၊ နက်ဖြန် သွားကြမယ်''လို့ ပြောကာ မသွားနိုင်လို့ အချိန်ကို ကုန်လွန်စေပါတယ်။ သူမက သူ့ လင်အကြောင်းကို သိပြီး ''ဒီလူမိုက်ဟာ ငါ့ကို ပို့ဆောင်မှာမဟုတ်'' လို့တွေးကာ လင် အိမ်အပြင်သွားတဲ့အခါ ''ငါတစ်ယောက်တည်းပဲ မိဘအိမ်ကို သွားတော့မယ်''လို့ ဆုံးဖြတ်ပြီး လမ်းပေါ် သွားပါတယ်။ လင်က လာပြီး သူမကို အိမ်မှာ မမြင်ရလို့ အိမ်နီးချင်းတွေကို မေးပြီး ''မိဘအိမ်ကို သွားပြီ''လို့ ကြားသိရတယ်။ ''ငါ့ကို အမှိုပြုပြီး အမျိုး သမီးက ကိုးကွယ်ရာမဲ့ ဖြစ်ရရှာတယ်''လို့ တွေးကာ သူမရဲ့ခြေရာ

http://www.dhammadownload.com

နောက် သွားပြီး မီလာတယ်။ သူမမှာ လမ်းခရီးအကြားမှာပဲ မွေးဖွားတယ်။ အဲဒီကနောက် ''ကလေးမွေးဖွားဖို့အကျိုးအတွက် ငါတို့ သွားခဲ့ကြတယ်။ အဲဒီအကျိုးက လမ်းခရီးအကြားမှာပဲ ပြီးစီးသွားတယ်။ အခုသွားပြီး ငါတို့ ဘာလုပ်ကြမှာလဲ''လို့ တွေးကာ ပြန်လှည့်သွားကြပါတယ်။ တစ်ဖန် သူမရဲ့ ဝမ်းဗိုက်မှာ ကိုယ်ဝန်တည်လာပါတယ်။ ရှေးနည်းအတိုင်းပဲ ချဲ့ထွင်သင့်ပါတယ်။

လမ်းခရီးအကြားမှာ သူမ မွေးဖွားခါစမှာပဲ အရပ်လေးမျက်နှာမှ မိုးကြိုး အကြိုးအကျယ် တက်လာတယ်။ သူမက သူ့လင်ကို ပြောတယ်။

''အရှင်... အခါမဲ့မှာ အရပ်လေးမျက်နှာမှာ မိုးကြိုး တက်လာပါပြီ၊ ကျွန်မအတွက် နေရာအရပ်ကို လုပ်ပေးဖို့ ကြိုးစားပါ''

လင်က ''အဲဒီလို ငါ လုပ်ပေးမယ်''လို့ ပြောကာ တုတ်ငယ်တွေနဲ့ တဲဆောက်လုပ်ပါတယ်။ အမိုးအတွက် မြက်ကို သယ်ဆောင်မယ်''လို့ကြံကာ တောင်ပို့ကြီးတစ်ခုရဲ့အခြေမှာ မြက်ကို ဖြတ်ပါတယ်။ အဲဒီအခါ တောင်ပို့မှာ လဲလျောင်းနေတဲ့ မြွေဟောက်က လင်ရဲ့ခြေထောက်မှာ ကိုက်လိုက်ပါတယ်။ လင်က အဲဒီနေရာမှာပဲ လဲကျပါတယ်။ သူမကလည်း ''အခု လာလိမ့်မယ်၊ အခု လာလိမ့်မယ်''လို့ တွေးကာ တစ်ညလုံး အချိန်ကုန်လွန်စေပါတယ်။ ''လင်က ငါ့ကို ဒီမိန်းမဟာ ကိုးကွယ်ရာမဲ့ပြီလို့ တွေးကာ လမ်းမှာ စွန့်ပစ်ပြီး သွားတာဖြစ်မှာ သေချာတယ်''လို့ တွေးတယ်။ အရုဏ်ရောင်ကောင်းကောင်းဖြစ်ပေါ်လာတဲ့အခါ ခြေရာခံပြီး ကြည့်ရှုတော့ တောင်ပို့ခြေမှာ လဲကျနေတာကို မြင်တွေ့သွားတယ်။ ''ငါ့ကို မှီပြီး ယောကျ်ားဟာ သေကြေ

http://www.dhammadownload.com

ပျက်စီးရတယ်''လို့ ငိုကြွေးကာ ကလေးငယ်ကို နံပါးနဲ့ ချီယူကာ ကလေးအကြီးကို လက်ချောင်းတွေကို ကိုင်ခိုင်းပါတယ်။ လမ်းခရီးနဲ့ သွားတဲ့အခါ လမ်းခရီးအကြားမှာ တိမ်တဲ့မြစ်တစ်မြစ်ကို မြင်ရတယ်။ ''ငါဟာ ကလေး (၂)ယောက်လုံးကို တစ်ပြိုင်နက်တည်း ယူပြီးသွားဖို့ မစွမ်းနိုင်''လို့တွေးကာ သားကြီးကို ဒီဘက်ကမ်းမှာ ထားခဲ့ပါတယ်။ သားငယ်ကို ဟိုဘက်ကမ်းဆီ သယ်ဆောင်သွားပါတယ်။ ဟောင်းနွမ်းတဲ့အဝတ်ပေါ် လဲလျောင်းစေပါတယ်။ တစ်ဖန် ပြန်လာပြီး ''သားကြီးကို ခေါ်ယူကာ သွားမယ်''လို့ ကြံပြီး မြစ်ကို ကူးပါတယ်။

သူမ မြစ်အလယ်ကို ရောက်တဲ့အခါ စွန့်တစ်ကောင်က ''ဒါဟာ သားတစ်ပဲ''လို့ ထင်မှတ်ပြီး ကလေးကို ထိုးဆီတ်ဖို့ လာတယ်။ သူမက လက်ကို ဆန့်တန်းပြီး စွန့်ကို ပြေးစေပါတယ်။ သူမရဲ့ အဲဒီလက်အမူအရာအထူးကို မြင်ရပြီး ကလေးအကြီးက ''ငှဲ့ကို ခေါ်နေတယ်''လို့ ထင်မှတ်ကာ မြစ်ထဲ ဆင်းလိုက်တယ်။ ရေအယဉ်ထဲကျပြီး ရေအယဉ်နောက် ပါသွားတယ်။ အဲဒီစွန့်ကလည်း သူမ မရောက်မီမှာပဲ အဲဒီကလေးအငယ်ကို သုတ်ချီသွားတယ်။ သူမဟာ အကြီးအကျယ် သောကနှိပ်စက်ခံရပြီး လမ်းခရီးအကြားမှာ ယောင်ယမ်းဆိုတဲ့ ဒီသီချင်းကို ဆိုရင်း သွားတယ်။

''သားနှစ်ယောက်က သေသွားကြပြီ၊ ငှဲ့လင်က လမ်းမှာ သေပြီ''

သူမဟာ အဲဒီလို ယောင်ယမ်းရင်းပဲ သာဝတ္ထိမြို့သို့ ရောက်သွားပြီး မိဘအိမ်ကို သွားပေမယ့် သောကအစွမ်းကြောင့်ပဲ သူမရဲ့ အိမ်ကို မပိုင်းခြားနိုင် (မမှတ်မိနိုင်) ဖြစ်နေတယ်။ ''ဒီနေရာမှာ ဒီလို အမျိုးရှိတယ်၊ အဲဒီအိမ်က ဘယ်ဟာပါလဲ''လို့ မေးတယ်။

http://www.dhammadownload.com

''သင်က အဲဒီအမျိုးကို မေးပြီး ဘာကို လုပ်မှာလဲ၊ သူတို့ရဲ့ နေရာ အိမ်ဟာ လေတိုက်လို့ လဲကျသွားပြီး အဲဒီအိမ်ထဲမှာပဲ အဲဒီ လူအားလုံးဟာ သေသွားကြတယ်။ အဲဒီလူကြီး။ လူငယ်တွေကို ထင်းပုံ တစ်ပုံထဲမှာပဲ မီးသင်္ဂြိုဟ်ကြတယ်။ ကြည့်စမ်းပါ၊ အဲဒီမီးခိုးလုံးဟာ ထင်ရှားနေတယ်''

သူမက အဲဒီစကားကို ကြားပြီးချင်းပဲ ''သင်တို့ ဘာကို ပြောကြပါသလဲ''လို့ ပြောကာ သူမရဲ့ ဝတ်ထားတဲ့အဝတ်ကို ကောင်း ကောင်း ဆောင်ထားဖို့ မစွမ်းနိုင်တော့။ မွေးဖွားမြဲတိုင်းသာ လက်မောင်း တွေကိုမြှောက်ခိုပြီး ငိုကြွေးတယ်။ ဆွေမျိုးတွေကို မီးသင်္ဂြိုဟ်ရာအရပ် သို့ သွားတယ်။ ယောင်ယမ်းဆိုတဲ့ အဲဒီသီချင်းကို အပြည့်အစုံပြုလုပ် ပြီး ဒီလိုငိုကြွေးတယ်။

''သားနှစ်ယောက်က သေသွားကြပြီ၊ ငါ့လင်က လမ်းမှာ သေပြီ၊ အမေကိုရော၊ အဖေကိုရော၊ အစ်ကိုကိုပါ ထင်းပုံတစ်ပုံတည်း ထဲမှာ မီးသင်္ဂြိုဟ်နေကြပါတယ်''

အခြားလူက အဝတ်ကို ပေးပေမယ့်လည်း ဖောက်ခွဲ၊ ဖောက်ခွဲ ပြီး စွန့်ပစ်တယ် သူမကို မြင်တွေ့သမျှ နေရာတိုင်းမှာ လူအများက ဝိုင်းရံပြီး လှည့်လည်ကြတယ်။ ''ဒီအမျိုးသမီးဟာ အဝတ်မပါဘဲ လှည့်လည်တယ်''လို့ပြောကာ သူမကို ပဋ္ဌာစာရီလို့ နာမည်မှည့်ခေါ် ကြတယ်။ သူမမှာ အဝတ်မပါတဲ့အတွက် အရှက်မရှိသူတွေရဲ့ အကျင့် ထင်ရှားနေတယ်။ ဒါကြောင့်လည်း လျော့ကျတဲ့အကျင့်ရှိသူ ဖြစ်လို့ ပဋ္ဌာစာရီလို့ပဲ နာမည်မှည့်ခေါ်ကြတယ်။ သူမက တစ်နေ့မှာ ဘုရား

http://www.dhammadownload.com

ရှင်က လူအများအား တရားဟောနေခိုက် ကျောင်းထဲ ဝင်ပြီး ပရိသတ် အစွန်အဖျားမှာ ရပ်တည်တယ်။

ဘုရားရှင်က မေတ္တာဖြန့်ပြီး ''နှမ သတိရလော၊ နှမ သတိရလော''လို့ မိန့်တော်မူလိုက်ပါတယ်။ ဘုရားရှင်ရဲ့စကားကို ကြားရပြီး သူမမှာ အားကြီးတဲ့ အရှက်၊ အကြောက် ရောက်လာတယ်။ သူမက အဲဒီနေရာမှာပဲ မြေပေါ် ထိုင်လိုက်တယ်။ အနီးမှာ ရပ်တည်နေတဲ့ ယောက်ျားတစ်ယောက်က အပေါ်ရုံအဝတ်ကို ပစ်ချပြီး ပေးလိုက်တယ်။ သူမက အဲဒီအဝတ်ကို ဝတ်ပြီး တရားကို နာယူတယ်။ ဘုရားရှင်က သူမရဲ့စရိုက်နဲ့အညီ အောက်ပါတရားစကားတွေကို မိန့်ကြားပါတယ်။

''သေမင်းလွှမ်းမိုးနှိပ်စက်ခံရသူမှာ သား၊ သမီး၊ မိဘ၊ ဆွေမျိုးတွေဟာ အားကိုးရာအဖြစ်နဲ့ မတည်ရှိကြပါ။ ဆွေမျိုးတွေမှာ အားကိုးစရာအဖြစ် မရှိပါ။ အဲဒီအဓိပ္ပာယ်သဘောကို နားလည်ပြီး ပညာရှိဟာ သီလစောင့်ထိန်းလျက် နိဗ္ဗာန်သွားခရီးလမ်းကို မြန်မြန်ပဲ ရှင်းလင်းရာ၏''

သူမဟာ ဂါထာစကားအဆုံးမှာ ရပ်တည်ရင်းပဲ သောတာပတ္တိဖိုလ်မှာ တည်တယ်။ ဘုရားရှင်ထံ ချဉ်းကပ်ပြီး ရှိခိုးကာ ဘိက္ခုနီအဖြစ်ကို တောင်းဆိုတယ်။ ဘုရားရှင်က သူမအား ''ဘိက္ခုနီကျောင်းကို သွားပြီး ဘိက္ခုနီဝတ်လော''လို့ မိန့်ကာ သူမရဲ့ ဘိက္ခုနီအဖြစ်ကို လက်ခံလိုက်တယ်။ သူမက ဘိက္ခုနီဝတ်ပြီး မကြာခင်မှာပဲ ရဟန္တာဖြစ်ကာ ဘုရားစကားကို သင်ယူတဲ့အခါ ဝိနည်းပိဋကမှာ အလေ့အကျင့် စွမ်းအားကြီးလာတယ်။ နောင်အခါမှာ ဘုရားရှင်က ဇေတဝန်

http://www.dhammadownload.com

ကျောင်းမှာ ထိုင်တော်မူရင်း ဘိက္ခုနီတွေကို အစဉ်အတိုင်း ရာထူးမှာ ထားတဲ့အခါ ပဋာစာရီကို ဝိနည်းဆောင်ဘိက္ခုနီတွေထဲမှာ အသာဆုံး အရာမှာ ထားပါတယ်။

(အံ၊ ဥ၊ ပ၊ ၂၇၅)

ပဋာစာရီဘဝဟာ သံဝေဂရစရာ ကောင်းလှပါတယ်။ သူဌေး သမီးဘဝက အရှူးဘဝကို ရောက်သွားရပါသေးတယ်။ သံယောဇဉ် ကြောင့် သောကရှူး ရှူးသွားရရှာပါသေးတယ်။ အဲဒီလို သောကဖြစ် စရာတွေကို ကြုံတွေ့ရလို့လည်း သောကရှူးရှူးကာ သောကမီး ငြိမ်း ပေးနိုင်တဲ့ ဘုရားရှင်ထံ ရောက်သွားရပါတယ်။ နောက်ဆုံးဘဝပိုင်ရှင် ဖြစ်မယ့်အပြင် ဝိနည်းဆောင်အရာ အသာဆုံးဖြစ်မယ့် ပါရမီရှင်ကြီး တောင် ရူးသွားရရှာပါသေးတယ်။ အဲဒီလို နောက်ဆုံးဘဝမှာ အဆင် ပြေပြေ ချောချောမွေ့မွေ့လေးနဲ့ ဘဝခရီးကို ဖြတ်သန်းရရင် သိပ် ကောင်းမှာပါပဲ။ တည်ငြိမ်အေးချမ်းတဲ့ ဘဝသို့ ရောက်ဖို့ရာ ကြမ်းတမ်း ပူလောင်တဲ့ဘဝကို ဖြတ်သန်းရပါသေးတယ်။ ဘဝခရီးမှာ ပန်းခင်းတဲ့ လမ်းပေါ်ချည်း လျှောက်လှမ်းရသူဆိုတာ အလွန်ပဲ ရှားပါးပါလိမ့်မယ်။ ခရောင်းတောလမ်းကိုပါ လျှောက်လှမ်းရစမြဲပါပဲ။ လောကဓံအကောင်း အဆိုး နှစ်မျိုးလုံးကို လူသားတိုင်း တွေ့ကြုံရစမြဲပါပဲ။ လောကဓံ အကောင်း၊ အဆိုး နှစ်မျိုးလုံးကို လူသားတိုင်း တွေ့ကြုံရစမြဲပါပဲ။ ဘုရားရှင်တောင်မှ တွေ့ရသေးလေတော့ ကျန်တဲ့လူတွေမှာတော့ အထူးပြောဖွယ် မရှိတော့ပါ။

ပဋာစာရီထေရီအကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ သဟဿ

http://www.dhammadownload.com

ဝင်္ကမာလည်း ပြထားပါတယ်။ အဂုံတွင်အဋ္ဌကထာနဲ့ မတူတဲ့ အကြောင်း အရာလေးတွေ ပါနေတာမို့ ဓမ္မပါဒအဋ္ဌကထာလာအတိုင်း ရေးသား လိုက်ပါသေးတယ်။

ပဌာစာရာဟာ သာဝတ္ထိမြို့က ကုဋေ(၄၀) ကြွယ်ဝတဲ့သူဌေးရဲ့ သမီး ဖြစ်ပါတယ်။ ရုပ်အလွန်လှပါတယ်။ အသက် (၁၆)နှစ်အရွယ်မှာ သူမကို ဘုံ (၇)ဆင့်ရှိ ပြာသာဒ်ရဲ့ အပေါ်ထပ်မှာ စောင့်ရှောက်တာ နေခိုင်းကြပါတယ်။ အဲဒီလိုနေခိုင်းပေမယ့်လည်း သူမဟာ သူမရဲ့ အလုပ်အကျွေး လူငယ်တစ်ယောက်နဲ့အတူ ဖောက်ပြန်ပါတယ်။ အဲဒီ အခါ သူမရဲ့မိဘတွေက ဇာတ်တူအမျိုးထဲက လူငယ်တစ်ယောက် ထံ ဝန်ခံချက်ပေးပြီး မင်္ဂလာရက်ကို သတ်မှတ်ထားကြပါတယ်။ အဲဒီနေ့ရက် နီးကပ်လာတဲ့အခါ သူမက အဲဒီအလုပ်အကျွေးလူငယ်ကို ဒီလိုပြောပါတယ်။

''ငါ့ကို ဘယ်အမျိုးအား ပေးကြတော့မတဲ့၊ ငါဟာ လင့်အိမ်ကို လိုက်သွားရင် ငါ့ထံ လက်ဆောင်ယူပြီး လာပေမယ့်လည်း သူ့ အိမ်ကို သင် ဝင်ခွင့်ရမှာမဟုတ်၊ သင်ဟာ ငါ့အပေါ် ချစ်ရင် အခုပဲ ငါ့ကို ခေါ်ယူပြီး ပြေးချင်တဲ့လမ်းနဲ့ ထွက်ပြေးပါ''

''ကောင်းပါပြီ... အရှင်မ''

''ဒီလိုဆိုရင် ငါဟာ နက်ဖြန်မှာ နံနက်စောစောပဲ မြို့တံခါးနဲ့ ဘယ်နေရာမှာ ငါရပ်နေမယ်၊ သင်က နည်းလမ်းတစ်ခုနဲ့ ထွက်ပြီး အဲဒီနေရာကို လာခဲ့ပါ''

သူက အဲဒီလိုပြောပြီး ဒုတိယနေ့မှာ ချိန်းတဲ့နေရာမှာ ရပ်တည် နေတယ်။ သူမကလည်း နံနက်စောစောပဲ ညစ်နွမ်းတဲ့အဝတ်ကို ဝတ်

http://www.dhammadownload.com

ပြီး ဆံပင်တွေကို ဖြန့်ကျဲကာ ဆန်မှုန့်နဲ့ ကိုယ်ကို လိမ်းကျံတယ်။ အိုးကို ယူကာ ကျွန်မတွေနဲ့အတူ သွားသလို အိမ်မှ ထွက်ပြီး အဲဒီချိန်း ထားတဲ့အရပ်ကို သွားတယ်။ အဲဒီအမျိုးသားက သူမကို ခေါ်ယူပြီး အဝေးအရပ်ကို သွားတယ်။ ရွာတစ်ရွာမှာ နေတယ်။ တောမှာ လယ်ကို ထွန်တယ်။ သစ်သား၊ သစ်ရွက် စသည်တွေကို သယ်ဆောင်လာတယ်။ သူမက အိုးနဲ့ ရေကို သယ်ဆောင်ပြီး ကိုယ်တိုင် ထောင်းမှု၊ ချက်မှု စတဲ့ အလုပ်တွေကို ပြုလုပ်တယ်။ သူမမှာ မကောင်းမှုရဲ့ အကျိုးကို ခံစားရတယ်။ အဲဒီအခါ သူမမှာ ကိုယ်ဝန်တည်လာတယ်။ ကိုယ်ဝန်ရင့်ကျက်လာတယ်။ ''ဒီအရပ်မှာ ငါ့အား ကျေးဇူးပြုသူတစ်ယောက်မှ မရှိ။ မိဘတွေဆိုတာ သားသမီးတွေအပေါ် စိတ်ထားနူးညံ့ကြတယ်။ ငါ့ကို အဲဒီမိဘတွေထံ ဆောင်ပို့ပေးပါ။ အဲဒီအရပ်မှာ ငါဟာ မီးဖွားမြင်ပါ့မယ်''လို့ပြောကာ လင်ကို တောင်းဆိုတယ်။

''ရှင်မ... ဘာကို သင်က ပြောပါသလဲ၊ ငါ့ကို မြင်ပြီး သင့်ရဲ့ မိဘတွေက အမျိုးမျိုးသော ညှဉ်းပန်းနှိပ်စက်မှုတွေကို ပြုလုပ်နိုင်ကြတယ်။ ငါဟာ အဲဒီအရပ်ကို မသွားနိုင်ပါ''လို့ ပြောကာ ပယ်မြစ်တယ်။ သူမက အဖန်ဖန် တောင်းဆိုပေမယ့်လည်း သွားခွင့်မရလို့ သူမရဲ့ လင် တောကို သွားတဲ့အခါ အိမ်နီးချင်းတွေကို ခေါ်ပြီး ''ငါ့လင် လာပြီး ငါ့ကို မမြင်လို့ ဘယ်သွားသလဲလို့ မေးပါလိမ့်မယ်၊ ငါ့မိဘ အိမ်ကို သွားတယ်''လို့ ပြောလိုက်ကြပါ'' လို့ပြောကာ အိမ်တံခါးကို ပိတ်ကာ ဖဲသွားတယ်။ သူ့လင်ကလည်း လာပြီး သူမကို မမြင်လို့ အိမ်နီးချင်းတွေကို မေးတယ်။ အဲဒီဖြစ်ပုံကို ကြားရပြီး ''သူမကို ပြန်လှည့်အောင် လုပ်မယ်''လို့ ဆုံးဖြတ်ကာ နောက်က လိုက်တယ်။

http://www.dhammadownload.com

သူမကို မြင်ပြီး အဖန်ဖန် တောင်းဆိုပေမယ့်လည်း ပြန်လှည့်အောင် မစွမ်းနိုင်ပါ။ အဲဒီအခါ သူမရဲ့ ကမ္မဇလေတွေက တစ်နေရာမှာ လှုပ်ရှားကြတယ်။ သူမက ချုံတစ်ချုံထဲ ဝင်ပြီး ''အရှင်... ငါ့ရဲ့ ကမ္မဇလေတွေက လှုပ်ရှားလာကြတယ်''လို့ပြောကာ မြေပေါ် လဲလျောင်းပြီး လူးလိမ့်နေတယ်။ ဆင်းဆင်းရဲရဲနဲ့ ကလေးမွေးဖွားပြီး ''မိဘအိမ်သွားဖို့ ကိစ္စဟာ ပြီးစီးသွားပြီ''လို့ တွေးကာ တစ်ဖန်သာ လင်နဲ့အတူ အိမ်ကို လာပြီး နေတယ်။

သူ့မှာ နောင်အခါ ကိုယ်ဝန်တည်လာပြန်တယ်။ ကိုယ်ဝန်ရင့်ကျက်လာတဲ့အခါ ရှေးနည်းအတိုင်းပဲ လင်ကို တောင်းဆိုတယ်။ သွားခွင့်မရလို့ သားကို ရင်ခွင်နဲ့ယူပြီး အဲဒီလိုပဲ ဖဲသွားတယ်။ လင်က လိုက်လာပြီး ''ရပ်ပါ'' လို့ ပြောပေမယ့် ပြန်မလှည့်လို့၊ သူတို့သွားနေကြတုန်း ရွာချိန်မဟုတ်ဘဲ မိုးကြိုးရွာချတယ်။ ပတ်ဝန်းကျင်မှာ ကောင်းကင်ဟာ လျှပ်ရောင်တွေကြောင့် မီးတောက်လောင်သလို ဖြစ်နေတယ်။ မိုးခြိမ်းသံတွေကြောင့် ပေါက်ကွဲသလို ဖြစ်နေတယ်။ မိုးရေအယဉ် မပြတ် ကျနေတယ်။ အဲဒီခဏမှာ သူမရဲ့ဝမ်းတွင်းလေတွေ လှုပ်ရှားလာကြတယ်။ သူမက လင်ကို ခေါ်ပြီး ''အို... အရှင်၊ ငါ့ရဲ့ ဝမ်းတွင်းလေတွေ လှုပ်ရှားနေကြပါပြီ၊ အောင့်မထားနိုင်တော့ပါ။ ငါ့အတွက် မိုးမစိုတဲ့နေရာကို သိပါ'' လို့ ပြောတယ်။ လင်က လက်မှာ ရှိနေတဲ့ ပဲကွပ်နဲ့ ဟိုဟိုဒီဒီ စူးစမ်းရှာဖွေတဲ့အခါ တောင်ပို့တစ်ခုရဲ့ထိပ်မှာ ပေါက်နေတဲ့ ချုံကို မြင်သွားလို့ ဖြတ်ဖို့ ကြိုးစားတယ်။ အဲဒီအခါ သူ့ကို ကမ္မဇလေတွေက တစ်နေရာမှာ လှုပ်ရှားကြတယ်။ သူမက ချုံတစ်ချုံထဲ ဝင်ပြီး ''အရှင်... ငါ့ရဲ့ ကမ္မဇလေတွေက လှုပ်ရှားလာ

http://www.dhammadownload.com

ကြတယ်''လို့ပြောကာ မြေပေါ် လဲလျောင်းပြီး လူးလိုမ့်နေတယ်။ ဆင်းဆင်းရဲရဲနဲ့ ကလေးမွေးဖွားပြီး ''မိဘအိမ် သွားဖို့ ကိစ္စဟာ ပြီးစီးသွားပြီ''လို့ တွေးကာ တစ်ဖန်သာ လင်နဲ့အတူ အိမ်ကို လာပြီး နေတယ်။

သူ့မှာ နောင်အခါ ကိုယ်ဝန်တည်လာပြန်တယ်။ ကိုယ်ဝန် ရင့်ကျက်လာတဲ့အခါ ရှေးနည်းအတိုင်းပဲ လင်ကို တောင်းဆိုတယ်။ သွားခွင့်မရလို့ သားကို ရင်ခွင်နဲ့ ယူပြီး အဲဒီလိုပဲ ဖဲသွားတယ်။ လင်က လိုက်လာပြီး ''ရပ်ပါ''လို့ ပြောပေမယ့် ပြန်မလှည့်လို့။ သူတို့သွား နေကြတုန်း ရွာချိန်မဟုတ်ဘဲ မိုးကြီး ရွာချတယ်။ ပတ်ဝန်းကျင်မှာ ကောင်းကင်ဟာ လျှပ်ရောင်တွေကြောင့် မီးတောက်လောင်သလို ဖြစ် နေတယ်။ မိုးခြိမ်းသံတွေကြောင့် ပေါက်ကွဲသလို ဖြစ်နေတယ်။ မိုးရေ အယဉ် မပြတ်ကျနေတယ်။ အဲဒီခဏမှာ သူမရဲ့ ဝမ်းတွင်းလေတွေ လှုပ်ရှားနေကြပါပြီ။ အောင့်မထားနိုင်တော့ပါ။ ငါ့အတွက် မိုးမစိုးတဲ့ နေရာကို သိပါ''လို့ ပြောတယ်။ လင်က လက်မှာ ရှိနေတဲ့ ပဲကွပ်နဲ့ ဟိုဟိုဒီဒီ စူးစမ်းရှာဖွေတဲ့အခါ တောင်ပို့တစ်ခုရဲ့ထိပ်မှာ ပေါက်နေတဲ့ ချုံကို မြင်သွားလို့ ဖြတ်ဖို့ ကြိုးစားတယ်။ အဲဒီအခါ သူ့ကို တောင်ပို့ ထဲက ထွက်ပြီး အဆိပ်ပြင်းတဲ့ မြွေက ကိုက်လိုက်တယ်။ အဲဒီခဏ မှာပဲ သူ့ခန္ဓာကိုယ်ဟာ အတွင်းမှာ ဖြစ်ပေါ်လာတဲ့ မီးလျှံတွေ တောက် လောင်ခံရသည့်ပမာ အညိုရောင်ဖြစ်ကာ အဲဒီနေရာမှာပဲ လဲကျသွား ပါတယ်။

သူမကလည်း ကြီးကျယ်တဲ့ဒုက္ခကို ခံစားရင် သူ့လင်အလာ ကို စောင့်မျှော်နေပေမယ့်လည်း သူ့လင်ကို မမြင်တွေ့ရတဲ့သာ အခြား

http://www.dhammadownload.com

ကလေးကိုလည်း ဖွားမြင်ပါတယ်။ ကလေးနှစ်ယောက်ဟာ လေအဟုန်၊ မိုးရေအဟုန်ကို သည်းမခံနိုင်ကြလို့ အကြီးအကျယ် အော်ဟစ်ကြတယ်။ သူမက အဲဒီကလေးနှစ်ယောက်လုံးကို ရင်ဘတ်ကြားမှာ ထားပြီး ဒူးနှစ်ဖက်တွေနဲ့ရော လက်နှစ်ဖက်တွေနဲ့ပါ မြေကြီးပေါ် ထောက်ပြီး အဲဒီအတိုင်း ရပ်တည်လျက်သာ ညဉ့်အချိန်ကို ကုန်လွန်စေပါတယ်။ တစ်ကိုယ်လုံးဟာ သွေးမရှိသလိုဖြစ်ကာ ဖက်ရွက်ရော်အဆင်းလို ဖြစ်နေပါတယ်။ သူမဟာ အရုဏ်တက်တဲ့အခါ အသားတစ်အရောင်ရှိ သားငယ်ကို ရင်ခွင်မှာ ပိုက်ချီပြီး သားကြီးကို လက်ချောင်းနဲ့ ယူကာ ''ချစ်သား လာပါ၊ သင့်ရဲ့ဖခင်ဟာ ဒီလမ်းက သွားတယ်''လို့ပြောပြီး လင်သွားတဲ့လမ်းနဲ့ သွားတယ်။ တောင်ပို့ထိပ်ပေါ် သေပြီးလဲကျကာ အညိုရောင်ရှိ တောင့်မာနေတဲ့ သူ့လင်ကိုယ်ကို မြင်တွေ့ရတယ်။ ''ငါ့ကို အကြောင်းပြုပြီး ငါ့လင်ဟာ လမ်းမှာ သေရှာတယ်''လို့ ပြောကာ ငိုကြွေးမြည်တမ်းရင်း သွားတယ်။

တစ်ညလုံး မိုးရွာထားလို့ သူမဟာ အစိရဝတီမြစ်၊ ဒူးလောက်၊ ခါးလောက်၊ သားမြတ်လောက် ရေနဲ့ပြည့်နေတာကို မြင်ရပြီး သူမမှာ အသိပညာနည်းလို့ ကလေးနှစ်ယောက်နဲ့အတူ ရေထဲ မသက်ဆင်းနိုင်။ သားကြီးကို ဒီဘက်ကမ်းမှာ ထားပြီး သားငယ်ကို ယူကာ တစ်ဖက်ကမ်းကို သွားတယ်။ သစ်ကိုင်းအကျိုးအပျက်ကို ခင်းပြီး လဲလျောင်းစေတယ်။ ''သားကြီးထဲ သွားမယ်''လို့ကြံကာ သားငယ်ကို စွန့်ပြီး ကူးဖို့ မစွမ်းနိုင်လို့ အထပ်ထပ်လှည့်ပြီး ကြည့်ရင်း သွားတယ်။ သူမ မြစ်အလယ်ရောက်တဲ့အခါ စွန့်တစ်ကောင်က သားငယ်ကို မြင်ပြီး 'သားတစ်'လို့ ထင်မှတ်ကာ ကောင်းကင်မှ လျောကျလာတယ်။ သူမက

http://www.dhammadownload.com

သားငယ်အတွက် လျောကျလာတဲ့ အဲဒီစွန်ကို မြင်ရပြီး လက်နှစ်ဖက်တို့ကို မြှောက်ချီတယ်။ ''သုသု''လို့ သုံးကြိမ် အသံကျယ်ကျယ် အော်ဟစ်တယ်။ စွန်က ဝေးနေလို့ အဲဒီအသံကို မကြားရဘဲသာ သားငယ်ကို သုတ်ချီပြီး ကောင်းကင်သို့ ပျံတက်ကာ သွားတယ်။

ဒီဘက်ကမ်းမှာ တည်ရှိတဲ့ သားကြီးက မြစ်အလယ်မှာ လက်နှစ်ဖက်ကို မြှောက်ချီပြီး အသံအကျယ်ကြီး အော်ဟစ်နေတဲ့ မိခင်ကို မြင်ပြီး ''ငါ့ကို ခေါ်နေတယ်''လို့ ထင်မှတ်ကာ အဟုန်နဲ့ ရေထဲကျသွားတယ်။ အဲဒီလိုနဲ့ သူမရဲ့သားငယ်ကို စွန်က သုတ်ချီသွားတယ်။ သားကြီးက ရေထဲ မျောပါသွားတယ်။ သူမဟာ ''ငါ့သားတစ်ယောက်ကို စွန်က သုတ်ချီသွားပြီး သားတစ်ယောက်က ရေထဲ မျောပါသွားပြီ၊ ငါလင်က လမ်းမှာ သေပြီ''လို့ ငိုကြွေးမြည်တမ်းရင်း သွားတယ်။ သာဝတ္ထိမြို့က လာတဲ့ ယောကျ်ားတစ်ယောက်ကို မြင်ပြီး မေးတယ်။

''ဖခင်... သင် ဘယ်မှာ နေပါသလဲ''

''သမီး... ငါဟာ သာဝတ္ထိမြို့မှာ နေပါတယ်''

''ဖခင်... သာဝတ္ထိမြို့က ဘယ်လမ်းမှာ ဘယ်အမျိုးရှိပါတယ်၊ သိပါသလား''

''သမီး... သိပါတယ်၊ အဲဒီအမျိုးကိုတော့ မမေးပါနဲ့၊ အခြားအမျိုးကို သိရင် မေးပါ''

''ဖခင်... ကျွန်မမှာ အခြားအမျိုးနဲ့ ကိစ္စမရှိပါ၊ အဲဒီအမျိုးကိုပဲ မေးပါတယ်''

''သမီး... သင်က ငါ့အား မပြောဖို့ ခွင့်မပေးရင် ဒီနေ့တစ်ညလုံး မိုးရွာတာ သင် မြင်သလား''

http://www.dhammadownload.com

''ဖခင်၊ ကျွန်မ မြင်ပါတယ်၊ အဲဒီတစ်ညလုံး မိုးရွာတာဟာ ကျွန်မအတွက်သာ ဖြစ်ပါတယ်။ တခြားသူအတွက် မဟုတ်ပါ။ ကျွန်မ မေးခြင်းရဲ့အကြောင်းကို နောက်မှ သင့်အား ပြောပြပါမယ်။ ရှေးဦးစွာ အဲဒီသူဌေးအိမ်မှာ ဖြစ်ပုံကို ကျွန်မအား ပြောပြပါ''

''သမီး... ဒီနေ့ညမှာ သူဌေး၊ သူဌေးကတော်၊ သူဌေးသား၊ ဒီသုံးယောက်လုံးကို လွှမ်းဖိကာ အိမ်ပြိုကျသွားတယ်။ အဲဒီသုံးယောက်ကို ထင်းပုံတစ်ပုံထဲမှာ မီးသင်္ဂြိုဟ်ထားတယ်။ အဲဒီမီးခိုးကို ထင်ထင်ရှားရှား မြင်တွေ့နေရတယ်... သမီး''

သူမဟာ အဲဒီခဏမှာ ဝတ်ထားတဲ့အဝတ် လျောကျသွားတာကို မသိလိုက်တော့။ အရှုံးအဖြစ် ရောက်သွားတယ်။ အဝတ်မပါဘဲသာ ငိုကြွေးမြည်တမ်းရင်း ''သားနှစ်ယောက် သေသွားကြပြီ၊ ငါ့လင်က လမ်းမှာ သေသွားပြီ၊ အမေကိုရော၊ အဖေကိုရော၊ အစ်ကိုကိုပါ ထင်းပုံတစ်ပုံတည်းမှာ မီးရှို့ထားကြတယ်''လို့ ယောင်ယမ်းပြောကာ ချာချာလည်နေတယ်။ လူတွေက သူမကို မြင်ပြီး ''အရှူးမ၊ အရှူးမ''လို့ ပြောကာ အမှိုက်ကို ယူပြီး မြေမှုန့်ကို ယူကာ ဦးထိပ်ပေါ် ကျဲချလျက် ခဲတွေနဲ့ ပေါက်ကြတယ်။ ဘုရားရှင်က ဇေတဝန်ကျောင်းတော်ကြီးမှာ ပရိသတ်ရှစ်ပါးရဲ့အလယ် ထိုင်ပြီး တရားဟောရင်း ကမ္ဘာတစ်သိန်း ပါရမီဖြည့်ထားတဲ့ ဆုတောင်းပြည့် အဲဒီကလေးမ လာနေတာကို မြင်သွားပါတယ်။

အဲဒီပဋ္ဌာစာရီဟာ ပဒုမုတ္တရဘုရားလက်ထက်မှာ ပဒုမုတ္တရဘုရားရှင်က ဝိနည်းဆောင်ထေရီတစ်ပါးကို လက်မောင်းမှာ ကိုင်ကာ နန္ဒဥယျဉ်မှာ ထားသည့်ပမာ ဝိနည်းဆောင်အရာမှာ အသာဆုံးနေရာ

http://www.dhammadownload.com

၌ ထားတာကို မြင်သွားပါတယ်။ ''တပည့်တော်မဟာလည်း အရှင်ဘုရားလို ဘုရားရှင်ထံမှာ ဝိနည်းဆောင်ထေရီတွေထဲ အသာဆုံးအရာကို ရရပါလိုတ်''လို့ ကောင်းမှုပြုပြီး ဆုတောင်းခဲ့ပါတယ်။ ပဒုမုတ္တရဘုရားရှင်က အနာဂတ်အခြေအနေသိတဲ့ ဉာဏ်ကို ဖြန့်ပြီး ဆုတောင်းပြည့်စုံမှာကို သိကာ ''နောင်အခါ ဂေါတမဘုရားရှင် သာသနာမှာ ဒီကလေးမဟာ နာမည်အားဖြင့် ပဋ္ဌာစာရာမည်ပြီး ဝိနည်းဆောင်ထေရီတွေထဲမှာ အသာဆုံး ဖြစ်လိမ့်မယ်''လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီလို ဆုတောင်းပြီး ကောင်းမှုတွေနဲ့ ပြည့်နေတဲ့ အဲဒီ ပဋ္ဌာစာရာကို ဘုရားရှင်က အဝေးအရပ်ကပဲ လာနေတာကို မြင်သွားပါတယ်။ ''ဒီပဋ္ဌာစာရာမှာ ငါဘုရားမှတစ်ပါး အခြားအားကိုးထိုက်သူ ဖြစ်နိုင်တာ မရှိ''လို့ ကြံပြီး သူမ ကျောင်းဆီကို ရှေ့ရှုလာအောင် ပြုလုပ်ပါတယ်။ ပရိသတ်က အဲဒီပဋ္ဌာစာရာကို မြင်လိုက်တယ်ဆိုရင်ပဲ ''ဒီအရူးမအား ဒီနေရာကို လာခွင့်မပေးကြပါနဲ့''လို့ ပြောကြပါတယ်။ ဘုရားရှင်က ''သင်တို့ ဖယ်ကြပါ၊ အဲဒီပဋ္ဌာစာရာကို မတားမြစ်ကြပါနဲ့''လို့ မိန့်ပြီး အနီးနေရာကို ရောက်လာတဲ့အခါ ''နှမ.. သတိရလော''လို့ မိန့်လိုက်ပါတယ်။

ပဋ္ဌာစာရာဟာ အဲဒီခဏမှာပဲ ဘုရားရှင်တန်ခိုးကြောင့် သတိရလာပါတယ်။ အဲဒီအချိန်မှာ ဝတ်ထားတဲ့အဝတ် ကျွတ်ကျသွားတာကို မှတ်သားကာ အရှက်အကြောက်ကို ရှေ့ရှုတည်စေပြီး ဆောင့်ကြောင့် ထိုင်လိုက်ပါတယ်။ အဲဒီအခါ ပဋ္ဌာစာရာထံ ယောကျ်ားတစ်ယောက်က အပေါ်ရုံအဝတ်ကို ပစ်ချလိုက်ပါတယ်။ ပဋ္ဌာစာရာက အဲဒီအဝတ်ကို ဝတ်ပြီး ဘုရားရှင်ထံ ချဉ်းကပ်ကာ ရွှေအဆင်းရှိတဲ့ ခြေတော်တွေမှာ

http://www.dhammadownload.com

တည်ခြင်းငါးပါးနဲ့ ရှိခိုးတယ်။ ''အရှင်ဘုရား ... တပည့်တော်ရဲ့ အားကိုးရာ ဖြစ်တော်မူပါ၊ တပည့်တော်ရဲ့ ထောက်တည်ရာ ဖြစ်တော်မူပါ၊ အကြောင်းကတော့ တပည့်တော်ရဲ့ သားတစ်ယောက်ကို စွန့်ကာ သုတ်ချီသွားပါတယ်၊ သားတစ်ယောက်က ရေထဲ မျောပါသွားပါတယ်၊ တပည့်တော်ရဲ့ လင်က လမ်းမှာ သေခဲ့ပါတယ်၊ မိဘတွေနဲ့ အစ်ကို ကို အိမ်ပြိုသေလို့ ထင်းပုံတစ်ပုံထဲမှာ မီးရှို့နေကြပါတယ်၊ ဒါကြောင့် ပါပဲ ဘုရား''လို့ လျှောက်ပါတယ်။

ဘုရားရှင်က ပဋာစာရာရဲ့စကားကို ကြားရပြီး ဒီလိုမိန့်ပါတယ်။

''ပဋာစာရာ... မပူပန်ပါနဲ့၊ သင်ဟာ သင့်ရဲ့ မှီခိုအားထား ထိုက်သူထံကိုပဲ ရောက်လာပြီး အခုအခါ သင့်သားငယ်ကို စွန့်က ချီသွားတယ်၊ သားကြီးကို ရေမျှောသွားတယ်။ လင်က လမ်းမှာ သေသွားတယ်။ မိဘတွေကိုရော၊ အစ်ကိုကိုပါ အိမ်က လွှမ်းဖိသွား တယ်၊ အဲဒီလိုပါပဲ... ဒီသံသရာမှာ သား စသူတွေ သေတဲ့အခါ ငိုတဲ့သင့်မှာ ယိုကျတဲ့မျက်ရည်ဟာ သမုဒ္ဒရာ (၄)စင်းထဲက ရေထက် ပိုများတယ်''

''ချစ်သမီး... သမုဒ္ဒရာ (၄)စင်းထဲက ရေက နည်းပါသေး တယ်၊ ဒုက္ခတွေ့ရလို့ ဝမ်းနည်းတဲ့အတွက် ကျရတဲ့မျက်ရည်ဟာ အဲဒီ သမုဒ္ဒရာ (၄)စင်းထဲက ရေထက် များပါတယ်၊ ဘာကြောင့် သင်က မေ့လျော့နေရတာလဲ''

ဘုရားရှင်က အဲဒီလို အဆုံးအပိုင်းအခြားမရှိတဲ့ တရား ဒေသနာကို ဟောနေတုန်း ပဋာစာရာရဲ့ သန္တာန်မှာ သောကနည်းပါး

http://www.dhammadownload.com

သွားပါတယ်။ အဲဒီအခါ သောကနည်းပါးသွားတာကို သိပြီး တစ်ဖန် ဘုရားရှင်က ခေါ်ကာ မိန့်ပါတယ်။

"ပဋ္ဌာစာရာ... သား စတဲ့ ပုဂ္ဂိုလ်တွေဆိုတာ တမလွန်ဘဝ သွားသူအတွက် အားကိုးမှီခိုစရာ မဖြစ်နိုင်ကြပါ။ ဒါကြောင့် အဲဒီ သား စသူတွေဟာ ရှိကြပေမယ့် မရှိကြသလိုပါပဲ။ ပညာရှိဆိုတာ သီလကို သုတ်သင်ပြီး မိမိရဲ့ နိဗ္ဗာန်သွားလမ်းကို အမြန်ဆုံး သုတ်သင်သင့်ပါတယ်"

တရားဒေသနာအဆုံးမှာ ပဋ္ဌာစာရာဟာ မြေကြီးရှိ မြေမှုန့် အတိုင်းအတာရှိတဲ့ ကိလေသာတွေကို လောင်မြိုက်ပြီး သောတာပန် ဖြစ်သွားပါတယ်။ အခြားများစွာသော ပုဂ္ဂိုလ်တွေလည်း သောတာပတ္တိ ဖိုလ် စသည်သို့ ရောက်သွားကြပါတယ်။ ပဋ္ဌာစာရာဟာ သောတာပန် ဖြစ်ပြီး ဘုရားရှင်ထံ ဘိက္ခုနီဝတ်ခွင့် တောင်းပါတယ်။ ဘုရားရှင်က ပဋ္ဌာစာရာကို ဘိက္ခုနီတွေထံ လွှတ်ပြီး ဘိက္ခုနီဝတ်ခိုင်းပါတယ်၊ ဘိက္ခုနီဝတ်ပြီးတဲ့ ပဋ္ဌာစာရာဟာ လိမ္မာတဲ့အကျင့်ရှိလို့ ပဋ္ဌာစာရာ လို့ပဲ ထင်ရှားပါတယ်။ ပဋ္ဌာစာရာဟာ တစ်နေ့မှာ အိုးနဲ့ ရေကို ယူပြီး ခြေတွေကို ဆေးရင်း ရေကို လောင်းပါတယ်။ အဲဒီရေဟာ အနည်း ငယ် သွားပြီး ပြတ်စဲသွားပါတယ်။ ဒုတိယအကြိမ် လောင်းလိုက်တဲ့ ရေဟာ အဲဒီ ပထမရေထက်လည်း ပိုဝေးတဲ့အရပ်ကို သွားပါတယ်။ တတိယအကြိမ် လောင်းလိုက်တဲ့ရေဟာ အဲဒီဒုတိယရေထက်လည်း ပိုဝေးတဲ့အရပ်ကို သွားပါတယ်။ ပဋ္ဌာစာရာဟာ အဲဒီအာရုံကိုပဲ ယူပြီး အရွယ်သုံးပါးတို့ကို ပိုင်းခြားကာ "ငါ ပထမလောင်းလိုက်တဲ့ ရေပမာ ဒီသတ္တဝါတွေဟာ ပထမအရွယ်မှာလည်း သေကြတယ်၊ အဲဒီပထမ

http://www.dhammadownload.com

ရေထက် ပိုဝေးတဲ့နေရာကို သွားတဲ့ ဒုတိယအကြိမ် လောင်းလိုက်တဲ့ ရေပမာ အလယ်ပိုင်းအရွယ်မှာလည်း သေကြတယ်။ အဲဒီ ဒုတိယ ရေထက်လည်း ပိုဝေးတဲ့ အရပ်ကို သွားတဲ့ တတိယအကြိမ် လောင်း လိုက်တဲ့ ရေပမာ နောက်ဆုံးအရွယ်မှာလည်း သေကြတယ်''လို့ တွေး တယ်။ ဘုရားရှင်က ဂန္ဓကုဋ္ဌိကျောင်းတော်မှာ ထိုင်ရင်းပဲ အရောင်ကို ဖြန့်ပြီး ပဋ္ဌာစာရာရဲ့မျက်မှောက်မှာ ရပ်တည်ပြီး မိန့်သလို အောက်ပါ စကားကို မိန့်ပါတယ်။

''ပဋ္ဌာစာရာ ... အဲဒီအတိုင်း မှန်တယ်၊ ခန္ဓငါးပါးတွေရဲ့ အဖြစ်အပျက်ကို မမြင်ဘဲ အနှစ်တစ်ရာ အသက်ရှင်ရတာထက် အဖြစ် အပျက်ကို မြင်ပြီး တစ်ရက်တာမျှ၊ တစ်ခဏတာမျှ အသက်ရှင်ရတာ က မြင့်မြတ်ပါတယ်''

အဲဒီတရားဒေသနာအဆုံးမှာ ပဋ္ဌာစာရာဟာ ပဋိသမ္ဘိဒါတွေ နဲ့တကွ ရဟန္တာ ဖြစ်သွားပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၄၃၇)

အင်္ဂုတ္တရအဋ္ဌကထာမှာ ဖော်ပြထားတဲ့ ပဋ္ဌာစာရာထေရီ အကြောင်းအရာနဲ့ ဓမ္မပဒအဋ္ဌကထာမှာ ဖော်ပြထားတဲ့ ပဋ္ဌာစာရာ ထေရီအကြောင်းအရာမှာ မတူတာလေးတွေ ပါဝင်နေကြပါတယ်။ ဒါကြောင့် (၂)မျိုးလုံး သိရအောင် ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။ ပဋ္ဌာစာရာလို (၂၀)အရွယ်ဝန်းကျင်မှာ ပဋ္ဌာစာရာလောက် ကြမ်းတမ်း ခါးသီးလှတဲ့ လောကဓံကို ရင်ဆိုင်ရတဲ့ အမျိုးသမီးဟာ လောကကြီး မှာ များချင်မှ များနိုင်ပါမယ်။ ချမ်းသာပြည့်စုံ ကြွယ်ဝလှတဲ့ ဘဝမှ

http://www.dhammadownload.com

ဆင်းရဲနွမ်းပါးပြီး ပင်ပန်းတဲ့ဘဝကို ရောက်သွားပေမယ့် တဏှာကျွန် ဘဝ ရောက်နေလို့ သူမအဖို့ ပျော်စရာလို့ပဲ ပဋ္ဌာစာရာဟာ ထင်မှတ် နေခဲ့မိမှာပါ။ ဘဝလောကဓံအခက်အခဲကို ခံနိုင်ရည်အား ရှိသလောက် တော့ ပဋ္ဌာစာရာဟာ ခံနိုင်ခဲ့ပါတယ်။ အဆိုးလောကဓံတွေက ပြင်းထန် လာလွန်းလေတော့ ခံနိုင်ရည်အား မရှိတော့ဘဲ အရှုးဘဝ ရောက် သွားရရှာပါတယ်။ ပဋ္ဌာစာရာကို အဲဒီအဆိုးလောကဓံတွေကပဲ ကောင်း ရာကို ပို့ပေးလိုက်တယ်လို့ ဆိုနိုင်ပါတယ်။

ပဋ္ဌာစာရာရဲ့ ကြီးမားလှတဲ့ သောကထုထည်ကြီးကို ဘုရား ရှင်က တရားတော်နဲ့ ဖြိုခွင်းပေးလိုက်ပါတယ်။ ဘုရားရှင်ရဲ့ တရား တော်က ကြားနာရုံနဲ့ သောကအပူကို စင်သွားစေနိုင်ပါတယ်။ လိုက်နာ ကျင့်သုံးလိုက်ရင်တော့ ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်ပါတယ်။ ကျင့်ပြီးရင်တော့ လွန်စွာပဲ ငြိမ်းချမ်းစေနိုင်ပါတယ်။ သောကသည် ပဋ္ဌာစာရာဟာ သောကငြိမ်းအေး တရားဆေးကို သောက်သုံးရလို့ သောကအပူတွေ ကင်းဝေးသွားကြပါတယ်။ ရေနဲ့ ခြေဆေးရင်း ရေကို ဥပမာပြုကာ သတ္တဝါတို့အရွယ် (၃)ပါးမှာ သေသွားကြရပုံတွေကို တွေးတောဆင်ခြင်နေတဲ့ ပဋ္ဌာစာရာဟာ အဖြစ်အပျက်မြင်သူရဲ့ တန်ဖိုးပြတရားကို ဘုရားရှင်ထံက နားကြားလိုက်ရတော့ သောတာပန် ပဋ္ဌာစာရာမှ ရဟန္တာပဋ္ဌာစာရာ ဖြစ်သွားပါတော့တယ်။

နောက်ဆုံးဘဝပိုင်ရှင် ဖြစ်ပေမယ့်လည်း ဘဝမှာ အကောင်း ချည်းတော့ မတွေ့ရပါ။ ဘုရားရှင်တောင် အဆိုးလောကဓံတွေကို တွေ့ရသေးတယ်ဆိုတော့ ပဋ္ဌာစာရာလို ပုဂ္ဂိုလ်ကတော့ ပိုပြီးတောင် တွေ့နိုင်ပါသေးတယ်။ စာရှုသူ၊ စာရေးသူတို့လို သာမန်ပုဂ္ဂိုလ်တွေ

http://www.dhammadownload.com

မှာတော့ အဆိုးလောကခံတွေ တွေ့ရတာက အဆန်းမဟုတ်တော့ပါ။ ပဋ္ဌာစာရာရဲ့ အတိတ်ဘဝတွေမှာ မျက်ရည်တွေက သမုဒ္ဒရာ (၄)စင်းထဲက ရေတွေထက် များခဲ့ပေမယ့် သောက၊ ပရိဒေဝ ချုပ်ငြိမ်းစေနိုင်တဲ့ ဘုရားတရားတော်ကြောင့် ပဋ္ဌာစာရာမှာ သောကမျက်ရည် ကုန်ခန်းသွားပါပြီ။ သောက လုံးဝမရှိတော့ သောကမျက်ရည် ဘယ်မှာ ရှိနိုင်တော့မှာလဲ။ ပဋ္ဌာစာရာရဲ့ မျက်ရည်ပင်လယ်၊ မျက်ရည်သမုဒ္ဒရာတွေ ခန်းခြောက်ကုန်ပါပြီ။ ဘုရားရှင်ဟာ သောကသည်တွေအတွက် တကယ်အားကိုးရာ ဖြစ်ပါတယ်။ ဘုရားရှင်တရားဟာလည်း တကယ်ကို အားကိုးရာ ဖြစ်ပါပေတယ်။

ထေရီဂါထာ အဋ္ဌကထာမှာလည်း ပဋ္ဌာစာရာအကြောင်းကို ဖော်ပြထားပါတယ်။ အဂ်ုတ္တရအဋ္ဌကထာနဲ့ ဓမ္မပဒအဋ္ဌကထာတွေမှာ ဖော်ပြထားတဲ့ အကြောင်းအရာတွေနဲ့ မတူတာတွေလည်း ပါပါသေးတယ်။

ပဋ္ဌာစာရာဟာ ကိလေသာနဲ့ ပေါင်းဖော်မှုပြုခဲ့တဲ့ ယောကျ်ားနဲ့အတူ မြင့်မြတ်တဲ့တံခါးက ထွက်ခဲ့ပါတယ်လို့ ထေရီဂါထာအဋ္ဌကထာမှာ ဖော်ပြထားတဲ့စကားဟာ ကျန်အဋ္ဌကထာတွေမှာ မပါပါ။ အစိရဝတီမြစ်ကို ကလေး(၂)ယောကျ်နဲ့အတူ မသက်ဆင်းဝံ့ခြင်းရဲ့အကြောင်းကို အသိဉာဏ်နည်းလို့ဆိုတဲ့အကြောင်းအပြင် အားနည်းနေလို့ ဆိုတဲ့အကြောင်းကိုပါ ထေရီဂါထာအဋ္ဌကထာမှာ ဖော်ပြထားပါသေးတယ်။ ပဋ္ဌာစာရာဟာ သောကရူးနဲ့ ရူးသွားတယ်လို့ အဲဒီအဋ္ဌကထာမှာ ရေးသားသွားပါတယ်။ ပဋ္ဌာစာရာဟာ ဝတ်ထားတဲ့အဝတ်မျှနဲ့တောင် မလှည့်လည်လို့ လျောကျတဲ့အကျင့်ရှိတဲ့အတွက် ပဋ္ဌာစာရာလို့ ခေါ်

http://www.dhammadownload.com

ကြောင်းကို အဲဒီအဋ္ဌကထာမှာ ပြဆိုထားရာ အဂုံတ္တရအဋ္ဌကထာမှာ ဆိုထားပုံနဲ့ တူပါတယ်။ ချာချာလည်အောင် ရှုးနေတဲ့ ပဋ္ဌာစာရာကို မြင်တော်မူပြီး ပဋ္ဌာစာရာရဲ့ ဉာဏ် ရင့်ကျက်လာတာကိုလည်း ကြည့်ကာ ဘုရားရှင်က ကျောင်းဆီ ရှေ့ရှုလာအောင် လုပ်တော်မူတယ်လို့ ထေရီဂါထာအဋ္ဌကထာမှာ ဆိုထားပါသေးတယ်။ ပဋ္ဌာစာရာဟာ သောတာပန်ဖြစ်ပြီးနောက် ဘိက္ခုနီဝတ်ပြီးတဲ့အခါ အထက်မဂ် (၃)ပါး အတွက် ဝိပဿနာအားထုတ်ရင်း တစ်နေ့မှာ ရေအိုးနဲ့ရေကို ယူပြီး ခြေဆေးတယ်လို့ ထေရီဂါထာအဋ္ဌကထာမှာ ဆိုထားပါသေးတယ်။

ပဋ္ဌာစာရာဟာ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏထေရီတို့လိုပါပဲ အဘိညာဉ်၊ ပဋိသမ္ဘိဒါဉာဏ်တွေကိုလည်း ရခဲ့ပါတယ်။ ကဿပဘုရား ရှင်လက်ထက်မှာ ကိကီမည်တဲ့ ကာသိမင်း ရှိခဲ့ပါတယ်။ ပဋ္ဌာစာရာ လောင်းလျာဟာ ကိကီမင်းရဲ့ တတိယသမီးတော် ဖြစ်ခဲ့ပါတယ်။ ဘိက္ခုနီလို့ အမည်တွင်ပါတယ်။ ခေမာ၊ ဥပ္ပလဝဏ်တို့လိုပါပဲ အနှစ် ပေါင်း (၂)သောင်း အကျင့်မြတ်ကို ကျင့်ခဲ့ပါတယ်။

ပဋ္ဌာစာရာဟာ ရဟန္တာဖြစ်ပြီးတဲ့အခါ ရဟန္တာမဖြစ်ခင် သူမရဲ့ ကျင့်ခဲ့ပုံကို ဆင်ခြင်ပါတယ်။ အထက်မဂ် (၃)ပါး အထက်ဖိုလ် (၃)ပါး ဖြစ်ပေါ်လာပုံကို ထင်ရှားစေလိုလို့ ဥဒါန်းကျူးတဲ့အနေနဲ့ အောက်ပါ စကားတွေ ပြောကြားခဲ့ပါတယ်။

လယ်သမားတွေဟာ ထွန်၊ ထွန်သွားတွေနဲ့ လယ်ကို ထွန်ကြတယ်။ အလိုရှိတိုင်း လယ်မြေမှာ စပါးမျိုးစေ့၊ ပဲမျိုးစေ့တွေကို စိုက်ပျိုးကြပါတယ်။ အဲဒီ စပါး၊ ပဲတွေနဲ့ မိမိကိုယ်ကိုရော သား၊ သမီး၊ ဇနီး စသည်တွေကိုပါ ကျွေးမွေးပြုစုကြပါတယ်။ ဥစ္စာကို ရရှိ

http://www.dhammadownload.com

ကြပါတယ်။ အဲဒီလိုပါပဲ။ ဒီလောကမှာ မှန်ကန်စွာ ကြိုးစားအားထုတ်ထားတဲ့ လုံလ ဝီရိယဆိုတာ အကျိုးရှိပါတယ်။ တိုးပွားမှုရှိပါတယ်။

''ငါဟာ သီလအလွန်ပဲ စင်ကြယ်ပါတယ်။ ကြိုးစားအားထုတ်ပါတယ်။ သမာဓိကောင်းကောင်းရှိပါတယ်။ ဘုရားအဆုံးအမ ဝိပဿနာကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်နေပါတယ်။ ငါဟာ ဘာလို့ နိဗ္ဗာန်ကို မရရမှာလဲ၊ ရကိုရမှာပါ''

ပဋ္ဌာစာရာဟာ အဲဒီလိုကြံပြီး ဝိပဿနာအားထုတ်ရင်း တစ်နေ့မှာ ခြေဆေးရေမှာ အာရုံယူပါတယ်။

''ဒီရေဟာ ကုန်ပျက်တဲ့သဘော ရှိသလို သတ္တဝါတွေရဲ့ အသက်ရှည်စေတဲ့ ကံတွေလည်း ကုန်ပျက်တဲ့သဘော ရှိကြတယ်'' လို့ အနိစ္စလက္ခဏာကို ဆင်ခြင်ကာ အဲဒီမှတစ်ဆင့် ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာကိုလည်း ငါဟာ ဆင်ခြင်ပါတယ်။ ဝိပဿနာပွားရင်း စိတ်ကို ကောင်းကောင်းတည်ငြိမ်အောင် ထားခဲ့ပါတယ်။ အာဇာနည်မြင်းကောင်းကို ကျွမ်းကျင်တဲ့ မြင်းထိန်းက လွယ်လွယ်ကူကူ မောင်းနှင်သလို ငါဟာ ငါ့ရဲ့စိတ်ကို လွယ်လွယ်ကူကူပဲ ဝိပဿနာသမာဓိနဲ့ တည်ငြိမ်အောင် လုပ်ခဲ့ပါတယ်။ အဲဒီလို ဝိပဿနာပွားရင်း သင့်လျော်တဲ့ဥတုကို ရှာမှီးလိုလို့ တိုက်ခန်းထဲ ဝင်ပါတယ်။ အမှောင်ကို ပယ်ဖျောက်ဖို့ ဆီမီးကို ယူပါတယ်။ တိုက်ခန်းထဲ ဝင်ပြီး ဆီမီးကို ထားပါတယ်။ ခုတင်ပေါ် ထိုင်ပြီးစမှာပဲ ဆီမီးကို ငြိမ်းလိုလို့ တံခါးကန့်လန့်ထိုးတဲ့ သပ်ချောင်းနဲ့ မီးစာကို ဆီထဲ ရှေ့ရှုကာ ဆွဲငင်လိုက်ပါတယ်။ ''အဲဒီခဏမှာပဲ သင့်လျော်တဲ့ ဥတုကို ရလို့ ပဋ္ဌာစာရာရဲ့စိတ်ဟာ တည်ငြိမ်လာပါတယ်။ ဝိပဿနာလမ်းစဉ်ပေါ် သက်ရောက်ခဲ့ပါတယ်။

http://www.dhammadownload.com

မင်္ဂနဲ့ စေ့ဆော်အားထုတ်ပါတယ်။ အဲဒီကနောက် မင်္ဂအစဉ်နဲ့ ကိလေသာ အာသဝေါအားလုံး ကုန်ဆုံးသွားပါတယ်။ ဆိပ်ဖြူမြစ်သွားသလို ပဋ္ဌာစာရာရဲ့စိတ်ဟာ ကိလေသာအားလုံးမှ လွတ်မြောက်ခဲ့ပါတယ်။
(ထေရီဂါထာ၊ ၌၊ ၁၁၉)

ပဋ္ဌာစာရာဟာ တရားနာရုံမျှနဲ့ သောတာပန် ဖြစ်ခဲ့တာမဟုတ်ပါ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်အာရုံတွေကို သတိနဲ့ ရှုမှတ်ခဲ့ရပါတယ်။ ဝိပဿနာ အားထုတ်ခဲ့ရပါတယ်။ သတိပဋ္ဌာန် မပွားရင် ဝိပဿနာပညာ၊ မင်္ဂပညာ ဖြစ်ပေါ်ရိုးထုံးစံ မရှိပါ။ သတိပဋ္ဌာန်ဝိပဿနာအားထုတ်မှုနဲ့ သောတာပန် ဖြစ်ခဲ့ရပါတယ်။ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာဖြစ်အောင်လည်း သတိပဋ္ဌာန်ဝိပဿနာကိုပဲ အားထုတ်ခဲ့ရပါတယ်။ ပဋ္ဌာစာရာဟာ ခြေတွေကို ဆေးတဲ့အခါ ခြေဆေးလို့ (၃)ကြိမ်တိုင်တိုင် ရေတွေ စီးသွားရာ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းတဲ့ရေကို ကြည့်ပြီး ဝိပဿနာပွားနိုင်တဲ့အထိ ဖြစ်သွားပါတယ်။ ပါရမီပြည့်နေလို့သာ ဒီလိုအချိန်တိုအတောအတွင်းမှာ အထက်မင်္ဂ (၃)ပါး၊ အထက်ဖိုလ် (၃)ပါးကို လွယ်ကူစွာ ရသွားနိုင်ပါတယ်။ သတိပဋ္ဌာန်ဝိပဿနာရဲ့ အစွမ်းက ထက်မြက်လှပါပေတယ်။ ပဋ္ဌာစာရာဟာ ဝိပဿနာပညာ၊ မင်္ဂပညာ၊ ဖိုလ်ပညာတွေကိုသာ မရခဲ့ရင် သောကပင်လယ် ဝေနေဦးမှာပါပဲ။ သတိပဋ္ဌာန်နဲ့ သောက၊ ဝိပဿနာနဲ့ သောကတို့ဟာ ပြောင်းပြန်ဆန့်ကျင်ဘက်တွေပါပဲ။

❖ ○ ❖

http://www.dhammadownload.com

သောကသည် သူကြွေယ်

သာဝတ္ထိမြို့က သူဌေးသူကြွေယ်တစ်ဦးဟာ သူ့သားသေလို့ သောကနှိပ်စက်ခံရတဲ့အတွက် သုသာန်သို့ သွားပြီး ငိုတယ်။ သားသောကကို အောင့်အည်းသည်းခံနိုင်စွမ်း မရှိရှာပါ။ ဘုရားရှင်က နံနက်ဦးသောက်အခါမှာ လောကကြီးကို ကြည့်ရှုတဲ့အခါ အဲဒီသူဌေးသူကြွေယ်ရဲ့ အားကောင်းတဲ့ ရှေးပါရမီအကြောင်းကို မြင်တွေ့ရပါတယ်။ ဆွမ်းခံပြန်ကြွလာတဲ့အခါ နောက်လိုက်ရဟန်းတစ်ပါးကို ခေါ်ပြီး အဲဒီသူကြွေယ်ရဲ့ အိမ်တံခါးသို့ ကြွသွားပါတယ်။ သူကြွေယ်က ဘုရားရှင် ကြွလာကြောင်းကို ကြားရပြီး "ငါ့ကို နွေတ်ဆက်စကား ပြောလိုတာ ဖြစ်လိမ့်မယ်" လို့ တွေးကာ ဘုရားရှင်ကို ဝင်စေပါတယ်။ အိမ်ရဲ့အလယ်မှာ နေရာကို ခင်းပေးပါတယ်။ ဘုရားရှင် ထိုင်ပြီးတဲ့အခါ လာပြီး သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ အဲဒီအခါ ဘုရားရှင်က သူကြွေယ်ကို ဒီလို မေးပါတယ်။

http://www.dhammadownload.com

''ဥပါသကာ... သင်ဟာ ဒုက္ခရောက်နေသလား''

သားနဲ့ ကွေကွင်းရလို့ ဆင်းရဲနေရကြောင်းကို သူကြွယ်က လျှောက်ထားလို့ ဘုရားရှင်က ဒီလိုဆက်ပြီး မိန့်ပါတယ်။

''ဥပါသကာ... ပူပန်သောက ရောက်မနေပါနဲ့၊ ဒီသေခြင်းဆိုတာ နေရာတစ်နေရာတည်းမှာသာ ဖြစ်တာမဟုတ်၊ တစ်ယောက်တည်းမှာသာ ဖြစ်တာမဟုတ်၊ ဘဝဖြစ်ပေါ်နေသေးသမျှ သတ္တဝါအားလုံးမှာ သေခြင်းရှိတာချည်းပါပဲ။ ရုပ်နာမ်သခီရတစ်ခုလေးကတောင်မှ မြဲတယ်ဆိုတာ မရှိ။ ဒါကြောင့် သေခြင်းသဘောရှိတဲ့အရာဟာ သေတာပဲ။ ကွဲပျက်တဲ့သဘောရှိတဲ့အရာဟာ ကွဲပျက်တာပဲလို့ သင့်တင့်စွာ ဆင်ခြင်ရမယ်။ ဝမ်းမနည်းထိုက်ပါ။ မှန်တယ်။ ရှေးပညာရှိတွေကလည်း သားသေတဲ့အခါ သေခြင်းသဘောရှိတဲ့အရာဟာ သေတာပဲ။ ကွဲပျက်တဲ့သဘောရှိတဲ့အရာဟာ ကွဲပျက်တာပဲလို့ တွေးပြီး သောကမရောက်ဘဲ သေခြင်းအောက်မေ့တဲ့ သတိကိုသာ ပွားများခဲ့ကြတယ်''

''မြတ်စွာဘုရား... ဘယ်သူတွေက ဒီလိုပြုလုပ်ခဲ့ကြပါသလဲ။ ဘယ်အခါမှာ ပြုလုပ်ခဲ့ကြပါသလဲ။ တပည့်တော်အား ပြောပြတော်မူပါ''

အဲဒီသူကြွယ်က တောင်းဆိုလို့ အဲဒီအကြောင်းကို ထင်ရှားပြလိုလို့ ဥရဂဇာတ်ကို အကျယ်ဟောပြပါတယ်။ ပြီးတော့ ဒီလိုမိန့်တော်မူပါတယ်။

''အဲဒီလိုပဲ ရှေးအခါက ပညာရှိတွေဟာ သားချစ်သေတဲ့အခါ အခု သင်သူကြွယ်လို အလုပ်တွေကို စွန့်လွှတ်ပြီး အစာမစားဘဲ

http://www.dhammadownload.com

ငိုကြွေးကာ လှည့်လည်နေသလို မလှည့်လှည်ဘဲ သေခြင်းတရား အောက်မေ့မှု ဘာဝနာအစွမ်းကြောင့် သောကမရောက်ဘဲ အစာကို လည်း စားခဲ့ကြတယ်။ အလုပ်ကိုလည်း မပျက်မကွက် လုပ်ခဲ့ကြတယ်။ ဒါ ကြောင့် ငါသားချစ် သေပြီလို့ မယူပန်ပါနဲ့၊ မှန်တယ်။ ဖြစ်ပေါ်လာတဲ့ သောကရော၊ ဘေးရန်ပါ အချစ်ကိုသာ မှီပြီး ဖြစ်ပေါ်လာတယ်''

''သောကဟာ ချစ်စရာသတ္တဝါ သက်ရှိနဲ့ သက်မဲ့ပစ္စည်းကို အမှီပြုပြီး ဖြစ်ပေါ်လာပါတယ်။ ဘေးရန်လည်း ချစ်စရာကို အမှီပြုပြီး ဖြစ်ပေါ်လာပါတယ်။ အချစ်မှ လွတ်မြောက်သွားသူမှာ သောကဆိုတာ မရှိပါ။ ဘေးဆိုတာ ဘယ်မှာ ရှိတော့မှာလဲ''

အဲဒီတရားဒေသနာအဆုံးမှာ သူကြွယ်ဟာ သောတာပန် ဖြစ်သွားပါတယ်။ ရောက်လာတဲ့ပရိသတ်တွေမှာလည်း တရားဒေသနာ ဟာ အကျိုးရှိသွားပါတယ်။

(ဓမ္မပဒ၊ ၄၊ ၃၊ ၁၀၁)

အချစ်ကြီးရင် ကြီးသလောက် သောကကြီးရပါတယ်။ အချစ် နည်းရင် နည်းသလောက် သောကနည်းရပါတယ်။ အချစ်မရှိရင် သောက လုံးဝ မရှိတော့ပါ။ သားကို ချစ်ရင် သားကြောင့် သောက ရောက်ရပါတယ်။ သားကို ချစ်ရင် တစ်ချစ်တည်း ဆက်ကာဆက်ကာ ချစ်နေချင်တတ်ပါတယ်။ ကိုယ့်အချစ်သားလေး ကိုယ့်ထံက ခွဲခွာသွား မှာကို လုံးဝ မလိုလားနိုင်ပါ။ ထာဝရ ပိုင်ဆိုင်ထားချင်ပါတယ်။ ထာဝရ ပိုင်ဆိုင်ထားချင်တဲ့ သားလေးကို လက်လွှတ်ဆုံးရှုံးသွားရတော့ ယူကျုံး မရ အပူလုံးထကာ ဆင်းရဲရပါတော့တယ်။ ကိုယ့်ကိုယ်တောင် မပိုင်

http://www.dhammadownload.com

ဆိုင်နိုင်ပါဘဲလျက် သူတစ်ပါးကို ပိုင်ဆိုင်တယ်လို့ ထင်မှတ်ကာ ပိုင်ဆိုင်ချင်တော့ သောက များရပါတယ်။

ဥရဂဇာတ်က ဇာတ်အဋ္ဌကထာမှာရော၊ ပေတဝတ္ထုအဋ္ဌကထာမှာပါ ပါပါတယ်။ အကြောင်းအရာတွေက မတူတာတွေ ရှိနေပါတယ်။ ဒါကြောင့် (၂)မျိုးလုံးကို သိရအောင် (၂)မျိုးလုံးကို ရေးလိုက်ပါတယ်။

ပေတဝတ္ထုအဋ္ဌကထာမှာ ဥရဂဇာတ် ဟောခြင်းရဲ့အကြောင်းကို ဒီလို ရေးသားထားပါတယ်။

သာဝတ္ထိမြို့က ဥပါသကာတစ်ဦးရဲ့ သားဟာ သေသွားပါတယ်။ ဖခင်ဟာ သားသေလို့ ငိုကြွေးကာ သောကရောက်နေပါတယ်၊ အပြင်ထွက်ပြီး အလုပ်တစ်စုံတစ်ခုကို မလုပ်နိုင်လို့ အိမ်မှာပဲ ရပ်တည်နေပါတယ်။ အဲဒီအခါ ဘုရားရှင်က နံနက်မိုးသောက်ချိန်မှာ မဟာကရုဏာသမာပတ်မှ ထပြီး ဗုဒ္ဓရဲ့ဉာဏ်မျက်စိနဲ့ လောကကို ကြည့်တော်မူပါတယ်။ အဲဒီ ဥပါသကာကို မြင်ပြီး နံနက်အခါ သင်းပိုင်ကို ပြင်ဝတ်ကာ သပိတ်၊ သင်္ကန်းကို ယူပါတယ်။ အဲဒီဥပါသကာရဲ့အိမ်ကို သွားပြီး တံခါးမှာ ရပ်တော်မူလိုက်တယ်။ ဥပါသကာကလည်း ဘုရားရှင် ကြွလာကြောင်း ကြားရပြီး မြန်မြန် ထကာ သွားပါတယ်။ ခရီးဦးကြိုဆိုပြီး လက်မှသပိတ်ကို ယူပါတယ်။ အိမ်ထဲ ပင့်ပြီး နေရာခင်းပေးပါတယ်။ ဘုရားရှင်က ခင်းထားတဲ့နေရာမှာ ထိုင်ပါတယ်။ ဥပါသကာကလည်း ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ အဲဒီ ဥပါသကာကို ဘုရားရှင်က ဒီလို မေးပါတယ်။

http://www.dhammadownload.com

''ဥပါသကာ . . . သောကနိပ်စက်ခံရသူလို ထင်ရှား နေတယ် မဟုတ်လား''

''မှန်ပါ ... မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ချစ်လှစွာသော သား သေသွားပါတယ်။ ဒါကြောင့် တပည့်တော် သောကရောက်နေ ပါတယ်''

အဲဒီအခါ သောကကို ပယ်ဖျောက်ပေးလိုလို့ ဥရဂဇာတ်ကို အောက်ပါအတိုင်း ဘုရားရှင်က ဟောပြပါတယ်။

ရှေးအခါက ကာသိတိုင်း၊ ဗာရာဏသီမြို့မှာ ဓမ္မပါလ မည်တဲ့ ပုဏ္ဏားမျိုး ရှိခဲ့ပါတယ်။ အဲဒီအမျိုးမှာ ဖခင်ပုဏ္ဏား၊ မိခင်ပုဏ္ဏေးမ၊ သား၊ သမီး၊ ချွေးမ၊ ကျွန်မဆိုတဲ့ လူအားလုံးဟာ သေခြင်းတရား အောက်မေ့မှု ပွားများရာမှာ ပျော်ကြတယ်။ သူတို့ထဲက အိမ်မှထွက် သူဟာ ကျန်တဲ့လူတွေကို ဆုံးမပြီး မင်္ဂကွက် ဘဲသာ ထွက်သွားပါတယ်။ တစ်နေ့မှာ ပုဏ္ဏားက သားနဲ့အတူ အိမ်မှ ထွက်ကာ လယ်သွားထွန် ပါတယ်။ သားက မြက်ခြောက်၊ သစ်ရွက်ခြောက်၊ ထင်းခြောက်တွေ ကို မီးရှို့ပါတယ်။ အဲဒီမှာ မြွေဟောက်တစ်ကောင်က မီးပူမှာ ကြောက် လို့ သစ်ပင်ရဲ့အခေါင်းမှ ထွက်ကာ ပုဏ္ဏားရဲ့ အဲဒီသားကို ကိုက်လိုက် ပါတယ်။ အဲဒီသားဟာ အဆိပ်အဟုန်ကြောင့် မေ့ကာလဲကျပြီး သေသွားပါတယ်။ သိကြားမင်း ဖြစ်ပါတယ်။ ပုဏ္ဏားက သားသေသွား တာကို ကြည့်ပြီး အလုပ်လုပ်ရာနေရာအနီးက ဖြတ်သွားတဲ့ ယောဂျား တစ်ယောက် ကို ဒီလိုပြောလိုက်ပါတယ်။

''မိတ်ဆွေ ... အကျွန်ုပ်ရဲ့ အိမ်ကို သွားပြီး ပုဏ္ဏေးမကို ဒီလို ပြောပေးပါ''

http://www.dhammadownload.com

"ရေချိုးပြီး စင်ကြယ်တဲ့အဝတ်ကို ဝတ်ကာ တစ်ယောက်စာ အတွက် ထမင်းကိုရော၊ ပန်း၊ နံ့သာ စသည်တွေကိုပါ ယူပြီး မြန်မြန် လာခဲ့ပါ"

အဲဒီယောကျ်ားက အဲဒီအိမ်ကို သွားပြီး အဲဒီအတိုင်း ပြောပါ တယ်။ အိမ်က လူတွေကလည်း အဲဒီအတိုင်းပဲ လုပ်ကြပါတယ်။ ပုဏ္ဏားက ရေချိုး၊ ထမင်းစားပြီး နံ့သာလိမ်းကျံကာ အခြွေအရံတွေ ခြံရံလျက် သားရဲ့အလောင်းကောင်ကို ထင်းပုံပေါ် တင်လိုက်ပါတယ်။ မီးရှို့ပါတယ်။ သစ်တုံးကို မီးရှို့သလိုပဲ သောကမရှိ၊ အပူအပန်မရှိဘဲ အနီစွသည်ာ (မမြဲလို့ မှတ်သားမှု)ကို နှလုံးသွင်းလျက် ရပ်တည်နေ ပါတယ်။ အဲဒီအခါ ပုဏ္ဏားရဲ့သားက သိကြားမင်း ဖြစ်နေပါပြီ။ အဲဒီ သားကလည်း ငါတို့ရဲ့ ဘုရားလောင်း ဖြစ်ပါတယ်။ ဘုရားလောင်း သိကြားမင်းဟာ သူ့ရဲ့ ရှေးဘဝကိုရော၊ ပြုခဲ့တဲ့ ကောင်းမှုကိုပါ ဆင်ခြင်ပါတယ်။ ဖခင်ကိုရော၊ ဆွေမျိုးတွေကိုပါ သနားလို့ ပုဏ္ဏားအသွင်နဲ့ အဲဒီသူတို့ရှိရာနေရာကို လာပါတယ်။ ဆွေမျိုးတွေ သောက မရောက်ကြတာကို မြင်ရပြီး ဒီလိုပြောပါတယ်။

"မိတ်ဆွေတို့ ... သင်တို့ဟာ သားကောင်ကို မီးဖုတ်နေ ကြတာပါလား။ ကျွန်တော့်အား အသားကို ပေးကြပါ။ ကျွန်တော် ဆာလောင်နေပါတယ်"

"ပုဏ္ဏား ... သားကောင် မဟုတ်ပါ။ လူပါ"

"အဲဒီလူက သင်တို့ရဲ့ ရန်သူပါလား"

"ရန်သူ မဟုတ်ပါ။ ရင်မှာ ပေါက်ဖွားတဲ့ သားရင်း ဖြစ်ပါ တယ်၊ ဂုဏ်ကြီးရှင် သားငယ် ဖြစ်ပါတယ်"

http://www.dhammadownload.com

''အဲဒီလို ဂုဏ်ရှိသားငယ် သေသွားတဲ့အခါ သင်တို့က ဘာလို့ သောကမရောက်ကြတာပါလဲ''

အဲဒီစကားကို ကြားရပြီး ပုဏ္ဏားက သောကမရောက်ခြင်းရဲ့ အကြောင်းကို ဒီလိုပြောပြပါတယ်။

''မြွေဟာ အရေခွံဟောင်းကို စွန့်ပြီး မြွေရေခွံအသစ်ကို ယူကာ သွားသလိုပါပဲ၊ ဒီသားဟာလည်း သေသွားတဲ့အခါ ဒီဘဝဟောင်းက ခန္ဓာကိုယ်ကို စွန့်ပြီး ခန္ဓာအသစ်နဲ့ သွားပါပြီ၊ မီးရှို့ခံရတဲ့သားဟာ ဆွေမျိုးတွေ ငိုကြွေးနေတာကို မသိပါ၊ သူ့ကံအတိုင်း သူ့ဘဝခရီးလမ်းကို ဆက်သွားပါပြီ၊ ဒါကြောင့် အဲဒီသားကို တွေးပြီး မငိုကြွေးပါ''

ပုဏ္ဏားက အဲဒီလို သူ သောကမရောက်ခြင်းအကြောင်းကို ပြောပြပြီး သေခြင်းတရား နှလုံးသွင်းမှုမှာ ကျွမ်းကျင်ပုံကို ပြောပြပြီးတဲ့အခါ ပုဏ္ဏားအသွင်ရှိတဲ့ သိကြားမင်းက မိခင် ပုဏ္ဏေးမကို မေးပါတယ်။

''မိခင် ... သေသွားတဲ့ အဲဒီလူက မိခင်နဲ့ ဘာတော်စပ်ပါသလဲ''

''အို ... အရှင်၊ ကျွန်မရဲ့သားပါ၊ (၁၀)ပတ်လုံး ဝမ်းနဲ့လွယ်ပြီး နို့တိုက်ကာ လက်ခြေတွေကို ကောင်းစွာ တည်ရှိစေပြီး ကြီးထွားလာအောင် လုပ်ပေးခဲ့ရတဲ့ သားပါ''

''ဒီလိုဆိုရင် ဖခင်က ယောကျ်ားဖြစ်လို့ မငိုတာ ထားပါတော့၊ မိခင်ရဲ့ နှလုံးသားကို နှုးညံ့လှပါတယ်၊ မိခင်က ဘာလို့ မငိုတာပါလဲ''

အဲဒီစကြားကို ကြားရပြီး မိခင်က မငိုခြင်းအကြောင်းကို

http://www.dhammadownload.com

"ငါ့သား လာပါ၊ ငါ့သား ဖြစ်လှည့်ပါ"လို့ မခေါ်ဘဲနဲ့ အရင် ဘဝက ရောက်လာပါတယ်၊ ငါ့သား တမလွန်လောကသို့ သွားပါလို့ ငါတို့က မနှင်ရဘဲနဲ့ ဒီလောကကနေ ထွက်ခွာသွားပါတယ်။ သူ့ကံ နဲ့ပဲ လာပြီး သူ့ကံနဲ့ပဲ သွားပါပြီ။ အဲဒီလိုသွားရာမှာ ဘာငိုကြွေးစရာ ရှိမှာလဲ၊ မီးရှို့ခံရတဲ့သားဟာ ဆွေမျိုးတွေ ငိုကြွေးနေတာကို မသိပါ။ သူ့ကံအတိုင်း သူ့ဘဝခရီးလမ်းကို ဆက်သွားပါပြီ။ ဒါကြောင့် အဲဒီ သားကို တွေးပြီး မငိုကြွေးပါ"

အဲဒီလို မိခင်ပုဏ္ဏားမရဲ့ စကားကို ကြားရပြီး သေသွားသူရဲ့ နှမကို မေးပါတယ်။

"သမီး ... သေသွားတဲ့ အဲဒီလူက သင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ"

"အို ... အရှင်၊ ကျွန်မရဲ့အစ်ကိုပါ"

"သမီး၊ နှမတွေဆိုတာ အစ်ကိုတွေအပေါ် ချစ်ကြပါတယ်၊ သင်က ဘာလို့ မငိုတာပါလဲ"

သူမကလည်း မငိုရခြင်းအကြောင်းကို ဒီလိုပြောပြပါတယ်။

"ကျွန်မငိုရင် ကျွန်မရဲ့ ကိုယ်ခန္ဓာ ပိန်သွားမယ်၊ ကျွန်မရဲ့ အစ်ကို သေသွားလို့ ငိုရာမှာ ဘာအကျိုးမှ မရှိပါ၊ ကျွန်မ ငိုလို့ ကျွန်မရဲ့ အစ်ကို ပြန်မလာနိုင်ပါ။ ကောင်းရာဘဝကိုလည်း မရောက်နိုင်ပါ။ ကျွန်မရဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေတွေမှာ ကျွန်မ ဝမ်းနည်း ငိုကြွေးလို့ အစ်ကို သေလို့ ဒုက္ခရောက်ရတာထက် အပိုဒုက္ခသာ ဖြစ်စရာ ရှိပါတယ်"

http://www.dhammadownload.com

အဲဒီလို နှမရဲ့စကားကို နားထောင်ပြီး သူ့ရဲ့ (သေသွားသူရဲ့) မယားကို မေးပါတယ်။

''အဲဒီ သေသွားသူက သင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ''

''အို ...အရှင်၊ ကျွန်မရဲ့ခင်ပွန်းပါ''

''ရှင်မ ... မိန်းမတွေဆိုတာ လင်ကို ချစ်ကြပါတယ်၊ အဲဒီ လင် သေတဲ့အခါမှာလည်း မုဆိုးမဖြစ်ကာ ခိုကိုးရာမဲ့ သွားကြပါတယ်။ ဘာကြောင့် သင်က မငိုတာပါလဲ''

သူမကလည်း သူမရဲ့ မငိုရခြင်းအကြောင်းကို ဒီလိုပြောပြပါတယ်။

''ကောင်းကင်မှာ သွားနေတဲ့ လကို ငဲ့အတွက် ရထားစက်ဘီးကို ယူပြီး ပေးပါလို့ ငိုတောင်းတဲ့ကလေးလိုပါပဲ။ သေသွားသူကို တမ်းတငိုကြွေးနေသူဟာ ဖြစ်ပါတယ်၊ မရနိုင်တာကို တမ်းတလိုချင်နေပါတယ်''

အဲဒီလို သူ့မယားရဲ့စကားကို ကြားရပြီး ကျွန်မကို မေးပါတယ်။

''အမိ ... အဲဒီသေသွားသူက သင်နဲ့ ဘယ်လိုဆက်စပ်ပါသလဲ''

''ကျွန်မရဲ့ အရှင်သခင်ပါ''

''ဒီလိုဆိုရင် သူက သင့်ကို ရိုက်ပုတ်ပြီး အလုပ်ကို လုပ်ခိုင်းတာ ဖြစ်မယ်၊ ဒါကြောင့် ငါတော့ သူ့လက်က လွတ်ပြီလို့တွေးကာ မငိုဘဲနေတာ ထင်တယ်''

http://www.dhammadownload.com

''အို ... အရှင်၊ ကျွန်မကို အဲဒီလို မပြောပါနဲ့၊ အဲဒီလို ပြောတာဟာ မသင့်တော်ပါ၊ ကျွန်မရဲ့ အရှင့်သားက အလွန်အကဲပဲ သည်းခံတယ်၊ မေတ္တာရှိတယ်၊ သနားတယ်၊ သင့်မှန်ရာကို ပြောတယ်၊ ရင်မှာ မွေးဖွားတဲ့ သားလိုပဲ ဖြစ်ပါတယ်''

''ဒီလိုဆိုရင် ဘာလို့ မငိုပါသလဲ''

သူမကလည်း သူမရဲ့ မငိုရခြင်းအကြောင်းကို ဒီလိုပြောပြပါတယ်။

''ပုဏ္ဏား ... ရေအိုးဟာ ရိုက်ခွဲခံရလို့ ကွဲသွားရင် ပြန်ဆက်ကာ ပကတိအတိုင်းဖြစ်အောင် လုပ်လို့မရသလိုပါပဲ။ သေသွားသူကို တမ်းတငိုကြွေးနေသူဟာ ဖြစ်ပါတယ်''

နှမ၊ မယား၊ ကျွန်မတို့ကလည်း အောက်ပါစကားလေးတွေကို မိဘနှစ်ပါးလိုပဲ ပြောကြပါသေးတယ်။

''မီးရှို့ခံရတဲ့ သေသွားသူက ဆွေမျိုးတွေ ငိုကြွေးနေတာကို မသိပါ၊ သူ့ကံအတိုင်း သူ့ဘဝခရီးလမ်းကို ဆက်သွားပါပြီ၊ ဒါကြောင့် အဲဒီ သေသွားသူကို တွေးပြီး မငိုကြွေးပါ''

သားဖြစ်သူ ဘုရားလောင်း သိကြားမင်းဟာ အဲဒီလူတွေရဲ့ စကားကို ကြားရပြီး ကြည်ညိုစိတ်ဖြစ်ကာ ဒီလိုပြောပါတယ်။

''သင်တို့ဟာ သေခြင်းအောက်မေ့မှု ဘာဝနာကို ကောင်းကောင်းပဲ ပွားများထားကြပါတယ်၊ ဒီနေ့ကစပြီး သင်တို့မှာ လယ်ထွန်ခြင်း စတဲ့ ပြုဖွယ်ကိစ္စ မရှိတော့ပါ''

အဲဒီလိုပြောကာ အဲဒီလူတွေရဲ့အိမ်ကို ရတနာ (၇)ပါးနဲ့ ပြည့်အောင် လုပ်ပြီး ဒီလိုဆက်ပြောပါတယ်။

http://www.dhammadownload.com

''သင်တို့ဟာ မမေ့မလျော့ကြဘဲ အလှူကို လှူကြပါ။ သီလကို စောင့်ကြပါ။ ဥပုသ်စောင့်မှုကို ပြုလုပ်ကြပါ''

အဲဒီလို ဆုံးမပြီး သူ့ကိုယ်ကိုလည်း သားဖြစ်ကြောင်း၊ သိကြားမင်း ဖြစ်နေကြောင်း အသိပေးကာ မိမိနေရာကိုပဲ ပြန်သွားပါတယ်။ ပုဏ္ဏားစတဲ့ အဲဒီလူတွေကလည်း ဒါန စတဲ့ ကောင်းမှုတွေကို ပြုလုပ်ကာ အသက်ထက်ဆုံး ရပ်တည်ပြီး နတ်ပြည်မှာ ဖြစ်ကြပါတယ်။

ဘုရားရှင်က ဒီဇာတ်တော်ကို ဆောင်ပြီး အဲဒီဥပါသကာရဲ့ သောကငြောင့်ကို ဆွဲနုတ်ကာ အထက်မှာ သစ္စာတွေကို ပြပါတယ်။ သစ္စာရဲ့အဆုံးမှာ ဥပါသကာဟာ သောတာပန်ဖြစ်သွားပါတယ်။

(ပေတ၊ ၌၊ ၅၆)

ဒီပေတဝတ္ထုအဋ္ဌကထာမှာ သားက ဘုရားလောင်းအဖြစ် ဖော်ပြထားပါတယ်။ ဇာတ်အဋ္ဌကထာမှာတော့ ဖခင်က ဘုရားလောင်းအဖြစ် ရေးသားထားပါတယ်။ သားက ရာဟုလာအလောင်း ဖြစ်ပါတယ်။ ဇာတ်အဋ္ဌကထာမှာ အဲဒီ လူ (၆)ယောက်အကြောင်းကို ဒီလို ရေးထားပါတယ်။ ပေတဝတ္ထုအဋ္ဌကထာ ဖော်ပြထားတာနဲ့ မတူတာလေးတွေကို ဖတ်ရှုရပါမယ်။ မိခင်က ခေမာအလောင်းဖြစ်ပါတယ်။ ကျွန်မက ခုဇ္ဇုတ္တရာအလောင်း ဖြစ်ပါတယ်။ သမီးက ဥပ္ပလဝဏ်အလောင်း ဖြစ်ပါတယ်။ ဇာတ်အဋ္ဌကထာမှာ အဲဒီလို ဘယ်အလောင်းအလှာဖြစ်ကြောင်း ရေးသားထားပါတယ်။ အခြား ထူးတဲ့အကြောင်းအရာလေးတွေကိုပါ သိရအောင် ဆက်လက်ဖတ်ရှုကြည့်ပါ။

http://www.dhammadownload.com

ရှေးအခါက ဗာရာဏသီမြို့မှာ ပြဟ္မဒတ်မင်း အုပ်ချုပ်တဲ့ အခါ ဘုရားလောင်းက ဗာရာဏသီမြို့အနီးက ဒွါရရွာငယ်ရှိ ပုဏ္ဏား မျိုးမှာ ဖြစ်ပါတယ်။ ဥစ္စာကို ကောင်းစွာတည်စေပြီး လယ်ထွန်တဲ့ အလုပ်နဲ့ အသက်မွေးပါတယ်။ သူ့မှာ သားနဲ့ သမီးဆိုတဲ့ ကလေးငယ် နှစ်ယောက် ရှိပါတယ်။ သူက အရွယ်ရောက်လာတဲ့ သားအား ဇာတ်တူအမျိုးထဲက သတို့သမီးကို ဆောင်ယူပြီး ပေးပါ တယ်။ ဘုရားလောင်း သူ့မယား၊ သူ့သား၊ သူ့သမီး၊ သူ့ချွေးမ၊ ကျွန်မ အားဖြင့် လူ (၆)ယောက် ရှိကြပါတယ်။ အဲဒီလူ (၆)ယောက် ဟာ ညီညွတ်ဝမ်းမြောက်ကာ ချစ်ချစ်ခင်ခင် ပေါင်းသင်းနေထိုင် ကြပါတယ်။ ဖခင် ဘုရားလောင်းက ကျန်တဲ့ လူ (၅)ယောက်အား ဒီလိုဩဝါဒပေး ပါတယ်။

''သင်တို့ဟာ ရမြဲတိုင်းသော နည်းအတိုင်းပဲ အလှူကို လှူ ကြပါ။ သီလကို စောင့်ကြပါ။ ဥပုသ်စောင့်မှုကို ပြုလုပ်ကြပါ။ သေခြင်း အောက်မေ့မှုသတိကို ပွားများကြပါ။ သင်တို့ရဲ့ သေရမယ့်အဖြစ်ကို အမှတ်ပြုကြပါ။ မှန်တယ်၊ ဒီသတ္တဝါတွေရဲ့ သေခြင်းဟာ မြဲတယ်။ အသက်ရှင်ခြင်းက မမြဲ၊ ရုပ်နာမ်သခါရအားလုံးဟာ မမြဲကြ။ ကုန် ပျက်ခြင်းသဘောသာ ရှိကြတယ်။ နေ့ရောညပါ မမေ့မလျော့နေကြပါ''

အဲဒီလူတွေက ''ကောင်းပါပြီ''လို့ပြောကာ ဩဝါဒကို လက်ခံ ပြီး မမေ့မလျော့ကြဘဲ သေခြင်းအောက်မေ့မှုသတိကို ပွားများကြ ပါတယ်။ တစ်နေ့မှာ ဘုရားလောင်းက သားနဲ့အတူ လယ်ကို သွားပြီး ထွန်ပါတယ်။ သားက အမှိုက်ကို စုပြီး မီးရှို့ပါတယ်။ အဲဒီမီးရှို့ရာ အရပ်က အနီးရှိ တောင်ပို့တစ်ခုမှာ အဆိပ်ပြင်းတဲ့မြွေရှိရာ အဲဒီ

http://www.dhammadownload.com

မြွေရဲ့မျက်စိတွေကို မီးခိုးက ရိုက်ပုတ်ပါတယ်။ အဲဒီမြွေက စိတ်ဆိုးပြီး ''ဒီလူကို မှီပြီး ငါ့မှာ ဘေးဖြစ်တယ်''လို့ တွေးကာ အစွယ် (၄)ချောင်းကို ထုတ်လျက် အဲဒီလူကို ကိုက်လိုက်ပါတယ်။ အဲဒီလူဟာ လဲပြီး ကျသွားပါတယ်။ ဘုရားလောင်းက လဲကျသွားတဲ့ အဲဒီသားကို သိရပြီး အဲဒီသားကို မြွောက်ချီကာ သစ်ပင်တစ်ပင်အောက်မှာ လဲလျောင်းပေးပြီး ခြုံပေးကာ မငိုကြွေးပါ။ ''ကွဲပျက်တတ်တဲ့သဘောရှိတဲ့ အရာကတော့ ကွဲပျက်တာပဲ။ သေတတ်တဲ့အရာကတော့ သေတာပဲ။ ရုပ်နာမ်သခါရအားလုံးဟာ မမြဲကြ။ သေခြင်းအဆုံးရှိကြတယ်''လို့ မမြဲတဲ့သဘောကိုသာ မှတ်သားပြီး ထွန်တယ်။ ဖခင်ပုဏ္ဏားက လယ်အနီးက ဖြတ်သွားတဲ့ ရင်းနှီးသူ ယောကျ်ားတစ်ယောက်ကို မြင်ရပြီး ''မိတ်ဆွေ၊ အိမ်ကို သွားမှာပါလား''လို့ မေးလိုက်ပါတယ်။ ''ဟုတ်ကဲ့၊ သွားပါ မယ်''လို့ ပြောတဲ့အခါ ဒီလို မှာလိုက်ပါတယ်။

''ဒီလိုဆိုရင် အကျွန်ုပ်တို့ရဲ့ အိမ်ကိုလည်း သွားပြီး ပုဏ္ဏားမကို ဒီလို ပြောပေးပါ''

''ဒီနေ့မှာ အရင်ကလို ထမင်းကို (၂)ယောက်အတွက် မယူခဲ့ဘဲ တစ်ယောက်အတွက်သာ အာဟာရကို သယ်ဆောင်ခဲ့ပါ။ အရင်ကတော့ ကျွန်မဖြစ်သူ တစ်ယောက်တည်းကသာ အာဟာရကို သယ်ဆောင်ခဲ့ပါတယ်၊ ဒီနေ့တော့ (၄)ယောက်လုံးပဲ သန့်စင်တဲ့အဝတ်ကို ဝတ်ကာ နံ့သာ၊ ပန်း ယူပြီး လာခဲ့ကြပါ''

အဲဒီခရီးသွားယောကျ်ားက ကောင်းပါပြီလို့ ဝန်ခံပြီး သွားကာ ပုဏ္ဏားမအား အဲဒီအတိုင်းပဲ ပြောပါတယ်။

''မိတ်ဆွေ၊ ဒီသတင်းစကားကို သင့်အား ဘယ်သူက ပေးလိုက်ပါသလဲ''

http://www.dhammadownload.com

''အရှင်မ . . . ပုဏ္ဏားကပါ''

ပုဏ္ဏားမက ''ငါ့သား သေပြီ''လို့ သိလိုက်ပါတယ်။ မိခင်ပုဏ္ဏားမမှာ စိတ်တုန်လှုပ်ရုံမျှတောင် မဖြစ်ပါ။ အဲဒီလို ဘာဝနာစိတ်ကို ကောင်းစွာပွားများထားတဲ့ မိခင်ဟာ သန့်စင်တဲ့အဝတ်ကို ဝတ်ပြီး နံ့သာ၊ ပန်းကို ယူကာ ကျွန်မကို အစာအာဟာရကို ဘယ်ဆောင်ခိုင်းပါတယ်။ ကျွန်တဲ့လူတွေနဲ့အတူ လယ်ကို သွားပါတယ်။ တစ်ယောက်မှာမှ ငိုကြွေးတာရော၊ မြည်တမ်းတာပါ မရှိပါ။ ဘုရားလောင်း ဖခင်ပုဏ္ဏားကလည်း သားလဲလျောင်းနေတဲ့ သစ်ပင်အရိပ်အောက်မှာပဲ ထိုင်ကာ စားပါတယ်။ ထမင်းစားပြီး အဆုံးမှာ အိမ်သူအိမ်သား အားလုံးပဲ ထင်းတွေကို ထုတ်ဆောင်ပြီး ထင်းပုံပေါ်တင်ကာ နံ့သာ၊ ပန်းတွေနဲ့ ပူဇော်ပြီး မီးရှို့ကြပါတယ်။ တစ်ယောက်မှာမှ မျက်ရည် တစ်ပေါက်လေးမှ မကျပါ။ အားလုံးပဲ သေခြင်းအောက်မေ့မှုသတိကို ကောင်းကောင်းပဲ ပွားထားကြပါတယ်။ အဲဒီပွားများသူတွေရဲ့ တန်ခိုး ကြောင့် သိကြားမင်းရဲ့နေရာဟာ ပူတဲ့အခြင်းအရာကို ပြပါတယ်။ သိကြားမင်းက ''ဘယ်သူက ငါ့ကို ရာထူးမှ ရွေ့လျားစေလိုတာလဲ'' လို့ စူးစမ်းတဲ့အခါ အဲဒီလူတွေရဲ့ တန်ခိုးကြောင့် ပူတာကို သိသွား တယ်။ ကြည်ညိုစိတ် ဖြစ်သွားပါတယ်။

''ငါဟာ အဲဒီလူတွေထဲ သွားပြီး ရဲရဲတောက်စကားကို ပြော စေကာ ရဲရဲတောက်စကားရဲ့အဆုံးမှာ အဲဒီလူတွေရဲ့ နေအိမ်ကို ရတနာ (၇)ပါးနဲ့ ပြည့်အောင် ပြုလုပ်ပြီးမှ ပြန်လာသင့်တယ်''

အဲဒီလိုတွေးပြီး အဟုန်နဲ့ အဲဒီအရပ်ကို သွားကာ သုသာန်ဘေးမှာ ရပ်တည်ပြီး မေးပါတယ်။

http://www.dhammadownload.com

''မိတ်ဆွေတို့ ဘာလုပ်နေကြတာပါလဲ''

''အို ... အရှင်၊ လူတစ်ယောက်ကို မီးရှို့နေကြပါတယ်''

''သင်တို့က လူကို မီးရှို့ကြမှာ မဟုတ်ပါ။ သားကောင်တစ်ကောင်ကို သတ်ပြီး ဖုတ်နေကြတယ် ထင်ပါတယ်''

''အို ... အရှင်၊ အဲဒီသားကောင် မရှိပါ၊ လူကိုပဲ မီးရှို့နေ ကြပါတယ်''

''ဒီလိုဆိုရင် သင်တို့ရဲ့ ရန်သူဖြစ်တဲ့လူ ဖြစ်ပါလိမ့်မယ်''

အဲဒီအခါ အဲဒီလူကို ဘုရားလောင်းပုဏ္ဏားက ဒီလိုပြောပါတယ်။

''အို ... အရှင်၊ အကျွန်ုပ်တို့ရဲ့ ရင်မှာဖြစ်တဲ့ သားပါ၊ ရန်သူ မဟုတ်ပါ''

''ဒီလိုဆိုရင် သင်တို့မုန်းတဲ့ သား ဖြစ်ပါလိမ့်မယ်''

''အို ... အရှင်၊ အလွန်အကဲ ချစ်ရတဲ့ သားပါ''

''ဒီလိုဆိုရင် သင်က ဘာလို့ မငိုတာပါလဲ''

အဲဒီလူ (၅)ဦးရဲ့ အဖြေစကားတွေကတော့ ပေတဝတ္ထုအဋ္ဌကထာလာ ဇာတ်လမ်းအတိုင်းပါပဲ။ အဋ္ဌကထာဖွင့်ပုံတွေကတော့ မတူတာတွေ ပါပါသေးတယ်။

သိကြားမင်းက အဲဒီလူအားလုံးရဲ့ တရားစကားကို ကြားရပြီး ကြည်ညိုကာ အောက်ပါအတိုင်း ပြောပါတယ်။

''သင်တို့ဟာ မမေ့မလျော့ကြဘဲ သေခြင်းအောက်မေ့မှုကို ပွားများကြပါတယ်၊ သင်တို့ဟာ ဒီနေ့ကစပြီး မိမိတို့လက်နဲ့ အလုပ်ကို မလုပ်ကြပါနဲ့တော့။ အကျွန်ုပ်ဟာ သိကြားမင်းပါ၊ အကျွန်ုပ်ဟာ

http://www.dhammadownload.com

သင်တို့ရဲ့အိမ်မှာ ရတနာ (၇)ပါးကို အတိုင်းအတာမရှိအောင် လုပ်ပေးပါမယ်၊ သင်တို့ဟာ အလှူကို လှူကြပါ၊ သီလကို စောင့်ကြပါ၊ ဥပုသ်စောင့်မှုကို ပြုလုပ်ကြပါ၊ မမေ့မလျော့ကြပါနဲ့''

အဲဒီလူတွေအား ဩဝါဒပေးပြီး အိမ်မှာ အတိုင်းအတာမရှိတဲ့ ဥစ္စာရှိအောင် ပြုလုပ်ကာ ဖဲသွားပါတယ်။

(ဇာတ်၊ ၄၊ တ၊ ၁၅၀)

ဇာတ်အဋ္ဌကထာမှာ သေသွားတဲ့ သားဖြစ်သူ ရာဟုလာလောင်းလျာဟာ နောက်ဘဝမှာ ဘာဖြစ်တယ်လို့ ဖော်ပြမထားပါ။ ပေတဝတ္ထုအဋ္ဌကထာမှာတော့ သေသွားတဲ့သားက သိကြားမင်းဖြစ်တယ်လို့ ဆိုသွားပါတယ်။ ဇာတ်အဋ္ဌကထာမှာ အဖေက ဘုရားလောင်း ပေတဝတ္ထုအဋ္ဌကထာမှာတော့ သားက ဘုရားလောင်းအဖြစ် ရေးသားထားပါတယ်။

သေခြင်းအောက်မေ့မှုသတိကို သူတို့လောက် မပွားများနိုင်တောင် သူတို့ကို အားကျကာ အစွမ်းနိုင်ဆုံး ပွားများသင့်ပါတယ်။ သူတို့မိသားစုမှာ သေခြင်းအောက်မေ့မှုဘာဝနာရဲ့ အစွမ်းကြောင့် တွယ်တာစရာတွေအပေါ် တွယ်တာမှုတဏှာ နည်းပါးလို့ သောကမရောက်ရတာ ဖြစ်ပါတယ်။ တဏှာလောဘကင်းလို့ သောကကင်းရခြင်း ဖြစ်ပါတယ်။

❖ ○ ❖

http://www.dhammadownload.com

အငယ်ဂါ

ဝေသာလီပြည်က လိစ္ဆဝီတွေဟာ ပွဲသဘင်ရဲ့ နေ့တစ်နေ့မှာ အချင်းချင်း မတူတဲ့ အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ပြီး ဥယျာဉ်ကို သွားဖို့ မြို့မှ ထွက်လာကြပါတယ်။ ဘုရားရှင်က ဆွမ်းခံဝင်တဲ့အခါ အဲဒီလိစ္ဆဝီတွေကို မြင်ပြီး ရဟန်းတွေကို ဒီလိုမိန့်ပါတယ်။

''ရဟန်းတို့ .. လိစ္ဆဝီတွေကို ကြည့်ကြလော၊ တာဝတိံသာနတ်တွေကို မမြင်ဖူးတဲ့သူတွေဟာ ဒီလိစ္ဆဝီတွေကို ကြည့်ကြလော''

ဘုရားရှင်က အဲဒီလိုမိန့်ပြီး မြို့ထဲ ဝင်သွားပါတယ်။ အဲဒီလိစ္ဆဝီတွေကလည်း ဥယျာဉ်ကို သွားကြတဲ့အခါ ပြည့်တန်ဆာမတစ်ယောက်ကို ခေါ်ယူပြီး သွားကြပါတယ်။ အဲဒီ ပြည့်တန်ဆာမကို အကြောင်းပြုပြီး မနာလိုဖြစ်ကြကာ အချင်းချင်း ရိုက်ပုတ်ကြပါတယ်။ သွေးကို မြစ်ပမာ စီးသွားစေကြပါတယ်။ အဲဒီအခါ အဲဒီလိစ္ဆဝီတွေကို ခုတင်နဲ့

http://www.dhammadownload.com

သယ်ယူမြောက်ချီကာ လာကြပါတယ်။ ဘုရားရှင်ကလည်း ဆွမ်းကိစ္စပြီးလို့ မြို့ထဲက ထွက်လာပါတယ်။ ရဟန်းတွေကလည်း လိစ္ဆဝီတွေကို အဲဒီလို သယ်ဆောင်ခံနေရတာတွေကို မြင်ရပြီး ဘုရားရှင်ကို ဒီလိုလျှောက်ကြပါတယ်။

''မြတ်စွာဘုရား ... လိစ္ဆဝီမင်းတွေဟာ နံနက်စောစောပဲ အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ကာ နတ်တွေပမာ မြို့မှ ထွက်ပြီး အခုအခါ မိန်းမတစ်ယောက်ကို အကြောင်းပြုပြီး ဒီပျက်စီးမှုကို ရောက်ကြရပါတယ်''

''ရဟန်းတို့... သောကဖြစ်စေ၊ ဘေးရန်ဖြစ်စေ ဖြစ်ပေါ်လာရင် ကာမဂုဏ်အပျော်ကို မှီးပြီး ဖြစ်ပေါ်တာချည်းပါပဲ''

''ကာမဂုဏ်ငါးပါးနဲ့ ပျော်ရွှင်မှုကြောင့် သောကဖြစ်ရတယ်။ ဘေးဖြစ်ရတယ်။ ကာမဂုဏ်အပျော်မှ လွတ်မြောက်သူမှာ သောကမရှိ၊ ဘေးဆိုတာ ဘယ်မှာ ရှိတော့မှာလဲ''

တရားဒေသနာအဆုံးမှာ များစွာသော တရားနာပရိသတ်တွေဟာ သောတာပန် စသည် ဖြစ်သွားကြပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၈၂)

သေလောက်အောင်ကောင်းတဲ့ ကာမဂုဏ်အပျော်ကြောင့် လိစ္ဆဝီမင်းတွေဟာ သေပွဲဝင်သွားချင် ဝင်သွားကြပါမယ်။ ဟုတ်သေတောင် သေလုနီးပါး ဒုက္ခများကြပါတယ်။ လောဘများလို့ သောကများကြရတာပါပဲ။ လိစ္ဆဝီမင်းတွေမှာသာ အဲဒီပြည့်တန်ဆာမအပေါ် တွယ်တာမက်မောမှု လောဘ မရှိခဲ့ရင် သွေးမြေကျစရာ မရှိပါ။ သောကဖြစ်

http://www.dhammadownload.com

စရာလည်း မရှိပါ။ အခုတော့ အဲဒီလောဘကြောင့် သောကများကြရပါတယ်။

ကာမဂုဏ်ငါးပါးဟာ သားတစ်နဲ့ တူတယ်လို့ ဘုရားဟောထားတဲ့ စကားလိုပါပဲ။ ပြည့်တန်ဆာမိန်းမဆိုတဲ့ သားတစ်ကို စွန့်တွေပမာ ဝိုင်းလုကြတဲ့ လိစ္ဆဝီတွေမှာ ဒုက္ခများကြရပါတယ်။ ပူလောင်ပင်ပန်းကြရပါတယ်။

❖ ○ ❖

http://www.dhammadownload.com

ဝိသာခါနဲ့ ငပြုံးပ

ဝိသာခါဟာ သားဖြစ်သူရဲ့ သမီးဖြစ်တဲ့ သုဒတ္တာသတို့သမီးလေးကို သူမရဲ့နေရာမှာ ထားပြီး အိမ်မှာ ရဟန်းသံဃာရဲ့ ဝေယျာဝစ္စကို အလုပ်ခိုင်းပါတယ်။ သုဒတ္တာက နောင်အခါမှာ သေသွားပါတယ်။ ဝိသာခါက မြေးမ သုဒတ္တာအလောင်းကို သင်္ကြံဟ်ပြီး သောကကို အောင့်အည်းမထားနိုင်လို့ ကိုယ်စိတ်ဆင်းရဲကာ ဘုရားရှင်ထံ သွားပါတယ်။ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ အဲဒီအခါ ဝိသာခါကို ဘုရားရှင်က မေးပါတယ်။

''ဝိသာခါ... သင်ဟာ ကိုယ်စိတ်ဆင်းရဲပြီး မျက်ရည်ယိုငိုကြွေးကာ ထိုင်နေသလား''

ဝိသာခါက အဲဒီအကြောင်းကို လျှောက်ပြီး ဒီလို လျှောက်ပါတယ်။

http://www.dhammadownload.com

''မြတ်စွာဘုရား... တပည့်တော်ချစ်ရတဲ့ အဲဒီမြေးမလေးဟာ ဝတ္တရားနဲ့ ပြည့်စုံလှပါတယ်၊ အခု အဲဒီလို မြေးမကို တပည့်တော် မမြင်တွေ့ရပါ''

''ဝိသာခါ... သာဝတ္ထိမြို့မှာ လူတွေ ဘယ်လောက်ရှိသလဲ''

''မြတ်စွာဘုရား... မြတ်စွာဘုရားပဲ မိန့်ထားပါတယ်၊ (၇) ကုဋေရှိပါတယ်''

''ဒီ (၇)ကုဋေလောက် လူတွေက သင်ရဲ့မြေးမနဲ့ တူခဲ့ရင် သင် လိုချင်ပါသလား''

''မှန်ပါ... လိုချင်ပါတယ် ဘုရား''

''သာဝတ္ထိမြို့မှာ နေ့တိုင်း လူတွေ ဘယ်လောက် သေနေကြလဲ''

''အများကြီးပါပဲ ဘုရား''

''ဒီလိုဆိုရင် သင့်မှာ ဝမ်းမနည်းရတဲ့အချိန် မရှိနိုင်တော့ဘူး မဟုတ်လား၊ ညရော နေ့ပါ ငိုပြီးသာ နေနေရမှာပေါ့''

''မြတ်စွာဘုရား... ရှိပါစေတော့၊ တပည့်တော် သိပါပြီ''

အဲဒီအခါ ဘုရားရှင်က ဝိသာခါကို ဒီလိုမိန့်ပါတယ်။

''ဒီလိုဆိုရင် သင်ဟာ သောကရောက်မနေပါနဲ့၊ သောကရော ဘေးရန်ပါ အချစ်ကြောင့်သာ ဖြစ်တယ်''

''အချစ်ကြောင့် သောကဖြစ်တယ်၊ အချစ်ကြောင့် ဘေးဖြစ်တယ်၊ အချစ်မှ လွတ်သူမှာ သောကမရှိပါ၊ ဘေးဆိုတာ ဘယ်မှာရှိတော့မှာလဲ''

http://www.dhammadownload.com

တရားဒေသနာအဆုံးမှာ လူများစွာဟာ သောတာပန် စသည်တွေ ဖြစ်ကြပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၁၈၁)

ဝိသာခါရဲ့ အဲဒီမြေးမလေးနဲ့ ပတ်သက်ပြီး ဥဒါနအဋ္ဌကထာမှာ ဒီလိုပြထားပါသေးတယ်။

ဝိသာခါဥပါသိကာမကြီးရဲ့ သားရဲ့သမီးလေးဟာ သေသွားပါတယ်။ အဲဒီမြေးမလေးက ဝတ္တရားနဲ့ ပြည့်စုံပါတယ်၊ သာသနာမှာ အလွန်ကြည်ညိုပါတယ်၊ ဝိသာခါ ဥပါသိကာမကြီးရဲ့အိမ်ကို ဝင်လာကြတဲ့ ရဟန်းတွေအတွက်ရော ရဟန်းမတွေအတွက်ပါ ကိုယ်တိုင် လုပ်ထိုက်တဲ့ ဝေယျာဝစ္စကို ဆွမ်းမစားမီ နံနက်ပိုင်းမှာရော ဆွမ်းစားပြီး နောက်ပိုင်းမှာပါ မမေ့မလျော့ ပြုလုပ်ပါတယ်။ သူမရဲ့ အဘွားဖြစ်သူ ဝိသာခါရဲ့ စိတ်တိုင်းကျ ပြုလုပ်ပါတယ်။ ဒါကြောင့် ဝိသာခါဟာ အိမ်မှ အပြင်ကို ထွက်တဲ့အခါ အဲဒီမြေးမလေးအားသာ တာဝန်ပေးအပ်ပြီး သွားတယ်။ ရုပ်ရည်အားဖြင့်လည်း ကြည့်ရှုချင်ဖွယ် ဖြစ်တယ်။ စိတ်ကို ကြည်လင်စေပါတယ်။ ဒါကြောင့် ဝိသာခါက အဲဒီမြေးမလေးကို အထူးသဖြင့် ချစ်ခင်မြတ်နိုးပါတယ်။ အဲဒီမြေးမလေးဟာ ရောဂါနှိပ်စက်ခံရပြီး သေသွားပါတယ်။ အဲဒီအခါ ဝိသာခါဟာ အဲဒီမြေးမလေး သေသွားလို့ သောကမဆည်နိုင်အောင် ဖြစ်နေပါတယ်။ ကိုယ်စိတ်ဆင်းရဲစွာ မီးသင်္ဂြိုဟ်ပြီး ''ဘုရားရှင်ထံ သွားတဲ့အခါ ငါဟာ စိတ်သက်သာရာကို ရပါမူ ကောင်းပေစွ''လို့ တွေးပြီး ဘုရားရှင်ထံ ချဉ်းကပ်ပါတယ်။

(ဥဒါန၊ ဋ္ဌ၊ ၃၈၄)

http://www.dhammadownload.com

ဝိသာခါဟာ အဝတ်ရေစို၊ ဆံပင်ရေစိုနဲ့ နေ့မွန်းတည့်အချိန်မှာ ဘုရားရှင်ထံ သွားပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်နေပါတယ်။ ထိုင်နေတဲ့ ဝိသာခါကို ဘုရားရှင်က ဒီလိုမေးပါတယ်။

"ဝိသာခါ... သင်ဟာ အခု ဘယ်က လာခဲ့ပါသလဲ၊ အဝတ်ရေစို၊ ဆံပင်ရေစိုနဲ့ နေ့မွန်းတည့်အချိန်မှာ ဒီအရပ်ကို ချဉ်းကပ်လာတယ်"

"မြတ်စွာဘုရား... တပည့်တော် ချစ်မြတ်နိုးရတဲ့ မြေးမလေး သေသွားပါတယ်၊ ဒါကြောင့် တပည့်တော်ဟာ အဝတ်ရေစို၊ ဆံပင်ရေစိုနဲ့ မွန်းတည့်ချိန်မှာ ဒီအရပ်ကို ချဉ်းကပ်လာပါတယ်"

"ဝိသာခါ... သင်ဟာ သာဝတ္ထိမြို့က လူဦးရေလောက်ရှိတဲ့ သားသမီး၊ မြေးတွေကို အလိုရှိပါသလား။ (ဝိသာခါရဲ့ ဝင့်ဆင်းရဲမှာ ပျော်ပုံကိုသိလို့ နည်းလမ်းဥပါယ်နဲ့ သောကနည်းသွားအောင် ဘုရားရှင်က အဲဒီလို မေးလိုက်ပါတယ်။)

"မြတ်စွာဘုရား... သာဝတ္ထိမြို့က လူဦးရေလောက်ရှိတဲ့ သား၊ သမီး၊ မြေးတွေကို တပည့်တော်ဟာ အလိုရှိပါတယ်"

"ဝိသာခါ... သာဝတ္ထိမြို့က လူတွေ နေ့တိုင်း ဘယ်လောက်များများ သေကြသလဲ"

"၁၀ ယောက်လည်း သေကြပါတယ်၊ ၉၊ ၈၊ ၇၊ ၆၊ ၅၊ ၄၊ ၃၊ ၂၊ ၁ ယောက်လည်း သေကြပါတယ်၊ သာဝတ္ထိမြို့က သေတဲ့ လူတွေနဲ့ မကင်းဆိတ်ပါဘုရား"

"ဝိသာခါ... သင် ဘယ်လို ထင်ပါသလဲ၊ သင်ဟာ တစ်ခါတစ်ရံ အဝတ်၊ ဆံပင် ရေမစိုဘဲ ရှိနိုင်ပါဦးမလား"

http://www.dhammadownload.com

''မရှိနိုင်ပါဘုရား၊ အဲဒီလောက် များပြားလှတဲ့ သား၊ သမီး၊ မြေးတွေနဲ့ တပည့်တော်မှာ အကျိုးမရှိပါ ဘုရား''

''ဝိသာခါ...

အချစ် ၁၀၀ ရှိရင် ဒုက္ခ ၁၀၀
အချစ် ၉၀ ရှိရင် ဒုက္ခ ၉၀
အချစ် ၈၀ ရှိရင် ဒုက္ခ ၈၀
အချစ် ၇၀ ရှိရင် ဒုက္ခ ၇၀
အချစ် ၆၀ ရှိရင် ဒုက္ခ ၆၀
အချစ် ၅၀ ရှိရင် ဒုက္ခ ၅၀
အချစ် ၄၀ ရှိရင် ဒုက္ခ ၄၀
အချစ် ၃၀ ရှိရင် ဒုက္ခ ၃၀
အချစ် ၂၀ ရှိရင် ဒုက္ခ ၂၀
အချစ် ၁၀ ရှိရင် ဒုက္ခ ၁၀
အချစ် ၉ ရှိရင် ဒုက္ခ ၉
အချစ် ၈ ရှိရင် ဒုက္ခ ၈
အချစ် ၇ ရှိရင် ဒုက္ခ ၇
အချစ် ၆ ရှိရင် ဒုက္ခ ၆
အချစ် ၅ ရှိရင် ဒုက္ခ ၅
အချစ် ၄ ရှိရင် ဒုက္ခ ၄
အချစ် ၃ ရှိရင် ဒုက္ခ ၃
အချစ် ၂ ရှိရင် ဒုက္ခ ၂
အချစ် ၁ ရှိရင် ဒုက္ခ ၁

http://www.dhammadownload.com

အချစ် မရှိရင် ဒုက္ခ မရှိ

အဲဒီလိုပုဂ္ဂိုလ်ကွေကို သောက မရှိသူ၊ ကိလေသာမြူကင်းသူ၊ စိတ်ပူပန်မှု မရှိသူတွေလို့ ငါဘုရား ဟောတော်မူတယ်။

(ဥဒါန်းပါဠိ၊ ၁၉၀)

သား စသည် သေရင် မင်္ဂလာမရှိရာ အမှုကိစ္စ (အသုဘကိစ္စ စသည်)တွေမှာ မပြတ်ကျင်လည်ကျက်စား ဆောင်ရွက်ရတဲ့ အခြေအနေအရ ရေမှာ သက်ဆင်းရလို့ အဝတ်ရော၊ ဆံပင်ပါ ရေစိုကြရပါတယ်။

(ဥဒါန်း ဋ္ဌ၊ ၃၀၅)

❖ ○ ❖

http://www.dhammadownload.com

ကြောက်စရာအသံ

ဘုရားရှင်ဟာ ရာဖရိုဟ်မြို့က ဝေဠုဝန်ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအခါ မိန်းမ (၄)ယောက်ဟာ စွေးရောင်းတဲ့အခါ ချိန်တွယ်ရာ ကောက်ကျစ်မှု စတဲ့ အလုပ်တွေနဲ့ ထောပတ်၊ ပျားရည်၊ ဆီ၊ စပါး စသည်တွေကို ရောင်းကာ မသမာတဲ့နည်းနဲ့ စည်းစိမ်ဥစ္စာတွေကို စုဆောင်းပြီး အသက်မွေးကြပါတယ်။ သူတို့ သေသွားကြတဲ့အခါ မြို့ပြင်ဘက်က ကျုံးပေါ်မှာ ပြိတ္တာမတွေ ဖြစ်နေကြပါတယ်။ သူတို့ဟာ ညအခါ ဒုက္ခခံစားရလွန်းလို့ အောက်ပါအတိုင်း ညည်းတွားအော်ဟစ်ကာ ကြောက်မက်ဖွယ်အသံအကျယ်ကြီးနဲ့ အော်ဟစ်ကြပါတယ်။

"ငါတို့ဟာ တရားတဲ့ နည်းလမ်းနဲ့ရော၊ မတရားတဲ့ နည်းလမ်းနဲ့ပါ စည်းစိမ်ဥစ္စာတွေကို စုဆောင်းခဲ့ကြပါတယ်။ နှမြောလို့ ဘယ်သူ့

http://www.dhammadownload.com

အား ဘာတစ်ခုကိုမျှ မပေးဘဲ စုဆောင်းခဲ့ကြပါတယ်။ အဲဒီ ငါတို့ စုဆောင်းခဲ့တဲ့ စည်းစိမ်ဥစ္စာတွေကို အခုအခါ အခြားသူတွေက သုံးစွဲနေကြပါတယ်။ ငါတို့မှာတော့ ကောင်းမှုကို တစ်ခုမှ မလုပ်ခဲ့လို့ မကောင်းမှုကိုလည်း လုပ်ခဲ့လို့ အခုအခါ ပြိတ္တာဘဝရောက်ကာ ဒုက္ခအကြီးအကျယ် ခံစားနေကြရပါတယ်''

လူတွေက အဲဒီကြောက်စရာအသံကြီးကို ကြားရပြီး ကြောက်လန့်တုန်လှုပ်ကြပါတယ်။ မိုးလင်းတဲ့အခါ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအတွက် အလှူကြီး စီမံပြီး ဘုရားရှင်ကိုရော ရဟန်းအပေါင်းကိုပါ ပင့်ဖိတ်ကာ မွန်မြတ်တဲ့ ခဲဖွယ်၊ စားဖွယ်နဲ့ ပြုစုလုပ်ကျွေးပါတယ်။ ဆွမ်းဘုဉ်းပေးပြီးလို့ သပိတ်ကို ဘေးမှာ ချထားတဲ့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး အဲဒီဖြစ်ပုံကို လျှောက်ထားကြပါတယ်။ ဘုရားရှင်က ဒီလို မိန့်တော်မူပါတယ်။

''ဥပါသကာတို့... သင်တို့မှာ အဲဒီကြောက်စရာအသံကြောင့် ဘာအန္တရာယ်မှ မရှိပါ။ ပြိတ္တာမ (၄)ယောက်ဟာ ဒုက္ခခံစားရလွန်းလို့ သူမတို့ကိုယ်တိုင် မကောင်းမှုကို ပြောပြပြီး ငိုကြွေးတဲ့အနေနဲ့ ဖောက်ပြန်တဲ့အသံနဲ့ အထက်ပါအတိုင်း အော်ဟစ်ကြပါတယ်''

အဲဒီလို ဘုရားရှင်က ပြိတ္တာမတွေ ပြောတဲ့စကားကို ပြောပြပြီး သူမတို့ရဲ့ ဖြစ်ပုံကို ပြောပြကာ အဲဒီဖြစ်ပုံကို အကြောင်းပြုပြီး ရောက်လာတဲ့ ပရိသတ်အား တရားဟောပါတယ်။ အထက်မှာ သစ္စာတွေကို ထင်ရှားပြပါတယ်။ သစ္စာတရားအဆုံးမှာ လူများစွာဟာ သောတာပန် စသည်တွေ ဖြစ်သွားကြပါတယ်။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၂၆၁)

http://www.dhammadownload.com

မတရားတဲ့နည်းနဲ့ စီးပွားရှာကြတာဟာ အပါယ်သွားဖို့ လက်မှတ်ဖြတ်တာနဲ့ တူပါတယ်။ မတရားလောဘကြောင့် ကြီးမားတဲ့ သောကကို ခံစားနေကြရတဲ့ ပြိတ္တာမ (၄)ယောက်ရဲ့ ဘဝဟာ သင်ခန်းစာယူစရာ ကောင်းလှပါတယ်။

❖ ○ ❖

http://www.dhammadownload.com

နောင်တ

''မင်းကြီး... သင်ဟာ အခု မွန်းတည့်ချိန်မှာ ဘယ်က လာခဲ့ပါသလဲ''

အဲဒီလို ဘုရားရှင်က ရှေးဦးစွာ စကားပြောတော်မူပါတယ်။ အဲဒီကောသလမင်းက ဆိတ်ဆိတ်ပဲ ထိုင်နေပါတယ်။ အဲဒီကနောက် မလ္လိကာမိဖုရားက ဘုရားရှင်အား ဒီလိုလျှောက်ထားပါတယ်။

''မြတ်စွာဘုရား... ကောသလမင်းက အလယ်ပိုင်းယံရဲ့ အခြားမဲ့မှာ အသံကို ကြားရပါသတဲ့။ အဲဒီအခါ အဲဒီအကြောင်းကို ပုရောဟိတ်အား ပြောပြပါတယ်။ ပုရောဟိတ်က ဒီလိုပြောပါတယ်။

''မင်းကြီး... သင့်မှာ အသက်အန္တရာယ် ဖြစ်ပါလိမ့်မယ်။ အဲဒီအသက်အန္တရာယ်ကို ပယ်ဖျောက်ဖို့ အလုံးစုံတစ်ရာရှိ သတ္တဝါတွေကို ယူပြီး အဲဒီသတ္တဝါတွေရဲ့ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်ရင် အသက်ကို သင်ဟာ ရပါလိမ့်မယ်''

http://www.dhammadownload.com

''မင်းက သတ္တဝါတွေကို ဖမ်းယူခိုင်းပါတယ်။ ဒါကြောင့် ဒီကောသလမင်းကို တပည့်တော်ဟာ ဒီကို ခေါ်ဆောင်လာခဲ့ပါတယ်''

''မင်းကြီး... အဲဒီအတိုင်း ဟုတ်သတဲ့လား''

''မြတ်စွာဘုရား... အဲဒီအတိုင်းပါပဲ ဘုရား''

''သင်က အသံကို ဘယ်လို ကြားရပါသလဲ''

အဲဒီကောသလမင်းက သူကြားထားတဲ့နည်းအတိုင်းပဲ လျှောက်ပြပါတယ်။ ဘုရားရှင်မှာ အဲဒီစကားကို ကြားပြီးချင်းပဲ တစ်ခဲနက် အလင်းရောင် ဖြစ်ပေါ်လာပါတယ်။ အဲဒီအခါ ဘုရားရှင်က ကောသလမင်းကို ဒီလို မိန့်ပါတယ်။

''မင်းကြီး... မကြောက်ပါနဲ့၊ သင့်မှာ အန္တရာယ် မရှိပါ။ မကောင်းမှုပြုလုပ်ထားတဲ့ သတ္တဝါတွေဟာ သူတို့ရဲ့ ဒုက္ခကို ထင်စွာပြုကြရင်း အဲဒီလို ပြောကြတာ ဖြစ်တယ်''

''မြတ်စွာဘုရား... အဲဒီသတ္တဝါတွေက ဘာကို ပြုလုပ်ခဲ့ကြပါသလဲ''

အဲဒီအခါ ဘုရားရှင်က အဲဒီသတ္တဝါတွေရဲ့ကံကို ပြောပြဖို့ရာ ''မင်းကြီး... ဒီလိုဆိုရင် သင်ဟာ နားထောင်ပါ''လို့ မိန့်ပြီး အတိတ်အကြောင်းကို ဆောင်တော်မူပါတယ်။

ရှေးအခါက လူတွေရဲ့ အသက် နှစ်သောင်းသက်တမ်းမှာ ကဿပဘုရားရှင်ဟာ လောကမှာ ပွင့်တော်မူတယ်။ ရဟန္တာ နှစ်သောင်းနဲ့အတူ ခရီးလှည့်လည်ရင်း ဗာရာဏသီမြို့ကို ကဿပဘုရားရှင်ဟာ ကြွသွားပါတယ်။ ဗာရာဏသီမြို့သူမြို့သားတွေက နှစ်ယောက်

http://www.dhammadownload.com

ရော၊ သုံးယောက်ရော၊ အဲဒီထက် အများရော တစ်ပေါင်းတည်းဖြစ်ကာ ညည့်သည်တွေအား လှူတဲ့အလှူကို လှူကြပါတယ်။

အဲဒီအခါ ဗာရာဏသီမြို့မှာ ကုဋေ (၄၀)ကြွယ်ဝတဲ့ သူဌေးသားလေးယောက်ဟာ သူငယ်ချင်းတွေ ဖြစ်နေကြပါတယ်။ သူတို့က ဒီလို တိုင်ပင်ကြပါတယ်။

''ငါတို့ရဲ့အိမ်မှာ ဥစ္စာတွေ အများကြီး ရှိတယ်။ အဲဒီဥစ္စာနဲ့ ငါတို့ဟာ ဘာကို လုပ်ကြမလဲ''

''ဒီလို ဘုရားရှင် ခရီးလှည့်လည်နေတဲ့အခါ အလှူကို လှူကြမယ်၊ သီလကို စောင့်ကြမယ်၊ ပူဇော်မှုကို ပြုကြမယ်''

အဲဒီလို တစ်ယောက်ကတောင်မှ မပြောဘဲ အဲဒီသူဌေးသားလေးယောက်ထဲမှ တစ်ယောက်က ဒီလို ရှေးဦးစွာ ပြောလာပါတယ်။

''ငါတို့ဟာ ထက်မြက်တဲ့အရက်ကို သောက်ပြီး ချိုမြိန်တဲ့ အသားကို စားကာ လှည့်လည်ကြမယ်။ အဲဒါဟာ ငါတို့ အသက်ရှင်ရခြင်းရဲ့ အကျိုးပဲ''

နောက်တစ်ယောက်လည်း ဒီလို ပြောပါတယ်။

''ငါတို့ဟာ နေ့တိုင်း သုံးနှစ်ကြာ သလေးစပါးထမင်းမွှေးမွှေးကို အကောင်းဆုံးအရသာအမျိုးမျိုးပါတဲ့ ဟင်းတွေနဲ့ စားကာ လှည့်လည်ကြပါမယ်''

နောက်တစ်ယောက်ကလည်း ဒီလို ပြောပါတယ်။

''မုန့်၊ ခဲဖွယ် အထူးအမျိုးမျိုးကို အကြော်ခိုင်းပြီး စားကာ လှည့်လည်ကြမယ်''

နောက်တစ်ယောက်ကလည်း ဒီလို ပြောပါတယ်။

http://www.dhammadownload.com

''မိတ်ဆွေတို့... ငါတို့ဟာ အခြား ဘာကိုမှ မလုပ်ကုန်အံ့။ ဥစ္စာကို ငါတို့ ပေးကြမယ်''လို့ပြောရင် အလိုမရှိတဲ့ မိန်းမဆိုတာ မရှိပါ။ ဒါကြောင့် ဥစ္စာနဲ့ ဖြားယောင်းကာ သူတစ်ပါး သမီး၊ မယား လွန်ကျူးစော်ကားတဲ့အမှုကို ပြုလုပ်ကြမယ်''

''ကောင်းပြီ၊ ကောင်းပြီ''လို့ပြောကာ အားလုံးပဲ အဲဒီနောက်ဆုံး သူဌေးရဲ့စကားမှာ ရပ်တည်ကြပါတယ်။ အဲဒီသူဌေးသားတွေဟာ အဲဒီအချိန်ကစပြီး ချောမောလှပတဲ့ မိန်းမတွေထံ ဥစ္စာစေလွှတ်ကာ နှစ်ပေါင်း နှစ်သောင်းတို့ပတ်လုံး သူတစ်ပါး သမီး၊ မယား လွန်ကျူးစော်ကားတဲ့အမှုကို ပြုလုပ်ကြပါတယ်။ သေပြီး အဝီစိငရဲမှာ ဖြစ်ကြပါတယ်။ အဲဒီသူဌေးသား လေးယောက်ဟာ ဘုရားရှင် နှစ်ဆူတို့ရဲ့ အကြားကာလတစ်ခုပတ်လုံး ငရဲမှာ ကျက်ကြရပါတယ်။ အဲဒီငရဲမှာ သေပြီး ကံအကျိုးအကြွင်းအရ ယူဇနာ (၆၀)ရှိတဲ့ သံရည်ပူအိုးငရဲမှာ ဖြစ်ကြရပါတယ်။ နှစ်ပေါင်း သုံးသောင်းကြာ သံရည်ပူငရဲအိုးရဲ့အောက် အပြင်သို့ ရောက်ကြရပါတယ်။

တစ်ဖန်လည်း နှစ်ပေါင်း သုံးသောင်းကြာ သံရည်ပူငရဲအိုးရဲ့ နှုတ်ခမ်းအဝသို့ ရောက်ကြရပါတယ်။ ဂါထာတစ်ပုဒ်စီကို ရွတ်ဆိုလိုကြပေမယ့် မရွတ်ဆိုနိုင်ကြလို့ အက္ခရာတစ်လုံးစီကိုသာ ရွတ်ဆိုကာ တစ်ဖန်ပြန်လှည့်ပြီး သံရည်ပူငရဲအိုးထဲသာ ဝင်သွားကြပါတယ်။

''မင်းကြီး... ပြောပြပါ၊ သင်ဟာ ပထမဆုံး ဘယ်အသံကို ကြားရပါသလဲ''လို့ ဘုရားရှင်က မိန့်တော့ မင်းကြီးက ဒီလို လျှောက်ပါတယ်။

''မြတ်စွာဘုရား... ဒုဆိုတဲ့ အသံကိုပါ ဘုရား''

http://www.dhammadownload.com

ဘုရားရှင်က အဲဒီငရဲသား မပြည့်မစုံပြုလုပ်ပြီး ပြောလိုက်တဲ့ ဂါထာစကားကို ပြည့်စုံအောင်ပြုပြီး ပြလိုလို့ အောက်ပါစကားကို မိန့်ပါတယ်။

''ငါတို့ဟာ လှူဖွယ်ပစ္စည်းရှိပါလျက် မပေးလှူခဲ့ကြတဲ့အတွက် ပညာရှိတွေ ကဲ့ရဲ့အပ်တဲ့ အသက်ရှင်နည်းနဲ့ အသက်ရှင်ခဲ့ကြပါတယ်။ စည်းစိမ်ဥစ္စာတွေ ငါတို့မှာ ရှိပါလျက် မိမိရဲ့ ဆောက်တည်ရာကျွန်း သဖွယ် ကုသိုလ်ကို မပြုလုပ်ခဲ့ကြပါ''

ကောသလမင်းအား အဲဒီဂါထာရဲ့အဓိပ္ပာယ်ကို ပြောပြပြီး ''မင်းကြီး... သင်က ဒုတိယအသံ၊ တတိယအသံ၊ စတုတ္ထအသံကို ဘယ်လို ကြားရပါသလဲ''လို့ မေးတဲ့အခါ ''ဒီလိုပါဘုရား''လို့ ဖြေတဲ့ အတွက် ကျန်တာကို ဖြည့်ပေးကာ ဒီလို မိန့်ကြားပါတယ်။

''ဒီသံရည်ပူငရဲမှာ နှစ်ပေါင်း ခြောက်သောင်းတင်းတင်းပြည့် သွားပါပြီ၊ ဒီငရဲမှာ ကျက်နေရတဲ့ ငါတို့ရဲ့ ဆင်းရဲအဆုံးက ဘယ် တော့မှ ဖြစ်ပါ့မလဲ''

''သင့်မှာရော ငါ့မှာပါ ဒီဒုက္ခရဲ့အဆုံးဟာ မရှိပါ။ အဆုံးကို မမြင်ရပါ၊ အဲဒီလို ဒုက္ခမဆုံးနိုင်လောက်အောင် သင်ရော၊ ငါပါ မကောင်းမှုကို ပြုလုပ်ခဲ့ကြပါတယ်''

''ငါဟာ တကယ်လို့များ ဒီသံရည်ပူငရဲမှ လွတ်ပြီး လူ့ဘဝ ကို ရခဲ့ရင် လှူပါတော့မယ်၊ သီလနဲ့ပြည့်စုံသူ ဖြစ်ပါမယ်၊ အရင်ကလို မမေ့မလျော့တော့ဘဲ ကုသိုလ်ကောင်းမှုကို အများကြီး ပြုလုပ်ဆည်းပူး ပါတော့မယ်''

http://www.dhammadownload.com

အစဉ်အတိုင်း ဒီဂါထာစကားတွေကို မိန့်ပြီး အဲဒီဂါထာတွေရဲ့ အဓိပ္ပာယ်ကို ထင်ရှားပြကာ ဒီလို မိန့်ပါတယ်။

''မင်းကြီး... အဲဒီသူဌေးသား လေးယောက်ဟာ တစ်ဂါထာစီ ပြောဆိုလိုကြပေမယ့် မပြောနိုင်ကြဘဲ ဒု ဆိုတဲ့ အက္ခရာတစ်လုံး၊ သ ဆိုတဲ့ အက္ခရာတစ်လုံး၊ နု ဆိုတဲ့ အက္ခရာတစ်လုံး၊ သော ဆိုတဲ့ အက္ခရာတစ်လုံးကိုသာ ပြောပြီး သံရည်ပူငရဲထဲပဲ ပြန်ဝင်သွားကြရပါတယ်။

(မမူပဒ၊ ဌ၊ ပ၊ ၂၇၆)

ဒုဇ္ဇိဝိတမဇိဝိမှ စသည်ဖြင့် ပါဠိဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုပေမယ့် ဒု ဆိုတဲ့ အစဆုံး စကားလုံးတစ်လုံးကိုသာ ပထမသူဌေးသားက ရွတ်သွားနိုင်ရှာပါတယ်။

ဒုတိယသူဌေးသားက သဒ္ဒဝဿသဟဿာနိ စသည်ဖြင့် ပါဠိဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုပေမယ့် သ ဆိုတဲ့ အစဆုံး စကားလုံးတစ်လုံးကိုသာ ရွတ်ဆိုသွားနိုင်ရှာပါတယ်။

တတိယသူဌေးသားက နတ္ထိ အန္တော ကုတော အန္တော စသည်ဖြင့် ပါဠိဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုပေမယ့် နု ဆိုတဲ့ အစဆုံး စကားလုံးတစ်လုံးကိုသာ ရွတ်ဆိုသွားနိုင်ရှာပါတယ်။

စတုတ္ထသူဌေးသားက သောဟံ နူန ကွတော ဂန္ဓာ စသည်ဖြင့် ပါဠိဂါထာတစ်ပုဒ်ကို ရွတ်ဆိုလိုပေမယ့် သော ဆိုတဲ့ အစဆုံး စကားလုံးတစ်လုံးကိုသာ ရွတ်ဆိုသွားနိုင်ရှာပါတယ်။

သူတစ်ပါးသမီး၊ မယားတွေကို ကျူးလွန်ချင်တဲ့ လောဘက

http://www.dhammadownload.com

သူဌေးသားလေးယောက်ကို သံရည်ပူငရဲ၊ အဝီစိငရဲတွေမှာ ဒုက္ခအကြီး အကျယ် ခံရစေပါတယ်။ ကြီးမားလှတဲ့ နောင်တတွေ၊ သောကတွေ ကို ရစေပါတယ်။ လောဘကြောင့် ဒုက္ခဖြစ်ရတယ်ဆိုတဲ့ ဓမ္မသဘာဝ ကို သူဌေးသားလေးယောက်ဟာ ငရဲရောက်ခါမှ သဘောပေါက်နိုင် ကြပါတော့တယ်။ လူ့ဘဝတုန်းက ကုသိုလ်ယူမယ်ဆိုရင် ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ကုသိုလ်မျိုးစုံကို ယူနိုင်ပါလျက် မယူကြဘဲ ကာမဂုဏ် ကို လွန်လွန်ကျူးကျူး တပ်မက်လိုက်စားတဲ့ ကာမကိလေသာအထုပ် ကိုသာ များများ ထုပ်ယူသွားကြလို့ သောကကို ရင်ဝယ်ပိုက်ကာ နောင်တ အကြီးအကျယ် ရနေကြရှာတဲ့ သူဌေးသားလေးယောက်ဘဝ ကို သင်ခန်းစာယူဖို့ ကောင်းလှပါတယ်။

❖ ○ ❖

http://www.dhammadownload.com

ကြောင်

အခါတစ်ပါးမှာ အရှင်နာရဒဟာ ပါဋလိပုတ်မြို့က ကုက္ကုဋ္ဌာရုံကျောင်းမှာ သီတင်းသုံးပါတယ်။ အဲဒီအခါ မုဏ္ဍမင်းရဲ့ ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရား ကွယ်လွန်သွားပါတယ်။ အဲဒီ မုဏ္ဍမင်းဟာ ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရား ကွယ်လွန်သွားတဲ့အတွက် ရေမချိုး၊ နံ့သာမလိမ်းကျံ၊ ထမင်းမစားပါ။ အလုပ်မလုပ်ပါ။ နေ့ညဉ့်ပတ်လုံး ဘဒ္ဒါမိဖုရားရဲ့ အလောင်းကောင်ပေါ်မှာပဲ သက်ဝင်မိန်းမောနေပါတယ်။ အဲဒီအခါ မုဏ္ဍမင်းက ဘဏ္ဍာတိုက်စောင့် ပိယကကို ဒီလိုပြောပါတယ်။

"အမောင်ပိယက ... သင့်ကို တိုက်တွန်းပါတယ်၊ ဘဒ္ဒါမိဖုရားရဲ့အလောင်းကို သံနဲ့ပြုလုပ်ထားတဲ့ ဆီစက္ကူးမှာ ထည့်ပြီး သံနဲ့ပြုလုပ်ထားတဲ့ အခြားစက္ကူနဲ့ မှောက်ထားပါ၊ အဲဒီလိုလုပ်ရင် ငါတို့ဟာ ဘဒ္ဒါမိဖုရားရဲ့အလောင်းကို ပိုပြီး အချိန်ကြာမြင့်စွာ မြင်တွေ့ကြရပါမယ်"

http://www.dhammadownload.com

''ကောင်းပါပြီ အရှင်မင်း''လို့ မုဏ္ဍာမင်းအား ဝန်ခံပြီး ပိယကက ဘဒ္ဒါမိဖုရားရဲ့အလောင်းကို သံနဲ့ပြုလုပ်ထားတဲ့ ဆီစကျင်းမှာ ထည့်ကာ သံနဲ့ပြုလုပ်ထားတဲ့ အခြားစကျင်းနဲ့ မှောက်ထားလိုက်ပါတယ်။ အဲဒီအခါ ပိယကမှာ ဒီလိုအကြံ ဖြစ်ပေါ်လာပါတယ်။

''ဒီမုဏ္ဍာမင်းရဲ့ ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရားဟာ ကွယ်လွန်သွားပြီ၊ အဲဒီမုဏ္ဍာမင်းက ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရား ကွယ်လွန်သွားတဲ့အတွက် ရေမချိုး၊ နံ့သာမလိမ်းကျံ၊ ထမင်းမစား၊ အလုပ်မလုပ်၊ နေ့ညဉ့်ပတ်လုံး ဘဒ္ဒါမိဖုရားရဲ့ အလောင်းကောင်ပေါ်မှာပဲ သက်ဝင်မိန်းမောနေတယ်။ တရားကို နာကြားရလို့ သောကငြောင့်ကို ပယ်နုတ်ပေးနိုင်မယ့် ဘယ်လိုရဟန်း၊ ပုဏ္ဏားကို မုဏ္ဍာမင်းဟာ ချဉ်းကပ်ရပါ့မလဲ''

ပိယကမှာ ဒီလိုအကြံ ဖြစ်ပေါ်လာပါတယ်။

''ဒီအရှင်နာရဒဟာ ပါဋ္ဌလိပုတ်က ကုက္ကုဋ္ဌာရုံကျောင်းမှာ သီတင်းသုံးနေတယ်။ အဲဒီအရှင်နာရဒရဲ့ ကောင်းသတင်းက ဒီလို ကျော်စောနေတယ်''

''ပညာရှိတယ်၊ ထက်မြက်တယ်၊ သုတများတယ်၊ ဆန်းကြယ်တဲ့တရားကို ဟောတတ်တယ်၊ ရုတ်တရက် ဉာဏ်ကောင်းတယ်၊ အသက်လည်း ကြီးပြီ၊ ရဟန္တာလည်း ဟုတ်တယ်''

မုဏ္ဍာမင်းဟာ ''အရှင်နာရဒထံ ချဉ်းကပ်ရင် ကောင်းလေစွ။ မုဏ္ဍာမင်းဟာ အရှင်နာရဒရဲ့ တရားကို ကြားနာရပြီး သောကငြောင့်ကို ပယ်နုတ်နိုင်ကောင်းရာပါ၏''

http://www.dhammadownload.com

အဲဒီအခါ ပိယကက မုဏ္ဍမင်းရှိရာကို သွားပြီး မုဏ္ဍမင်းကို ဒီလို ပြောပါတယ်။

''အရှင်မင်း... ဒီအရှင်နာရဒဟာ ပါဋ္ဌလိပုတ်က ကုက္ကုဠရဲ့ ကျောင်းမှာ သီတင်းသုံးနေပါတယ်။ အဲဒီအရှင်နာရဒရဲ့ ကောင်းသတင်းက ဒီလိုကျော်စောနေပါတယ်''

''ပညာရှိတယ်၊ ထက်မြက်တယ်၊ သုတများတယ်၊ ဆန်းကြယ်တဲ့တရားကို ဟောတတ်တယ်၊ ရုတ်တရက် ဉာဏ်ကောင်းတယ်၊ အသက်လည်း ကြီးပြီ၊ ရဟန္တာလည်း ဟုတ်တယ်''

''အရှင်မင်းဟာ အရှင်နာရဒထံ ချဉ်းကပ်ရင် အရှင်နာရဒရဲ့ တရားကို ကြားနာရပြီး သောကငြောင့်ကို ပယ်နုတ်နိုင်ရာပါတယ်''

''အမောင်ပိယက... ဒီလိုဆိုရင် အရှင်နာရဒကို ကြိုတင် အသိပေးလျှောက်ထားပေးပါ၊ ငါလို မင်းဖြစ်သူက နိုင်ငံမှာ နေတဲ့ သမဏ သို့မဟုတ် ဗြဟ္မဏကို ကြိုတင်အသိမပေးဘဲ ချဉ်းကပ်ထိုက်တယ်လို့ ဘယ်မှာ ယူဆနိုင်မှာလဲ''

''ကောင်းပါပြီ အရှင်မင်း''လို့ ပိယကက မုဏ္ဍမင်းအား ဝန်ခံကာ အရှင်နာရဒထံ ချဉ်းကပ်ပြီး ရှိခိုးကာ သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ပြီးတော့ အရှင်နာရဒကို ဒီလို လျှောက်ထားပါတယ်။

''အရှင်ဘုရား... ဒီမုဏ္ဍမင်းရဲ့ ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရား ကွယ်လွန်သွားပါတယ်၊ အဲဒီ မုဏ္ဍမင်းဟာ ချစ်ခင်မြတ်နိုးရတဲ့ ဘဒ္ဒါမိဖုရား ကွယ်လွန်သွားတဲ့အတွက် ရေမချိုး၊ နံ့သာမလိမ်းကျံ၊ ထမင်းမစား၊ အလုပ်မလုပ်ပါ၊ နေ့ညဉ့်ပတ်လုံး ဘဒ္ဒါမိဖုရားရဲ့ အလောင်းကောင်ပေါ်မှာပဲ သက်ဝင်မိန်းမောနေပါတယ်။ တောင်းပန်

http://www.dhammadownload.com

ပါတယ် ဘုရား။ မုဏ္ဍမင်းရဲ့ သောကငြောင့်ကို ပယ်နုတ်ပေးနိုင်မယ့် တရားကို အရှင်နာရဒဟာ မုဏ္ဍမင်းအား ဟောကြားပေးတော်မူပါ''

''ဗိုယကာ... မုဏ္ဍမင်းဟာ ချဉ်းကပ်ဖို့ အချိန်အခါကို သိပါတယ်''

အဲဒီအခါ ဝိယကာက နေရာမှ ထပြီး အရှင်နာရဒကို ရှိခိုးကာ အရိုအသေပေးပြုပြီး မုဏ္ဍမင်းရှိရာသို့ ချဉ်းကပ်ပါတယ်၊ မုဏ္ဍမင်းကို ဒီလိုပြောပါတယ်။

''အရှင်မင်း... အရှင်နာရဒက ခွင့်ပြုပြီးပါပြီ၊ အရှင်မင်းဟာ ချဉ်းကပ်ဖို့အချိန်အခါကို သိပါတယ်''

''အမောင်ဗိုယကာ... ဒီလိုဆိုရင် အလွန်ကောင်းတဲ့ ယာဉ်တွေကို ပြင်ဆင်ခိုင်းပါ''

''ကောင်းပါပြီ အရှင်မင်း'' လို့ ဗိုယကာက မုဏ္ဍမင်းအား ဝန်ခံကာ အလွန်ကောင်းတဲ့ယာဉ်တွေကို ယှဉ်တပ်ဝေပြီး မုဏ္ဍမင်းကို ဒီလိုပြောပါတယ်။

''အရှင်မင်း... အရှင်မင်းအတွက် အလွန်ကောင်းတဲ့ယာဉ်တွေကို ယှဉ်တပ်ပြီးပါပြီ၊ အရှင်မင်းဟာ သွားဖို့အချိန်ကို သိတော်မူပါတယ်''

အဲဒီအခါ မုဏ္ဍမင်းဟာ အလွန်ကောင်းတဲ့ ယာဉ်ပေါ် တက်ပြီး အလွန်ကောင်းတဲ့ ယာဉ်တွေနဲ့ ကုဏ္ဍဂြာရုံကျောင်းရှိရာသို့ ကြီးကျယ်တဲ့ မင်းအာနုဘော်နဲ့ အရှင်နာရဒကို ဖူးဖို့ ထွက်ခွာသွားပါတယ်။ ယာဉ်နဲ့ သွားလို့ရတဲ့ နေရာတိုင်အောင် ယာဉ်နဲ့ သွားပြီး ယာဉ်ပေါ်မှ သက်ဆင်းကာ ခြေလျင်ပဲ အာရာမ်ထဲ ဝင်သွားပါတယ်။ အဲဒီအခါ မုဏ္ဍမင်းက

http://www.dhammadownload.com

အရှင်နာရဒရှိရာကို ချဉ်းကပ်ကာ ရှိခိုးပြီး သင့်တင့်ရာအရပ်မှာ ထိုင်ပါတယ်။ ထိုင်နေတဲ့ မုဏ္ဍမင်းကို အရှင်နာရဒက ဒီစကားကို မိန့်မိတာယ်။

''မင်းကြီး... ဒီအရာ (၅)မျိုးကို သမဏ၊ ဗြဟ္မဏ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာလောကမှာ ဘယ်သူကမှ တောင့်တလို့ မရနိုင်ပါ။ အိုတတ်တာကို မအိုပါနဲ့လို့၊ နာတတ်တာကို မနာပါနဲ့လို့၊ သေတတ်တာကို မသေပါနဲ့လို့၊ ကုန်တတ်တာကို မကုန်ပါနဲ့လို့၊ ပျက်တတ်တာကို မပျက်ပါနဲ့လို့ တောင့်တလို့ မရနိုင်ပါ''

''မင်းကြီး... အကြားအမြင်မရှိတဲ့ ပုထုဇဉ်မှာ အိုရ၊ နာရ၊ သေရ၊ ကုန်ရ၊ ပျက်ရတဲ့အခါ ဒီလို မဆင်ခြင်မိပါ''

''ငါတစ်ယောက်တည်းသာ အိုရ၊ နာရ၊ သေရ၊ ကုန်ရ၊ ပျက်ရတာမဟုတ်။ ဘဝရလာတဲ့ သတ္တဝါမှန်သမျှ အိုရတယ်၊ နာရတယ်၊ သေရတယ်၊ ကုန်ရတယ်၊ ပျက်ရတယ်၊ ငါ အိုရလို့၊ နာရလို့၊ သေရလို့၊ ကုန်ရလို့၊ ပျက်ရလို့၊ ဝမ်းနည်းရင်၊ ပင်ပန်းရင်၊ ငိုကြွေးရင်၊ ရင်ဘတ်တီးကာ ဟစ်အော်ရင်၊ တွေဝေမိန်းမောရင် ငါ အစားလည်း ပျက်မယ်၊ အလှလည်း ပျက်မယ်၊ အလုပ်တွေလည်း ပျက်မယ်၊ ရန်သူတွေလည်း ဝမ်းသာကြမယ်၊ မိတ်ဆွေတွေလည်း ဝမ်းနည်းကြလိမ့်မယ်''

အဲဒီအကြားအမြင်မရှိတဲ့ ပုထုဇဉ်ဟာ အိုရ၊ နာရ၊ သေရ၊ ကုန်ရ၊ ပျက်ရတဲ့အခါ ဝမ်းနည်းတယ်၊ ပင်ပန်းတယ်၊ ငိုတယ်၊ ရင်ဘတ်တီးကာ အော်ဟစ်တယ်၊ တွေဝေမိန်းမောတယ်၊ အဆိပ်ပါတဲ့ သောကငြောင့် ထိုးဖောက်ခံရကာ ကိုယ့်ကိုယ်ကိုပဲ ပူလောင်စေပါတယ်။

http://www.dhammadownload.com

အကြားအမြင်ရှိတဲ့ ဘုရားတပည့် (အရိယသာဝက) ကတော့ ပြောင်းပြန်ပါပဲ။ အထက်ပါအတိုင်း စဉ်းစားဆင်ခြင်တတ်လို့ အိုရ၊ နာရ၊ သေရ၊ ကုန်ရ၊ ပျက်ရတဲ့အခါမှာ ဝမ်းမနည်း၊ မပင်ပန်း၊ မငိုရင်ဘတ်တီးကာ မဟစ်အော်၊ မတွေဝေ၊ မမိန်းမော၊ အဆိပ်ပါတဲ့သောကငြောင့်ကို ပယ်နုတ်ပါတယ်၊ သောကငြောင့်ကင်းကာ ကိုယ့်ကိုယ်ကိုပဲ ငြိမ်းအေးစေပါတယ်။

စိုးရိမ်ပူဆွေးလို့၊ ငိုကြွေးလို့၊ ကြီးပွားမှု အနည်းငယ်လေးကိုတောင် မရနိုင်ပါ။ ဝမ်းနည်းဒုက္ခရောက်နေတာကို သိရလို့ ရန်သူတွေက ဝမ်းသာကြတယ်။

အကြောင်းအရာ (ကိစ္စ)တွေမှာ ဆုံးဖြတ်မှု၊ ကျွမ်းကျင်တဲ့ ပညာရှိဟာ ဘေးရန်တွေကြောင့် မတုန်လှုပ်။ မျက်နှာအမူအရာ မပြောင်းလဲတာကို တွေ့ရလို့ ရန်သူတွေက ဆင်းရဲကြတယ်။

မန္တာန်ကို ရွတ်ခြင်း၊ ပညာရှိတွေနဲ့ တိုင်ပင်ခြင်း၊ ချစ်ဖွယ်သောစကားကို ပြောခြင်း၊ လက်ဆောင်ပေးခြင်း၊ ဆွေမျိုးစပ်ပြခြင်းတွေနဲ့ ရန်သူတွေကို အောင်နိုင်ရပါတယ်။ ကြီးပွားမှုရကြောင်း၊ တစ်နည်းနည်းနဲ့ ကြိုးစားကာ ရန်သူတွေကို အောင်နိုင်ရပါတယ်။

နည်းအမျိုးမျိုးနဲ့ ကြိုးစားလို့မရနိုင်တာကို သိတဲ့အခါ ပညာရှိဟာ ဝမ်းမနည်းဘဲ ''ငါဟာ ရှေးက လုပ်ခဲ့တဲ့အလုပ်ကို ခိုင်ခိုင်မြဲမြဲ မလုပ်နိုင်ခဲ့၊ ယခု ငါ ဘယ်လို လုပ်နိုင်မလဲ''လို့ တွေးကာ သည်းခံရပါတယ်။

အရှင်နာရဒက အဲဒီလို မိန့်ပြီးတဲ့အခါ မုဏ္ဍမင်းက အရှင်နာရဒကို ဒီလိုမေးပါတယ်။

http://www.dhammadownload.com

''အရှင်ဘုရား... ဒီတရားဒေသနာက နာမည်ဘယ်လိုရှိပါသလဲ''

''မင်းကြီး... ဒီတရားဒေသနာက သောကငြောင့်ကို ပယ်ရှားပေးတဲ့တရား မည်ပါတယ်''

''တကယ်ပဲ သောကငြောင့်ကို ပယ်ရှားပေးပါတယ် ဘုရား၊ မှန်ပါတယ်၊ ဒီတရားဒေသနာကို နာကြားပြီး တပည့်တော်ဟာ သောကငြောင့်ကို ပယ်နုတ်လိုက်ပါပြီ''

''အဲဒီအခါ မုဏ္ဍမင်းက ပိယကကို ဒီလိုပြောလိုက်ပါတယ်။

''အမောင်ပိယက... တိုက်တွန်းပါတယ်၊ ဘဒ္ဒါမိဖုရားရဲ့ အလောင်းကို မီးရှို့လိုက်ကြပါ၊ သူမအတွက် စေတီလည်း တည်လိုက်ကြပါ၊ ဒီနေ့ အခုကစပြီး ငါတို့ဟာ ရေလည်း ချိုးကြတော့မယ်၊ နံ့သာလည်း လိမ်းကျံကြတော့မယ်၊ ထမင်းလည်း စားကြတော့မယ်၊ အလုပ်တွေကို လုပ်ကြတော့မယ်''

(အံ၊ ၂၊ ၂၅၀)

လောဘတဏှာကြောင့်၊ သောကကြောင့် စူးဝင်နေရရှာတဲ့ မုဏ္ဍမင်းခမျာ အရှင်နာရဒရဲ့ ကျေးဇူးကြောင့် အထူးပဲ ချမ်းသာပါတော့တယ်။ အရှင်နာရဒရဲ့ ကျေးဇူးကား ကြီးမားလှပါပေတယ်။

❖ ○ ❖

http://www.dhammadownload.com

နှစ်ပက်ရှုံး

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်ပါတယ်။ ဘုရားလောင်းက ရက္ခစိုးနတ် ဖြစ်ပါတယ်။ အဲဒီအခါ ရွာငယ်တစ်ရွာမှာ တံငါသည်တွေ နေကြပါတယ်။ တံငါသည်တစ်ယောက် ငါးမျှားချိတ်ကို ယူပြီး သားငယ်နဲ့အတူ ပင်ကိုအားဖြင့်လည်း တံငါသည်တွေ၊ ငါးတွေကို ဖမ်းယူရာ တွင်းသို့ သွားကာ ငါးမျှားချိတ်ကို ပစ်ချလိုက်ပါတယ်။ ငါးမျှားချိတ်က ရေနဲ့ ဖုံးကွယ်ထားတဲ့ သစ်ငုတ်တစ်ခုမှာ ငြိကပ်နေပါတယ်။ တံငါသည်က အဲဒီငါးမျှားချိတ်ကို ဆွဲယူဖို့ မစွမ်းနိုင်တဲ့အတွက် ဒီလိုကြံပါတယ်။

''ဒီငါးမျှားချိတ်ဟာ ငါးကြီးမှာ ငြိကပ်နေတာ ဖြစ်လိမ့်မယ်။ သားငယ်ကို အမေထံ စေလွှတ်ပြီး အိမ်နီးချင်းလူတွေနဲ့အတူ ရန်ဖြစ်ခိုင်းမယ်၊ အဲဒီလိုဆိုရင် ဒီအဖို့အစုမှ တစ်ယောက်ကမှ အဖို့အစုကို တောင့်တလိမ့်မယ်မဟုတ်''

http://www.dhammadownload.com

ဖခင်က သားကို ဒီလို ပြောပါတယ်။

''ချစ်သား... သွားပါ၊ ငါတို့ဟာ ငါးကြီးကို ရထားကြောင်းကို အမေ့အား ပြောပြပါ၊ အိမ်နီးချင်းလူတွေနဲ့အတူ ရန်ဖြစ်ပါတဲ့လို့ ပြောပါ''

ဖခင်က သားကို စေလွှတ်ပြီး ငါးမျှားချိတ်ကို မဆွဲငင်နိုင်လို့ ကြိုးပြတ်မှာ ကြောက်တဲ့အတွက် အပေါ်ရုံအင်္ကျီကို ကုန်းပေါ် တင်ထားပြီး ရေထဲ ဆင်းကာ ငါးလောဘကြောင့် ငါးကို စုံစမ်းတဲ့အခါ သစ်ငုတ်တွေနဲ့ ထိခိုက်ပြီး မျက်စိတွေ ကွဲပျက်ကုန်ပါတယ်။ သူ့ရဲ့ ကုန်းပေါ်မှာ ထားတဲ့ အင်္ကျီလည်း သူခိုးက ခိုးယူပါတယ်။ သူဟာ ဒုက္ခဝေဒနာခံစားရပြီး လက်နဲ့ မျက်စိတွေကို ဖိနှိပ်လျက် ယူပြီး ရေမှ တက်ကာ တုန်လှုပ်လျက် အင်္ကျီကို ရှာဖွေပါတယ်။ သူ့ရဲ့မယားက လည်း ''ရန်ဖြစ်ပြီး တစ်စုံတစ်ယောက်ကမှ မတောင့်တ (မလိုချင်) အောင် လုပ်မယ်''လို့ ကြံကာ နားရွက်တစ်ဖက်မှာသာ ထန်းရွက်ကို ပန်ဆင်ပြီး မျက်လုံးတစ်ဖက်ကို ထမင်းအိုးက အိုးမည်းနဲ့ ကွင်းကာ ခွေးကို ရင်ခွင်မှာ ပွေ့ယူပြီး အိမ်နီးချင်းတွေရဲ့အိမ်ကို သွားပါတယ်။ အဲဒီအခါ သူမကို သူငယ်ချင်းတစ်ယောက်က ဒီလိုပြောပါတယ်။

''သင့်မှာ နားတစ်ဖက်မှာသာ ထန်းရွက်ကို ဖန်ဆင်းထားတယ်။ မျက်လုံးတစ်ဖက်ကို ကွင်းထားတယ်။ ခွေးကို သားချစ်လို ရင်ခွင်မှာ ပွေ့ချီပြီး တစ်အိမ်မှ တစ်အိမ်သို့ သွားနေတယ်။ သင်ဟာ ရူးနေသလား''

''ငါဟာ မရူးပါ၊ သင်က ငါ့ကို အကြောင်းမဲ့ ဆဲရေးရေရွတ်တယ်၊ အခု သင့်ကို ရွာစားထံ သွားပြီး (၈)ကျပ် ဒဏ်တပ်ခိုင်းမယ်''

http://www.dhammadownload.com

အဲဒီလိုပြောကာ ရန်ဖြစ်ပြီး နှစ်ယောက်လုံးပဲ ရွာစားထံ သွားကြပါတယ်။ ရန်ပွဲကို ဖြေရှင်းပြီးတဲ့အခါ အဲဒီမိန်းမအပေါ်မှာပဲ ဒဏ်ကကျပါတယ်။ အဲဒီအခါ အဲဒီမယားဖြစ်သူကို ဖွဲ့နှောင်ချည်တုပ်ပြီး ''ဒဏ်ကို ပေးဦးလော့''လို့ပြောကာ ရိုက်ပုတ်ဖို့ ကြိုးစားအားထုတ်ကြပါတယ်။ ရုက္ခစိုးနတ်က ရွာမှာ အဲဒီမိန်းမရဲ့ ဒီဖြစ်ပုံကိုရော၊ တောမှာ သူမရဲ့လင် ပျက်စီးပုံကိုပါ မြင်ရပြီး သစ်ပင် ပင်စည်ကြားမှာ ရပ်ရင်း ''အမောင် ယောကျ်ား... သင့်ရဲ့အလုပ်ဟာ ရေထဲမှာရော၊ ကုန်းပေါ်မှာပါ ပျက်စီးသွားပါပြီ၊ နှစ်ဖက်လုံးမှာ အရှုံးပေါ်ပါပြီ''လို့ပြောကာ အောက်ပါစကားကို ပြောပါတယ်။

''သင့်ရဲ့မျက်လုံးတွေ ကွဲကုန်ပြီ၊ သင့်အဝတ် ပျောက်ဆုံးပြီ။ သင့်မယားက အိမ်မှာ ရန်ပွဲလုပ်လို့ နှောင်ဖွဲ့ခံရပြီး ရိုက်ပုတ်ခံရကာ ဒဏ်တပ်ခံရပြီ၊ ရေမှာရော၊ ကုန်းမှာပါ နှစ်ဘာနမှာ သင့်အလုပ်တွေ ပျက်စီးကုန်ပြီ''

(ဇာတ်၊ ၄၊ ပ၊ ၅၀၈)

မဆင်မခြင် လောဘကြောင့် ကောင်းကျိုးတွေမှ ဆုတ်ယုတ်သွားရပါတယ်။ မဆင်မခြင် လောဘဟာ ဒီဘဝကောင်းကျိုး၊ သံသရာကောင်းကျိုး၊ မိမိကောင်းကျိုး၊ သူတစ်ပါးကောင်းကျိုးတွေမှလည်း ဆုတ်ယုတ်သွားစေနိုင်ပါတယ်။ တံငါသည်ရဲ့ မဆင်မခြင်လောဘကြောင့် သူရော၊ သူ့မယားပါ ဒုက္ခတွေ ရောက်ရပါတယ်။ မဆင်မခြင် လောဘကြောင့် သောကရောက်ရပါတယ်။

http://www.dhammadownload.com

ရွှေဟင်္သာ

ရှေးအခါက ဗာရာဏသီပြည်မှာ မြဟ္မဒတ်မင်း အုပ်ချုပ်ပါတယ်။ ဘုရားလောင်းက ပုဏ္ဏားမျိုးတစ်မျိုးမှာ ဖြစ်ပါတယ်။ အရွယ်ရောက်လာတဲ့ ဘုရားလောင်းအတွက် ဇာတ်တူအမျိုးမှ အမျိုးသမီးကို ဆောင်ယူပေးကြပါတယ်။ အဲဒီမယားက နန္ဒာ၊ နန္ဒဝတီ၊ သုနန္ဒရီနန္ဒာ ဆိုတဲ့ သမီး (၃)ယောက် မွေးဖွားပါတယ်။ အဲဒီသမီးတွေ လင့်အိမ်မသွားကြရသေးမီမှာပဲ ဘုရားလောင်းက သေပြီး ရွှေဟင်္သာမျိုးမှာ ဖြစ်ပါတယ်။ အဲဒီဘုရားလောင်း ရွှေဟင်္သာမှာ သေပြီး ရွှေဟင်္သာမျိုးမှာ ဖြစ်ပါတယ်။ အဲဒီဘုရားလောင်း ရွှေဟင်္သာမှာ အရင်ဘဝကို ပြန်အောက်မေ့နိုင်၊ သိနိုင်တဲ့ ဉာဏ်လည်း ဖြစ်ပေါ်နေပါတယ်။ အရွယ်ရောက်လာတဲ့ အဲဒီရွှေဟင်္သာက ရွှေအတောင်တွေနဲ့ ဖုံးလွှမ်းထားပြီး တင့်တယ်နေတဲ့ ခန္ဓာကိုယ်ကြီးကို ကြည့်ပြီး ''ငါဟာ ဘယ်ဘဝက

http://www.dhammadownload.com

သေပြီ၊ ဒီဘဝမှာ ရောက်နေသလဲ''လို့ ဆင်ခြင်တဲ့အခါ လူ့ဘဝက လာခဲ့တာကို သိသွားပါတယ်။ တစ်ဖန် ''ငါ့ဇနီးပုဏ္ဏားမ္ဆန့် သမီးတွေ ဘယ်လို အသက်မွေးနေကြသလဲ'' လို့ စူးစမ်းကြည့်တဲ့အခါ ''သူ တစ်ပါးတွေရဲ့ အခစားအလုပ်ကို လုပ်ပြီး ဆင်းဆင်းရဲရဲ အသက်မွေး နေကြရတယ်''လို့ သိသွားကာ ဒီလို ကြံပါတယ်။

''ငါ့ခန္ဓာကိုယ်က ရွှေနဲ့ပြီးတဲ့ အတောင်တွေဟာ အထောင်း အထု ခံနိုင်ကြတယ်။ အဲဒီအတောင်တွေထဲက အဲဒီ ငါ့ဇနီး၊ ငါ့သမီး တွေအား အကောင်တစ်ကောင် တစ်တောင်ကို ပေးမယ်၊ အဲဒီ ရွှေ အတောင်ကြောင့် ငါ့ဇနီးရော၊ ငါ့သမီးတွေပါ ချမ်းချမ်းသာသာ အသက် မွေးကြရလိမ့်မယ်''

ဘုရားလောင်းဟာသံဟာ အဲဒီအရပ်ကို သွားပြီး ခေါင်အုပ် ဝါးတန်းအစွန်းမှာ ပုန်းကွယ်နေပါတယ်။ ပုဏ္ဏားမ္ဆကရော၊ သမီးတွေ ကပါ ဘုရားလောင်းကို မြင်ပြီး ''ဘယ်က လာခဲ့ပါသလဲအရှင်'' လို့ မေးကြပါတယ်။

''ငါဟာ သင်တို့ရဲ့ဖခင်ပဲ၊ သေပြီး ရွှေဟသ်မျိုးမှာ ဖြစ်နေ တယ်၊ သင်တို့ကို မြင်တွေ့ဖို့ လာခဲ့ပါတယ်၊ ဒီအချိန်ကစပြီး သင်တို့မှာ သူတစ်ပါးတွေရဲ့ အခစားအလုပ်ကို လုပ်ကာ ဆင်းဆင်းရဲရဲ အသက် မွေးရဖို့ကိစ္စ မရှိတော့ပါ။ ငါဟာ သင်တို့အား ရွှေအတောင် တစ်တောင် တစ်တောင်ကို ပေးပါမယ်၊ အဲဒီရွှေအတောင်ကို ရောင်းပြီး ချမ်းချမ်း သာသာ သင်တို့ အသက်မွေးကြပါ''

ဘုရားလောင်းရွှေဟသ်ကာ အဲဒီနည်းနဲ့ပဲ အကြားအကြားမှာ လာကာ ရွှေအတောင်တစ်တောင် တစ်တောင်ကို ပေးပါတယ်။ ပုဏ္ဏားမ္ဆ

http://www.dhammadownload.com

ရော၊ သမီးတွေပါ ကြွယ်ဝချမ်းသာသွားကြပါတယ်။ တစ်နေ့မှာ ပုဏ္ဏားမ္ဆက ကသမီးတွေကို ဒီလိုပြောပါတယ်။

''သမီးတို့... တိရစ္ဆာန်တွေရဲ့စိတ်ဆိုတာ သိရခက်တယ်၊ တစ်ခါတစ်ရံ သင်တို့ရဲ့ဖခင်က ဒီကို မလာတာ ရှိချင်ရှိမယ်၊ အခုလာတဲ့ အချိန်မှာ သူ့ရဲ့အတောင်အားလုံးကို နုတ်ပြီး ယူကြမယ်''

သမီးတွေက ''အဲဒီလိုလုပ်ရင် ငါတို့ရဲ့ဖခင်ဟာ ပင်ပန်းလိမ့်မယ်''လို့ပြောကာ လက်မခံကြပါ။ ပုဏ္ဏားမ္ဆကတော့ အလိုကြီးတဲ့အတွက် တစ်ဖန် တစ်နေ့မှာ ရွှေဟင်္သာမင်း လာတဲ့အခါ ''အို.. အရှင်၊ လာစမ်းပါဦး''လို့ပြောကာ မိမိထံ လာတဲ့ အဲဒီရွှေဟင်္သာမင်းကို လက်နှစ်ဖက်နဲ့ ယူပြီး အတောင်အားလုံးကို နုတ်ပါတယ်။ အဲဒီ အတောင်တွေကလည်း ဘုရားလောင်း အလိုမပါဘဲ နိုင်ထက်စီးနင်း ယူလို့ အားလုံးပဲ ဗျိုင်းအတောင်နဲ့ တူသွားကြပါတယ်။ ဘုရားလောင်း ဟင်္သာမင်းက အတောင်တွေကို ဖြန့်ပြီးသွားခြင်းငှာ မစွမ်းနိုင်တော့ပါ။ အဲဒီအခါ ဘုရားလောင်း ဟင်္သာမင်းကို အဲဒီပုဏ္ဏားမ္ဆက ရေအိုးကြီးထဲ ထည့်ကာ မွေးမြူပါတယ်။ အဲဒီဟင်္သာမင်းရဲ့ နောက်တစ်ဖန် ပေါ်ထွက်လာတဲ့ အတောင်တွေက အဖြူရောင်တွေ ဖြစ်ကုန်ပါတယ်။ အတောင်တွေ ကောင်းကောင်းပေါက်လာတဲ့ အဲဒီ ဟင်္သာမင်းဟာ ပျံထွက်ပြီး သူ့နေရာကိုပဲ သွားကာ နောက်ထပ်မလာတော့ပါ။

(ဇာတ်၊ ၄၊ ၁၊ ၅၀၁)

အများကြီး ရပေမယ့်လည်း အတိုင်းအတာကို သိရပါတယ်။ အနည်းငယ် ရပြီး ရသမျှနဲ့သာ ရောင့်ရဲသင့်ပါတယ်။ အပိုအလွန်ကို

http://www.dhammadownload.com

မတောင့်တသင့်ပါ။ အလွန်အကဲ လိုချင်တာဟာ မကောင်းပါ။ အလွန်လောဘကြီးတဲ့ ပုဏ္ဏားမှုဟာ ရွှေအတောင်တွေ လက်လွှတ်ဆုံးရှုံးသွားရပါတော့တယ်။ မရတော့ နောင်တရကာ သောကများရပါတယ်။ အလွန်အကဲ လိုချင်ရင် အလွန်အကဲ သောကရောက်ရပါတယ်။

အလိုလောဘကြီးသူကို မွေးတဲ့ မိခင်ကတောင်မှ မုန်းတတ်ပါတယ်။ အလိုလောဘကြီးတာဟာ မကြည်ညိုသေးသူတွေကို ကြည်ညိုလာအောင် မလုပ်နိုင်ပါ။ ကြည်ညိုပြီးသူတွေကိုလည်း ပိုပြီး ကြည်ညိုလာအောင် မလုပ်နိုင်ပါ။ မဖြစ်ပေါ်သေးတဲ့ လာဘ်လာဘကို ဖြစ်ပေါ်လာအောင် မလုပ်နိုင်ပါ။ ဖြစ်ပေါ်ပြီးတဲ့ လာဘ်လာဘကိုလည်း ခိုင်မြဲအောင် မလုပ်နိုင်ပါ။

အလိုနည်းသူက ပြောင်းပြန်ပဲ စွမ်းဆောင်နိုင်ပါပေတယ်။



http://www.dhammadownload.com

အငဟောင်းနဲ့ အသစ်

ရှေးအခါက ကာသိတိုင်းရှိ ပါဋ္ဌလိမြို့မှာ အဿကမည်တဲ့ မင်းဟာ မင်းလုပ်အုပ်ချုပ်တယ်။ အဲဒီမင်းမှာ ဥပရိမည်တဲ့ မိဖုရား ခေါင်ကြီး ရှိတယ်။ အဲဒီမိဖုရားကို မင်းက ချစ်ခင်မြတ်နိုးတယ်။ အဲဒီ မိဖုရားက အလွန်လှတယ်၊ ကြည့်ရှုချင်ဖွယ် ရှိတယ်၊ စိတ်ကို ကြည် လင်စေနိုင်တယ်၊ လူ့အလှကို လွန်တယ်၊ နတ်အလှကိုတော့ မမီပါ။ သူမဟာ သေသွားတယ်။ သူမ သေသွားတဲ့အခါ အဿကမင်းက ဥပရိမိဖုရားရဲ့ အလောင်းကောင်ကို စားကျင်းထဲမှာ လဲလျောင်းစေပြီး ဆီနှစ်ထဲမှာ ထည့်စေကာ ခုတင်အောက်မှာ ထားခိုင်းပါတယ်။ အစာ မစားဘဲ ငိုကြွေးမြည်တမ်းကာ လဲလျောင်းနေပါတယ်။ မိဘတွေ၊ ကျန်တဲ့ ဆွေမျိုးတွေ၊ မိတ်ဆွေအမတ်၊ ပုဏ္ဏားဿ သူကြွယ် စတဲ့ ပုဂ္ဂိုလ်တွေကလည်း ''မင်းကြီး သောကမရောက်ပါနဲ့၊ ရုပ်နာမ်သဘာရ

http://www.dhammadownload.com

တွေဆိုတာ မမြဲကြဘူး'' စတဲ့ စကားကို ပြောကြပေမယ့် နားလည်အောင် မပြောနိုင်ကြပါ။ အဿကမင်း ယောင်ယမ်းပြောဆိုနေစဉ်မှာပဲ (၇)ရက် ကုန်လွန်သွားပါတယ်။

အဲဒီအခါ ဘုရားလောင်းက အဘိညာဉ် (၅)ပါး၊ သမာပတ် (၈)ပါးတွေကို ရတဲ့ ရသေ့ဖြစ်ပြီး ဟိမဝန္တာအရပ်မှာ နေတယ်။ အလင်းရောင်ကို ပွားပြီး ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ ဇမ္ဗူဒိပ်ကို ကြည့်တဲ့အခါ အဲဒီ အဿကမင်း အဲဒီလို ငိုကြွေးမြည်တမ်းနေတာကို မြင်သွားတယ်။ ''ငါဟာ အဲဒီအဿကမင်းရဲ့ အားကိုးရာပုဂ္ဂိုလ် ဖြစ်ထိုက်တယ်''လို့ တွေးပြီး တန်ခိုးအစွမ်းနဲ့ ကောင်းကင်မှာ ပျံတက်တယ်။ အဿကမင်းရဲ့ ဥယျာဉ်မှာ သက်ဆင်းတယ်။ မင်္ဂလာကျောက်ဖျာပေါ်မှာ ရွှေရုပ်ပမာ ထိုင်နေတယ်။ အဲဒီအခါ ပါဠိလိမ္ပိုမှာ နေတဲ့ ပုဏ္ဏားလုလင်တစ်ယောက်က ဥယျာဉ်ကို သွားတဲ့အခါ ဘုရားလောင်းကို မြင်ပြီး ရှိခိုးကာ ထိုင်နေပါတယ်။ ဘုရားလောင်းက အဲဒီလုလင်နဲ့အတူ နှုတ်ဆက်စကားပြောပြီး ''လုလင်၊ မင်းက တရားရှိသလား''လို့ မေးပါတယ်။

''မှန်ပါဘုရား၊ မင်းက တရားရှိပါတယ်၊ သူ့မယားကတော့ သေသွားပါတယ်။ အဲဒီအဿကမင်းဟာ အဲဒီမိဖုရားရဲ့အလောင်းကို စားကျင်းမှာ ထည့်ခိုင်းပြီး ယောင်ယမ်းပြောဆိုကာ လဲလျောင်းနေပါတယ်။ ဒီနေ့ဟာ (၇)ရက်မြောက်နေ့ပါ။ ဘာကြောင့် အရှင်ရသေ့က မင်းကို အဲဒီလိုဒုက္ခမှ လွတ်အောင် မလုပ်တာပါပဲ။ အရှင်ရသေ့တို့လို သီလရှိတဲ့ပုဂ္ဂိုလ်တွေ ရှိပါလျက် မင်းမှာ ဒီလိုဒုက္ခကို ခံစားဖို့ သင့်ပါသလား''

http://www.dhammadownload.com

''လုလင်... ငါက မင်းကို မသိပါ။ အဲဒီအသကမင်းက လာပြီး ငှဲ့ကို မေးရင် ငါကပဲ အဲဒီအသကမင်းက ဥပရီမိဖုရားရဲ့ ဖြစ်ရာအရပ်ကို ပြောကာ အသကမင်းရဲ့အထံမှာပဲ အဲဒီဥပရီမိဖုရားကို စကားအပြောခိုင်းပါမယ်''

''အရှင်ဘုရား... တိုက်တွန်းပါတယ်၊ အသကမင်းကို တပည့်တော် ဒီမှာ ခေါ်ဆောင်လာသည်အထိ အရှင်ဘုရားဟာ ဒီနေရာမှာပဲ ထိုင်နေတော်မူပါ''

လုလင်က ဘုရားလောင်းထံက ဝန်ခံကတိကို ယူပြီး အသကမင်းထံ သွားပါတယ်။ အဲဒီအကြောင်းကို လျှောက်ပြပြီး ''ဒိဗ္ဗစက္ခု အဘိညာဉ်ရ အဲဒီရသေ့ထံ သွားဖို့ သင့်ပါတယ်''လို့ ပြောပါတယ်။ အသကမင်းက ''ဥပရီမိဖုရားကို တွေ့ခွင့်ရမယ်တဲ့''လို့ တွေးကာ ဝမ်းသာပျော်ရွှင်လျက် ယာဉ်ပေါ် တက်စီးပါတယ်။ ဘုရားလောင်းရှိရာကို သွားပြီး ဘုရားလောင်းအား မင်းကြီးက သင့်တင့်ရာအရပ်မှာ ထိုင်လျက် မေးလျှောက်ပါတယ်။

''အရှင်ရသေ့က ဥပရီမိဖုရားရဲ့ ဖြစ်ရာအရပ်ကို သိတယ်ဆိုတာ မှန်ပါသလား''

''မင်းကြီး... ဟုတ်တယ်''

''ဘယ်မှာ ဖြစ်နေပါသလဲ ဘုရား''

''မင်းက ဥပရီမိဖုရားက ရုပ်အဆင်းမှာပဲ ယစ်မူးကာ မေ့လျော့ပြီး ကောင်းမှုကို မလုပ်ဘဲ ဒီဥယျာဉ်ထဲမှာပဲ နွားချေးပိုးမ ဖြစ်နေပါတယ်''

''တပည့်တော် မယုံကြည်ပါ''

http://www.dhammadownload.com

''ဒီလိုဆိုရင် သင့်အား ပြပြီး အပြောခိုင်းမယ်''

''ကောင်းပါပြီ၊ အပြောခိုင်းပါ''

ဘုရားလောင်းက မိမိရဲ့ တန်ခိုးအစွမ်းနဲ့ ''နွားချေးပိုးလင်မယား နှစ်ကောင်လုံးပဲ နွားချေးခဲကို လိုမ့်လျက် အဿကမင်းရဲ့ ရှေ့မှာ လာရောက်ကြစေသတည်း''လို့ အဲဒီ နွားချေးပိုးတွေ လာအောင် လုပ်လိုက်ပါတယ်၊ အဲဒီ နွားချေးပိုးလင်မယားဟာ အဲဒီအတိုင်းပဲ လာကြပါတယ်။ ဘုရားလောင်းက အဲဒီ အဿကမင်းကို ပြလိုလို့ ဒီလိုပြောပါတယ်။

''မင်းကြီး... ဒီနွားချေးပိုးမက သင့်ရဲ့ ဥပရိမိဖုရားပဲ၊ သင် အဿကမင်းကို စွန့်ပြီး နွားချေးပိုးထီးရဲ့နောက်က တကောက်ကောက် လိုက်နေတယ်၊ အဲဒီ နွားချေးပိုးမကို ကြည့်ပါ''

''အရှင်ရသေ့... ဥပရိမိဖုရားဟာ နွားချေးပိုးမဘဝမှာ ဖြစ်လို့မယ်လို့ တပည့်တော် မယုံကြည်ပါ''

''မင်းကြီး... ငါဟာ အဲဒီပိုးမကို စကားအပြောခိုင်းပါမယ်''

''အရှင်ရသေ့... စကားပြောခိုင်းပါ''

ဘုရားလောင်းက မိမိရဲ့ တန်ခိုးအစွမ်းနဲ့ အဲဒီပိုးမကို စကား အပြောခိုင်းလိုလို့ ''ဥပရိ'' လို့ ခေါ်လိုက်ပါတယ်။ အဲဒီပိုးမက လူ့ဘာသာစကားနဲ့ ''ဘာပါလဲ ဘုရား''လို့ ပြောပါတယ်။

''သင်ဟာ ရှေးဘဝက ဘာဖြစ်ခဲ့ပါသလဲ''

''အရှင်ဘုရား... တပည့်တော်ဟာ အဿကမင်းရဲ့ ဥပရိမည်တဲ့ မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါတယ်''

http://www.dhammadownload.com

''အခုအခါ သင်ဟာ အဿကမင်းကို ချစ်သလား၊ နွားချေးပိုးထီးကို ချစ်သလား''

''အရှင်ဘုရား ... အဲဒီအဿကမင်းဟာ အရင်ဘဝက တပည့်တော်ရဲ့လင်ပါ။ အဲဒီအချိန်တုန်းက တပည့်တော်ဟာ ဒီဥယျာဉ်ထဲမှာ အဲဒီအဿကမင်းနဲ့အတူ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေကို ခံစားကာ လှည့်လည်ခဲ့ပါတယ်။ အခုအခါမှာတော့ တပည့်တော်မှာ ဘဝခြား ကွယ်သွားချိန်ကစပြီး အဲဒီအဿကမင်းဟာ ဘာဟုတ်တော့မှာလဲ။ မှန်ပါတယ်၊ တပည့်တော်ဟာ အဿကမင်းကို သတ်ပြီး အဲဒီအဿကမင်းရဲ့ လည်ချောင်းသွေးနဲ့ တပည့်တော်ရဲ့လင် ဖြစ်နေတဲ့ နွားချေးပိုးထီးရဲ့ ခြေတွေကို ဆေးပေးလိုပါတယ်''

အဲဒီလိုပြောပြီး ပရိသတ်အလယ်မှာ လူတို့ရဲ့ ဘာသာစကားနဲ့ အောက်ပါစကားတွေကို ပြောပါတယ်။

''ဒီပျော်စရာကောင်းလှတဲ့ ဥယျာဉ်အရပ်မှာ အရင်ဘဝက တပည့်တော်ဟာ အဿကမင်းနဲ့အတူ လှည့်လည်ခဲ့ပါတယ်။ တပည့်တော်ကလည်း အဿကမင်းကို ချစ်ခဲ့ပါတယ်။ အဿကမင်းကလည်း တပည့်တော်ကို ချစ်ခဲ့ပါတယ်၊ အသစ်ဖြစ်တဲ့ သုခက အဟောင်းဖြစ်တဲ့ သုခကို ဖုံးလွှမ်းသွားပါတယ်၊ အသစ်ဖြစ်တဲ့ ဒုက္ခက အဟောင်းဖြစ်တဲ့ ဒုက္ခကို ဖုံးလွှမ်းသွားပါတယ်၊ အဲဒီသဘောဟာ လောဘသားတွေရဲ့ ဓမ္မတာပါပဲ၊ ဒါကြောင့် တပည့်တော်က အခုအခါ အဿကမင်းထက် နွားချေးပိုးထီးကိုပဲ ပိုချစ်ပါတော့တယ် ဘုရား၊ အဆပေါင်း ရာ၊ ထောင်မက ပိုချစ်ပါတယ်''

http://www.dhammadownload.com

အဲဒီစကားကို ကြားရပြီး အဿကမင်းဟာ နှလုံးမသာမယာ ဖြစ်သွားပါတယ်။ အဲဒီနေရာမှာ ရပ်ရင်းပဲ အလောင်းကောင်ကို ထုတ် ဆောင်သွားခိုင်းပါတယ်။ အဿကမင်းဟာ ရေချိုးပြီး ဘုရားလောင်း ကို ရှိခိုးကာ မြို့ထဲ ဝင်ပါတယ်။ အခြားသူမကို မိဖုရားခေါင်ကြီး ပြု လုပ်ပြီး တရားသဖြင့် မင်းလုပ် အုပ်ချုပ်သွားပါတယ်။ ဘုရားလောင်း ကလည်း မင်းကို ဆုံးမပြီး သောကကင်းအောင် လုပ်ကာ ဟိမဝန္တာ အရပ်ကိုပဲ ကြွသွားပါတယ်။

(ဇာတ်၊ ၄၊ ၂၊ ၁၄၂)

ဥပရိမိဖုရားအပေါ် အစွဲလမ်းကြီး စွဲလမ်းနေတဲ့ အဿကမင်း ဟာ ဘုရားလောင်းရဲ့ကျေးဇူးကြောင့် သောကကင်းအောင် ချမ်းချမ်း သာသာ နေသွားနိုင်ပါတော့တယ်။ လောဘကင်းသွားလို့ သောက ကင်းသွားတာပါပဲ။



http://www.dhammadownload.com

သန်း

သာဝတ္ထိမြို့မှာ နေတဲ့ အမျိုးသားတစ်ယောက်ဟာ ရှင်ရဟန်း ဝတ်ပြီး တိသဃထေရ်လို့ ထင်ရှားပါတယ်။ သူဟာ နောင်အခါ ဇနပုဒ်က ကျောင်းမှာ ဝါကပ်ပါတယ်။ (၈)တောင်ရှိတဲ့ အဝတ်ထူထူတစ်ခုကို ရပါတယ်။ ဝါကျွတ်လို့ ပဝါရဏာပြုပြီး အဲဒီအဝတ်ယူသွားကာ အစ်မရဲ့ လက်ထဲမှာ ထားလိုက်ပါတယ်။ အဲဒီအစ်မက "ဒီအဝတ်ဟာ ငါ့ မောင်အား မသင့်လျော်"လို့ တွေးကာ အဲဒီအဝတ်ကို ဓားထက်ထက် နဲ့ ဖြတ်ပါတယ်။ အစိတ်စိတ်အမြွာမြွာ ပြုလုပ်ပြီး ဆုံထဲမှာ ထုထောင်း ပါတယ်၊ ဖြည်ပါတယ်၊ ရိုက်ပုတ်ပါတယ်။ ရက်ဖောက်မှာ လုံးပြီး သိမ်မွေ့တဲ့ ချည်ကို ငင်ပါတယ်။ အဝတ်ကို ရက်လုပ်ခိုင်းပါတယ်။ မထေရ်ကလည်း ချည်ကိုရော၊ အပ်တွေကိုပါ စီမံကာ သက်နှံးချုပ်တဲ့ ရဟန်းငယ်၊ သာမဏေတွေကို စုဝေးစေပြီး အစ်မထံ သွားကာ ဒီလို ပြောပါတယ်။

http://www.dhammadownload.com

''ငါ့အား အဲဒီအဝတ်ကို ပေးပါ၊ သင်္ကန်းချုပ်လုပ်ခိုင်းပါမယ်''

အစ်မက (၉)တောင်ရှိတဲ့အဝတ်ကို ထုတ်ဆောင်ပြီး မောင်ရဟန်းရဲ့လက်ထဲ ထားလိုက်ပါတယ်။ မထေရ်က အဲဒီအဝတ်ကို ယူပြီး ဖြန့်ကြည့်ကာ ဒီလိုပြောပါတယ်။

''ငါ့ရဲ့အဝတ်က ထူပါတယ်၊ (၈)တောင် ရှိပါတယ်။ ဒီအဝတ်က သိမ်မွေ့ပါတယ်။ (၉)တောင် ရှိပါတယ်။ ဒီအဝတ်က ငါ့အဝတ်မဟုတ်ပါ။ အဲဒီအဝတ်က သင့်အဝတ်ပဲ။ ငါဟာ ဒီအဝတ်ကို အလိုမရှိပါ။ အဲဒီအဝတ်ကိုပဲ ငါ့အား ပေးပါ''

''အရှင်ဘုရား... အဲဒီအဝတ်က အရှင်ဘုရားရဲ့ သားအဝတ်ပါ။ အဲဒီအဝတ်ကို ယူပါ''

မထေရ်က အလိုမရှိပါ။ အဲဒီအခါ မထေရ်အား သူပြုလုပ်ပြီးတဲ့ ကိစ္စအားလုံးကို ပြောပြပြီး ''အရှင်ဘုရား၊ အဲဒီအဝတ်က အရှင်ဘုရားရဲ့သား အဝတ်ပါ။ အဲဒီအဝတ်ကို ယူပါ''လို့ လျှောက်ကာ ပေးလိုက်ပါကယ်။ မထေရ်က အဲဒီအဝတ်ကို ယူကာ ကျောင်းသို့ သွားပြီး သင်္ကန်းအမှုကို ဖြစ်စေပါတယ်။ အဲဒီအခါ အစ်မက မထေရ်အား သင်္ကန်းချုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ယာဂု၊ ဆွမ်း စသည်တွေကို စီမံပေးပါတယ်။ သင်္ကန်းပြီးဆုံးသွားရာနေ့မှာတော့ အလွန်အကဲ ပူဇော်မှုကို ပြုပါတယ်။ မထေရ်က သင်္ကန်းကို ကြည့်ပြီး အဲဒီသင်္ကန်းမှာ သာယာတပ်မက်မှု ဖြစ်သွားပါတယ်။ ''နက်ဖြန်မှာပဲ အဲဒီသင်္ကန်းကို ဝတ်ပါတော့မယ်''လို့တွေးကာ ခေါက်ပြီး သင်္ကန်းဝါးတန်းမှာ တင်ထားပါတယ်။ အဲဒီညမှာ စားထားတဲ့အစာကို ကြေညက်အောင် မလုပ်နိုင်လို့ သေသွားပါတယ်။ အဲဒီမထေရ်ဟာ အဲဒီသင်္ကန်းမှာပဲ သန်းဖြစ်ကာ

http://www.dhammadownload.com

နေပါတယ်။ အစ်မကလည်း မောင်မထေရ် သေသွားတာကို ကြားရပြီး ရဟန်းတွေရဲ့ ခြေရင်းမှာ လူးလိမ့်လျက် ငိုကြွေးပါတယ်။ ရဟန်းတွေက အဲဒီမထေရ်ရဲ့ အလောင်းကို သင်္ကြံဟ်ပြီး မကျန်းမာစဉ် လုပ်ကျွေးမှု မရှိလို့ အဲဒီသင်္ကန်းက သံဃာထံသာ ရောက်လာပါတယ်။ (သံဃာပိုင်သာ ဖြစ်သွားပါတယ်။) ''အဲဒီသင်္ကန်းကို ငါတို့ ခွဲဝေကြမယ်'' လို့ပြောကာ အဲဒီသင်္ကန်းကို ထုတ်ဆောင်ကြပါတယ်။

အဲဒီသန်းက ''ဒီရဟန်းတွေဟာ ငှဉ်စွာကို လုယူကြတယ်'' လို့ အော်ဟစ်လျက် ဟိုဟိုဒီဒီ ပြေးသွားနေပါတယ်။ ဘုရားရှင်က ဂန္ဓကုဋိကျောင်းတော်မှာ ထိုင်တော်မူရင်းပဲ ဒိဗ္ဗသောတအဘိညာဉ်နဲ့ အဲဒီအသံကို ကြားရပါတယ်။ ပြီးတော့ ဒီလို မိန့်တော်မူပါတယ်။

''အာနန္ဒာ... တိဿရဲ့ သင်္ကန်းကို မဝေခွဲသေးဘဲ (၇)ရက် ထားဖို့ ပြောလိုက်ပါ''

အရှင်အာနန္ဒာမထေရ်က အဲဒီအတိုင်း ပြုလုပ်ပါတယ်။ အဲဒီသန်းကလည်း (၇)ရက်မြောက်မှာ သေပြီး တုသိသာနတ်ပြည်မှာ ဖြစ်ပါတယ်။ ဘုရားရှင်က ''ရှစ်ရက်မြောက်နေ့မှာ တိဿရဲ့ သင်္ကန်းကို ခွဲဝေပြီး ယူကြ''လို့ စေခိုင်းလိုက်ပါတယ်။ ရဟန်းတွေက အဲဒီအတိုင်း လုပ်ကြပါတယ်။ ရဟန်းတွေက တရားသဘင်မှာ စကားကို ဒီလိုပြောဆိုနေကြပါတယ်။

''ဘုရားရှင်က ဘာလို့ တိဿရဲ့သင်္ကန်းကို (၇)ရက်ပတ်လုံး အထားခိုင်းပြီး (၈)ရက်မြောက်မှာ ယူဖို့ ခွင့်ပြုတာပါလဲ''

ဘုရားရှင်က ကြွလာပြီး ''ရဟန်းတို့... သင်တို့ဟာ အခု ဘာစကားနဲ့ စုဝေးနေ ကြတာလဲ''လို့ မေးလို့ ''ဒီစကားနဲ့ စည်းဝေး

http://www.dhammadownload.com

နေကြပါတယ်''လို့ လျှောက်ကြပါတယ်။ ဘုရားရှင်က ဒီလိုမိန့်တော်မူပါတယ်။

''ရဟန်းတို့... တိသဟာ သူ့ရဲ့သင်္ကန်းမှာ သန်းဖြစ်တယ်။ အဲဒီသင်္ကန်းကို သင်တို့ ခွဲဝေကြတဲ့အခါ ''ဒီရဟန်းတွေကို ငါ့ဥစ္စာကို လုယူနေတယ်''လို့ အော်ဟစ်ကာ ဟိုဟိုဒီဒီ ပြေးသွားနေတယ်။ အဲဒီသန်းက သင်တို့ သင်္ကန်းကို ယူတဲ့အခါ သင်တို့အပေါ် စိတ်ပြစ်မှားပြီး ငရဲမှာ ဖြစ်နိုင်တယ်။ ဒါကြောင့် ငါဘုရားကလည်း သင်္ကန်းကို သိမ်းထားခိုင်းခဲ့တယ်။ အခုအခါမှာတော့ အဲဒီသန်းက တုသိတာနတ်ပြည်မှာ ဖြစ်သွားတယ်။ ဒါကြောင့် ငါဘုရားက သင်တို့အား သင်္ကန်းယူဖို့ ခွင့်ပြုလိုက်တယ်''

''မြတ်စွာဘုရား... ဒီတဏှာဆိုတာ ဝန်လေးလေစွတကား''

''ရဟန်းတို့... ဟုတ်တယ်၊ ဒီသတ္တဝါတွေရဲ့ တဏှာဆိုတာ ဝန်လေးတယ်။ သံမှဲ အညစ်အကြေးဟာ ဖြစ်ပေါ်လာပြီး အဲဒီအညစ်အကြေးကပဲ ခံစားတယ်၊ ဖျက်ဆီးတယ်၊ သုံးစွဲမရအောင် လုပ်တယ်၊ အဲဒီလိုပါပဲ၊ ဒီတဏှာဟာ ဒီသတ္တဝါတွေရဲ့အတွင်းမှာ ဖြစ်ပေါ်လာပြီး အဲဒီသတ္တဝါတွေကို ငရဲ စသည်တွေမှာ ဖြစ်စေပါတယ်၊ ပျက်စီးသွားစေပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ ၂၁၈)

သင်္ကန်းအပေါ် စွဲလမ်းမိတဲ့ တဏှာက တိသရဟန်းကို ဒုက္ခပွားစေပြီး သောကရောက်စေပါတယ်။ ဘုရားရှင်က သတ္တဝါတွေရဲ့ ဒုက္ခကို ကယ်တင်တော်မူတဲ့နေရာမှာ တကယ့်ကို ကျွမ်းကျင်တော်မူ

http://www.dhammadownload.com

ပါပေတယ်။ ဘုရားရှင်ရဲ့ ဒိဗ္ဗသောတ အဘိညာဉ်၊ သူတစ်ပါးစိတ် သိတဲ့ (စေတောပရိယ) အဘိညာဉ်၊ သဗ္ဗညုတဉာဏ်တော်၊ မဟာ ကရုဏာတော်တွေရဲ့ အစွမ်းကြောင့် ငရဲရောက်နိုင်တဲ့ တိဿရဟန်း ဟာ ငရဲဒုက္ခမှ လွတ်မြောက်ပြီး တုသိတာနတ်ပြည်ချမ်းသာကို ခံစား သွားရပါတယ်။ ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော် မူတတ်လို့ လူ၊ နတ်တွေရဲ့ ဆရာမြတ်အစစ် ဖြစ်တော်မူတဲ့ ဘုရား ရှင်ရဲ့ ဂုဏ်တော်တွေကို ကြည်ညိုရပါတယ်။

❖ ○ ❖

http://www.dhammadownload.com

အံ့ဩလောက်ပါတယ်

သူကြွယ်တစ်ယောက်ဟာ မယားသေသွားလို့ ရေမချိုး၊ ရေ မသောက်၊ မလိမ်းကျံ၊ မစားပါ။ အလုပ်တွေကို မလုပ်ပါ။ တကယ့် ကိုပဲ သောကဖိစီးခံရကာ သုသာန်ကို သွားပြီး ငိုကြွေးလျက် လှည့် လည်နေပါတယ်။ အိုးထဲက ဆီမီးပမာ သူ့ရဲ့ အတွင်းသန္တာန်မှာ သောတာပတ္တိမဂ်ရဖို့ အားကြီးတဲ့အကြောင်းက တောက်ပနေပါတယ်။ ဘုရားရှင်က နံနက်မိုးသောက်မှာ လောကကြီးကို ကြည့်တဲ့အခါ အဲဒီ သူကြွယ်ကို မြင်သွားပါတယ်။

''ဒီသူကြွယ်မှာ ငါမှတစ်ပါး အခြားသူ တစ်စုံတစ်ယောက် ဟာ သောကကို ဖယ်ထုတ်ပြီး သောတာပတ္တိမဂ်ကို မပေးနိုင်ပါ။ ငါဟာ အဲဒီသူကြွယ်ရဲ့ အားကိုးရာ ဖြစ်မယ်''

http://www.dhammadownload.com

အဲဒီလိုကြံပြီး ဘုရားရှင်ဟာ ဆွမ်းဘဉ်းပေးပြီး ဆွမ်းခံရာက ပြန်ကြွလာတဲ့အခါ နောက်လိုက်ရဟန်းကို ခေါ်ကာ အဲဒီသူကြွယ်ရဲ့ အိမ်တံခါးကို ကြွပါတယ်။ သူကြွယ်က ဘုရားကြွလာတော်မူကြောင်း ကြားရလို့ ခရီးဦးကြိုမှု စတဲ့ ရိုသေမှုကို ပြုလုပ်ပါတယ်။ ဘုရားရှင်က ခင်းထားတဲ့နေရာမှာ ထိုင်ပါတယ်။ လာပြီး ရှိခိုးကာ သင့်တင့်ရာ အရပ်မှာ ထိုင်နေတဲ့ သူကြွယ်ကို ဘုရားရှင်က ဒီလိုမေးလို့ သူကြွယ်က ဖြေပါတယ်။

''ဥပါသကာ . . . ဘာကို ကြံစည်နေတာလဲ''

''မှန်ပါဘုရား၊ တပည့်တော်ရဲ့မယားဟာ သေသွားပါတယ်၊ တပည့်တော်ဟာ သူမကို အထပ်ထပ် ဝမ်းနည်းလျက် တွေးနေမိပါတယ်''

''ဥပါသကာ . . . ကွဲပျက်တတ်တဲ့သဘောရှိတဲ့ အရာက ကွဲပျက်တယ်၊ အဲဒီကွဲပျက်တဲ့အခါ တွေးပူဖို့ မသင့်ပါ။ ရှေးက ပညာရှိတွေဟာလည်း မယားသေတဲ့အခါ ကွဲပျက်တတ်တဲ့သဘောရှိတဲ့ အရာက ကွဲပျက်တယ်လို့တွေးကာ မပူပန်ခဲ့ကြပါ''

အဲဒီသူကြွယ်က တောင်းဆိုတဲ့အတွက် အတိတ်အကြောင်းကို ဘုရားရှင်က ဒီလိုဆောင်ပြတော်မူပါတယ်။

''ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း အုပ်ချုပ်ပါတယ်။ ဘုရားလောင်းက ပုဏ္ဏားမျိုးမှာ ဖြစ်ပြီး အရွယ်ရောက်တဲ့အခါ တက္ကသိုလ်ပြည်မှာ အတတ်အားလုံးကို သင်ယူပါတယ်။ ပြီးတော့ မိဘတွေထံ သွားပါတယ်။ ဘုရားလောင်းက လူပျိုဘဝနဲ့ နေပါတယ်။ အဲဒီအခါ သူ့ရဲ့မိဘတွေက ''သင့်အတွက် မိန်းကလေး

http://www.dhammadownload.com

ရှာပေးကြမယ်''လို့ ပြောကြပါတယ်။ ဘုရားလောင်းက ''အကျွန်ုပ်ဟာ အိမ်ထောင်မပြုလိုပါ။ အကျွန်ုပ်ဟာ အသင်တို့ ကွယ်လွန်တဲ့အခါ ရသေ့ဝတ်ပါမယ်''လို့ ပြောပါတယ်။ မိဘတွေက အဖန်ဖန်အထပ်ထပ် တောင်းဆိုလို့ သူက ရွှေရုပ်တစ်ရုပ် အလုပ်ခိုင်းကာ ''ဒီလိုအမျိုးသမီးကို ရရင် ယူပါ့မယ်''လို့ ပြောပါတယ်။ ဘုရားလောင်းရဲ့ မိဘတွေက အဲဒီရွှေရုပ်ကို ဖုံးလွှမ်းထားတဲ့ ယာဉ်ပေါ်မှာ တင်ခိုင်းပြီး ''သင်တို့ သွားကြပါ။ ဓမ္မုဒိပ်တစ်ဝှမ်းမှာ လှည့်လည်ကြရင်း ဒီလိုပုဏ္ဏားအမျိုးသမီးလေးကို မြင်တွေ့ရတဲ့နေရာမှာ ဒီရွှေရုပ်ကို ပေးပြီး အဲဒီအမျိုးသမီးလေးကို ဆောင်ယူခဲ့ကြပါ''လို့ ပြောကာ ကြီးစွာသော အခြံအရံနဲ့ လူတွေကို စေလွှတ်လိုက်ကြပါတယ်။

အဲဒီအခါ ဘုန်းကံရှိတဲ့ သတ္တဝါတစ်ဦးဟာ ပြဟ္မာပြည်မှ စုတေပြီး ကာသိတိုင်းမှာပဲ နိဂမရွာမှာ ကုဋေ (၈၀)ကြွယ်ဝတဲ့ ပုဏ္ဏားရဲ့ အိမ်မှာ သတို့သမီးလေး ဖြစ်ပါတယ်။ သူမရဲ့နာမည်ကို ''သမ္ဘိလွဟာသိနီ''လို့ မှည့်ခေါ်ကြပါတယ်။ သူမဟာ အသက် (၁၆)နှစ်အရွယ်မှာ အလွန်လှပပါတယ်။ စိတ်ကို ကြည်လင်စေပါတယ်။ နတ်သမီးနဲ့ တူပါတယ်။ အင်္ဂါအားလုံးနဲ့ ပြည့်စုံပါတယ်။ သူမမှာ ကိလေသာ အစွမ်းနဲ့ စိတ်မဖြစ်ဘူးပါ။ တကယ့်ကို အကျင့်မြတ် (မေထုန်မှ ရှောင်တဲ့အကျင့်) ကို ကျင့်ပါတယ်။ ရွှေရုပ်ကို ယူပြီး လှည့်လည်ကြတဲ့ လူတွေ က အဲဒီရွာကို ရောက်သွားကြပါတယ်။ အဲဒီရွာက လူတွေက အဲဒီ ရွှေရုပ်ကို မြင်ပြီး ''ဤမည်တဲ့ ပုဏ္ဏားရဲ့ သမီးဖြစ်သူ သမ္ဘိလွဟာ သိနီဟာ ဘာကြောင့် ဒီနေရာမှာ ရပ်တည်နေပါသလဲ''လို့ ပြောကြပါတယ်။ လူတွေက အဲဒီစကားကိုကြားပြီး ပုဏ္ဏားအိမ်ကို သွားကာ

http://www.dhammadownload.com

သမ္မိလ္လဟာသိနီကို စကားကြောင်းလမ်းကြပါတယ်။ သမ္မိလ္လဟာသိနီက ''ကျွန်မဟာ သင်တို့ကွယ်လွန်တဲ့အခါ ရသေ့ဝတ်ပါမယ်၊ အိမ်ရာ တည်ထောင်ဖို့ ကျွန်မ အလိုမရှိပါ''လို့ မိဘတွေထံ သတင်းစကား ပို့လွှတ်ပါတယ်။

''သတို့သမီးလေး... သင်က ဘာကို လုပ်တာလဲ''

အဲဒီလို မိဘတွေက ပြောပြီး ရွှေရုပ်ကို ယူကာ အဲဒီသမီးကို ကြီးစွာသော အခြံအရံနဲ့ ပို့လိုက်ကြပါတယ်။ ဘုရားလောင်းရော၊ သမ္မိလ္လဟာသိနီပါ နှစ်ယောက်လုံးဟာ အလိုမရှိဘဲသာ လက်ထပ် မင်္ဂလာ ပြုလုပ်လိုက်ကြရပါတယ်။ သူတို့နှစ်ယောက်ဟာ တစ်ခန်း တည်းမှာ နေပြီး တစ်အိပ်ရာတည်းမှာ အိပ်ကြပါလျက် အချင်းချင်း သာယာတပ်မက်တဲ့ ကိလေသာအစွမ်းနဲ့ မကြည့်ရှုကြပါ။ ရဟန်း (၂)ပါးလိုရော၊ ပြဟ္မာ (၂)ဦးလိုပါ တစ်နေရာတည်းမှာ နေကြပါတယ်။ နောင်အခါမှာ ဘုရားလောင်းရဲ့ မိဘတွေ ကွယ်လွန်သွားကြပါတယ်။ ဘုရားလောင်းက မိဘတွေကို သင်္ဂြိုဟ်ပြီး သမ္မိလ္လဟာသိနီကို အခေါ် ခိုင်းကာ ဒီလိုပြောပါတယ်။

''ရှင်မ... ငါ့ရဲ့မိဘအိမ်မှာ ကုဋေ (၈၀)သော ဥစ္စာ ရှိပါ တယ်။ သင့်ရဲ့မိဘအိမ်မှာ ကုဋေ (၈၀)သော ဥစ္စာရှိပါတယ်။ အဲဒီ လောက်ရှိတဲ့ ဒီဥစ္စာကို သိမ်းပိုက်ရစ်ပါ။ ငါဟာ ရသေ့ဝတ်ပါမယ်''

''အရှင့်သား... သင် ရသေ့ဝတ်ရင် ကျွန်မလည်း ရသေ့မ လုပ်ပါမယ်၊ ကျွန်မဟာ အသင့်ကို မစွန့်နိုင်ပါ''

''ဒီလိုဆိုရင် လာပါ''

http://www.dhammadownload.com

အဲဒီလိုပြောပြီး ဥစ္စာအားလုံးကို အလှူဝတ်မှာ စွန့်လွှတ်ကာ တံတွေးပေါက်ပမာ စည်းစိမ်ကို စွန့်ပြီး ဟိမဝန္တာအရပ်သို့ ဝင်ကြပါတယ်။ နှစ်ယောက်လုံးပဲ ရသေ့ဝတ်ကာ တောက သစ်မြစ်၊ သစ်သီး အစာကို စားပြီး အဲဒီဟိမဝန္တာမှာ အချိန်ကြာမြင့်စွာ နေကြပါတယ်။ ဆားနဲ့ အချဉ်ကို မှီဝဲဖို့ရာ ဟိမဝန္တာမှ သက်ဆင်းပြီး အစဉ်အတိုင်း ဗာရာဏသီပြည်သို့ ရောက်ကာ မင်းဥယျာဉ်မှာ နေကြပါတယ်။

အဲဒီဗာရာဏသီပြည်မှာ သူတို့နှစ်ယောက် နေကြတုန်း သိမ်မွေ့နူးညံ့တဲ့ ရသေ့မလေးဟာ အဆီအြဖာမပါတဲ့ အရောရော အနှောနှောထမင်းကို စားရတဲ့အတွက် သွေးသွန်ရောဂါ ဖြစ်လာပါတယ်။ သူမဟာ သင့်တော်တဲ့ဆေးကို မရလို့ အားနည်းလာပါတယ်။ ဘုရားလောင်းက ဆွမ်းခံချိန်မှာ သူမကို ပွေ့ယူကာ မြို့တံခါးသို့ သယ်ဆောင်သွားပါတယ်။ ဇရပ်တစ်ခုက ပျဉ်ချပ်ပေါ် လဲလျောင်းခိုင်းပါတယ်။ ကိုယ်တိုင် ဆွမ်းခံဝင်ပါတယ်။ သူမက ဘုရားလောင်း မထွက်ခွာခင်မှာပဲ သေသွားပါတယ်။ လူအများက ရသေ့မလေးရဲ့ ရုပ်ရည်လှပမှုကို ကြည့်ကာ ဝိုင်းရံပြီး ငိုကြပါတယ်။ အလွန်အကဲ ငိုကြပါတယ်။ ဘုရားလောင်းက ဆွမ်းခံလှည့်လည်ပြီး ပြန်လာတဲ့အခါ သူမ သေနေတာကို သိပြီး ''ကွဲပျက်တတ်တဲ့သဘောရှိတဲ့အရာဟာ ကွဲပျက်တာပဲ၊ ရုပ်နာမ်သခါရအားလုံးဟာ မမြဲကြ။ ဒီလိုသဘောရှိတာ ချည်းပဲ''လို့ ပြောပါတယ်။ သူမ လဲလျောင်းရာ ပျဉ်ချပ်ပေါ်မှာပဲ ထိုင်ကာ အရောရောအနှောနှော ဘောဇဉ်ကို စားပြီး ပါးစပ်ဆေးကြောပါတယ်။ ဝိုင်းရံပြီး ရပ်တည်နေတဲ့ လူအများက မေးပါတယ်။

http://www.dhammadownload.com

''အရှင်ရသေ့... ဒီရသေ့မလေးက သင်နဲ့ ဘယ်လိုတော်စပ်ပါသလဲ''

''လူဝတ်ကြောင်ဘဝတုန်းက ငါ့ရဲ့မယား ဖြစ်ခဲ့ပါတယ်''

''အရှင်ရသေ့... တပည့်တော်တို့ဟာ ကောင်းကောင်း မရေပ်တည်နိုင်ကြပါ၊ ငိုကြပါတယ်၊ အလွန်ပဲ ငိုကြပါတယ်၊ အရှင်ရသေ့က ဘာကြောင့် မငိုတာပါလဲ''

''ဒီရသေ့မလေးဟာ အသက်ရှင်စဉ်ကမှ ငါ့အဖို့ တစ်စုံတစ်ရာ ဟုတ်ပါသေးတယ်၊ အခုအခါ တမလွန်ဘဝသွားပြီဖြစ်လို့ ဘာမှမဟုတ်တော့ပါ။ သေမင်းရဲ့အလိုနောက် လိုက်ပါသွားပါပြီ၊ ငါဟာ ဘာကြောင့် ငိုရမှာလဲ''

လူအများအား တရားဟောလိုလို့ ဘုရားလောင်းက အောက်ပါ စကားတွေကို ပြောပါတယ်။

''ဒီရသေ့မလေးဟာ ငါတို့ကို စွန့်ပြီး ယခုအခါ အခြားသော သူအများထဲမှာ ပါဝင်သွားပါတယ်။ အဲဒီသေသူတွေနဲ့အတူ ဖြစ်သွားတဲ့ ရသေ့မလေးဟာ အခုပဲ ငါ့အတွက် ဘာဟုတ်မှာလဲ။ သူမဟာ သေသူတွေထဲ စာရင်းဝင်သွားပါပြီ။ ငါ့အတွက် ဘာမှမဟုတ်တော့ပါ။ ဒါကြောင့် ငါဟာ ချစ်ဖွယ်ကောင်းတဲ့ သမ္မိလ္လဟာသိနီကို တွေးကာ ဝမ်းမနည်းပါ''

''ဝမ်းနည်းတတ်တဲ့ သတ္တဝါမှာ မရှိတော့တဲ့၊ သေသွား ချုပ်ပျောက်သွားပြီဖြစ်တဲ့ အရာမှန်သမျှကို လိုက်ဝမ်းနည်းနေရင် သေမင်းအလိုသို့ အမြဲပဲ ကျရောက်လိုက်ပါနေတဲ့ မိမိကိုယ်ကိုယ်ကို သာ အဖန်ဖန် ဝမ်းနည်းရာပါ၏။ ဒါကြောင့် အဲဒီဝမ်းနည်းသောက ရောက်တတ်သူမှာ သောကမရောက်ရတဲ့အချိန် ရှိတော့မယ်မဟုတ်ပါ''

http://www.dhammadownload.com

''ဒီသတ္တဝါတွေက သွား၊ ရုပ်၊ ထိုင်၊ လျောင်းဆိုတဲ့ ကွရိယာပုထိ (၄)ပါးလုံးမှာပဲ မေ့မေ့လျော့လျော့ နေကြပါတယ်။ အသက်ရှင်စေတဲ့ ကံတွေကတော့ နေ့ရောညပါ ကွရိယာပုထိအားလုံးမှာ မမေ့မလျော့ဘဲ သူ့ရဲ့ ကုန်သွားတဲ့အလုပ်ကိုသာ လုပ်နေကြပါတယ်။ မျက်စိအဖွင့်၊ အပိတ် ကာလလေးမှာလည်း ဒီသတ္တဝါတွေရဲ့အရွယ်ဟာ ဆုတ်ယုတ်ပဲ ဆုတ်ယုတ်လာပါတယ်။ တိုးပွားမလာပါ''

''အဲဒီလို ဆုတ်ယုတ်နေတဲ့အရွယ်မှာ အတ္တလို့ ခေါ်ဆိုရတဲ့ ဒီခန္ဓာကိုယ်ဟာ အရွယ်အားဖြင့် မပြည့်စုံဘဲသာ ရှိနေပါတယ်။ အဲဒီအရွယ်တွေမှာ ဖြစ်ရတဲ့ သတ္တဝါတွေရဲ့ ပျက်စီးရမှု၊ ကွဲကွာရမှုဟာ သေချာပါတယ်။ အသက်ရှင်နေတဲ့ ကျန်သတ္တဝါကို သနားချစ်ခင်မေတ္တာသက်ဝင်ရပါတယ်။ ''ဒီသတ္တဝါဟာ ရောဂါကင်းပါစေ၊ ချမ်းသာပါစေ''လို့ မေတ္တာပွားရပါတယ်။ သေသွားတဲ့ အဲဒီပုဂ္ဂိုလ်ကို တွေးပြီး သောကမရောက်ထိုက်ပါ''

ဘုရားလောင်းက အဲဒီလိုစကားတွေနဲ့ မမြဲတဲ့ အခြင်းအရာကို ထင်ရှားပြရင်း တရားကို ဟောပါတယ်။ လူအများက ရသေ့မလေးရဲ့ အလောင်းကို မီးသင်္ဂြိုဟ်ကြပါတယ်။ ဘုရားလောင်းက ဟိမဝန္တာတောကိုပဲ ဝင်ပြီး စျာန်၊ အဘိညာဉ် သမာပတ်တွေကို ဖြစ်စေကာ ပြဟ္မာ့ပြည်ကို ရောက်သွားပါတယ်။ အဲဒီအခါ သမ္မိလ္လဟာသိနီရသေ့မလေးဟာ ရာဟုလာရဲ့မယ်တော် ယသောဓရာလောင်းလျာ ဖြစ်ပါတယ်။

(ဇာတ်၊ ၄၊ ၃၊ ၈၅)

http://www.dhammadownload.com

ဘုရားလောင်းရသေ့ရဲ့ စိတ်ထားကတော့ လက်ဖျားခါလောက် ပါပေတယ်။ လောဘသံယောဇဉ်နည်းတော့ သောကနည်းပါတယ်။ လောဘသံယောဇဉ်ကင်းတော့ သောကကင်းရပါတယ်။ ရသေ့မလေးက သနားစရာကောင်းသလောက် ဘုရားလောင်းရသေ့ကတော့ ကြည်ညိုစရာ ကောင်းလှပါတယ်။ မင်္ဂလာဆောင်ပြီး တစ်ခန်းတည်း အိပ်ရာတစ်ခုတည်းပေါ် အိပ်ကြရပါလျက် ကိလေသာနဲ့တောင် မကြည့်ရှုကြတဲ့ သူတို့နှစ်ယောက်ဘဝဟာ ထူးဆန်းလှပါပေတယ်။ အံ့သြဖွယ်ကောင်းလှပါတယ်။ ဗြဟ္မာ့ပြည်က လာတဲ့လူတွေ မဟုတ်ရင် ဘယ်လို လူက အဲဒီလို နေနိုင်မှာလဲ။ ရွှေရုပ်လိုလှတဲ့ မိန်းကလေးဆိုရင် သာမန် အမျိုးသားတွေဟာ ကြည့်ချင်၊ မြင်ချင်၊ ပိုင်ဆိုင်ချင်ကြမှာပါပဲ။ ဘုရားလောင်းမှာရော၊ ယသောဓရာလောင်းမှာပါ စိတ်ဓာတ်တွေဟာ အလွန်ပဲ မြင့်မြတ်ကြပါပေတယ်။

❖ ○ ❖

http://www.dhammadownload.com

သန္တီအမတ်ကြီး

သန္တီအမတ်ကြီးဟာ တစ်ချိန်မှာ ပသေနဒီကောသလမင်းရဲ့ နိုင်ငံအစွန်မှာ ပုန်ကန်သောင်းကျန်းနေတာကို ငြိမ်သက်အောင် လုပ်ပြီးလာတယ်။ အဲဒီအခါ အမတ်ကြီးအား မင်းက သဘောကျလို့ (၇)ရက်ပတ်လုံး မင်းအဖြစ်ကို ပေးကာ အက၊ အဆို ကျွမ်းကျင်တဲ့ မိန်းမတစ်ယောက်ကို ပေးတယ်။ သန္တီက (၇)ရက်ပတ်လုံး အရက်မူးပြီး (၇)ရက်မြောက်မှာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ကာ ဆင်ကျောပေါ် စီးလျက် ရေချိုးဆိပ်ကို သွားတယ်။ ဆွမ်းခံဝင်လာတဲ့ ဘုရားရှင်ကို တံခါးအကြားမှ မြင်ရပြီး ဆင်ကျောပေါ်ကပဲ ဦးခေါင်းကို လှုပ်ကာ ရှိခိုးပြီး ဖဲသွားတယ်။ ဘုရားရှင်က ပြုံးတော်မူပြီး ''မြတ်စွာဘုရား၊ ပြုံးတော်မူရခြင်းရဲ့အကြောင်းက ဘာလဲ''လို့ အရှင်အာနန္ဒာရဲ့ အမေးခံရလို့ ပြုံးခြင်းရဲ့အကြောင်းကို ပြောပြလိုလို့ မိန့်တော်မူပါတယ်။

http://www.dhammadownload.com

''အာနန္ဒာ... သန္တတိအမတ်ကြီးကို ကြည့်ပါ။ ဒီနေ့ တန်ဆာအားလုံးနဲ့ တန်ဆာဆင်လျက်ပဲ ငါဘုရားထံ လာပြီး (၄)ပိုဒ်ရှိတဲ့ ဂါထာရဲ့အဆုံးမှာ ရဟန္တာဖြစ်ပြီး ထန်း (၇)ပင်လောက်ရှိတဲ့ ကောင်းကင်မှာ ထိုင်ကာ ပရိနိဗ္ဗာန်စံလိမ့်မယ်''

လူအများက အရှင်အာနန္ဒာနဲ့အတူ စကားပြောနေတဲ့ ဘုရားရှင်ရဲ့စကားကို ကြားရတယ်။ အဲဒီအထဲက အယူမှားရှိသူတွေက ''ရဟန်းဂေါတမရဲ့ လုပ်ကြံပုံကို ကြည့်ကြပါ။ ပါးစပ်ထဲ ရောက်လာတာကိုပဲ ပြောတယ်။ ဒီလောက် အရက်မူးနေတဲ့ ဒီသန္တတိအမတ်ကြီးက ဒီနေ့ ဒီလိုတန်ဆာဆင်လျက်ပဲ ဒီရဟန်းဂေါတမထံ တရားနာပြီး ပရိနိဗ္ဗာန်စံမယ်လို့ပြောတဲ့ ဒီရဟန်းဂေါတမကို လိမ်ညာပြောဆိုမှုနဲ့ နှိပ်ကွပ်ကြမယ်''လို့ ကဲ့ကြတယ်။ အယူမှန်ရှိသူတွေက ''ဘုရားရှင်တွေရဲ့အစွမ်းဟာ အံ့သြဖွယ် ကောင်းပါပေတယ်။ ဒီနေ့ ဘုရားရှင်နဲ့ သန္တတိအမတ်ကြီးတို့ရဲ့ တင့်တယ်မှုကို ကြည့်ရှုခွင့် ရကြမယ်''လို့ ကဲ့ကြတယ်။

သန္တတိအမတ်ကြီးကလည်း ရေချိုးဆိပ်မှာ တစ်နေ့လုံး ရေကစားပြီး ဥယျာဉ်ကို သွားကာ အရက်သောက်တဲ့နေရာမှာ ထိုင်တယ်။ အဲဒီမိန်းမကလည်း ကပွဲသဘင်အလယ် သက်ဆင်းပြီး အက၊ အဆိုကို ပြဖို့ ကြိုးစားတယ်။ အဲဒီမိန်းမက ခန္ဓာကိုယ်တင့်တယ်မှုကို ပြဖို့ (၇)ရက်ပတ်လုံး အစားအစာနည်းလို့ အဲဒီနေ့မှာ အက၊ အဆိုကို ပြတဲ့အခါ ဝမ်းဗိုက်အတွင်း ဓားလိုလေတွေ ပေါ်ထွက်လာကာ နှလုံးသားကို ဖြတ်ပြီးသွားကြတယ်။ အဲဒီမိန်းမဟာ အဲဒီခဏမှာပဲ ပါးစပ်ရော၊ မျက်စိတွေပါ ပွင့်ပြီး သေသွားတယ်။ သန္တတိအမတ်ကြီးက

http://www.dhammadownload.com

''သူမကို စူးစမ်းကြပါ''လို့ ပြောတယ်။ ''အရှင်အမတ်ကြီး သေသွားပါပြီ''လို့ ပြောကြရုံမျှမှာပဲ သောကအကြီးအကျယ် လွှမ်းမိုးခံရကာ အဲဒီခဏမှာပဲ (၇)ရက်ပတ်လုံး သောက်ထားတဲ့ သေရည်ဟာ ပူကျက်နေတဲ့ ခွက်ပေါ်က ရေပေါက်ပမာ ကုန်ခန်းသွားတယ်။ ''ငါ့ရဲ့ ဒီသောကကို ဘုရားမှတစ်ပါး အခြားသူတွေ ငြိမ်းအေးအောင် မလုပ်နိုင်ကြ''လို့ နားလည်ပြီး သန္တတိဟာ စစ်သည်အပေါင်းခြံရုံပြီး ညနေချမ်းအခါမှာ ဘုရားရှင်ထံ သွားပြီး ရှိခိုးကာ လျှောက်ထားပါတယ်။

''မြတ်စွာဘုရား... တပည့်တော်မှာ ဒီလိုသောက ဖြစ်နေပါတယ်၊ တပည့်တော်ရဲ့ ဒီသောကကို အရှင်ဘုရားက ငြိမ်းအေးအောင် လုပ်ပေးနိုင်လိမ့်မယ်လို့ တွေးပြီး လာခဲ့ပါတယ်။ တပည့်တော်ရဲ့ အားကိုးရာဖြစ်တော်မူပါ''

အဲဒီအခါ ဘုရားရှင်က အောက်ပါစကားကို မိန့်ကြားတော်မူပါတယ်။

''သင်ဟာ သောကငြိမ်းအေးစေနိုင်သူထံ ရောက်နေတာပဲ၊ ဒီမိန်းမ ဒီနည်းနဲ့ သေတဲ့အခါ ငိုခဲ့တဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာကြီး (၄)စင်းထဲက ရေတွေထက် ပိုများတယ်''

''အတိတ် ရုပ်နာမ်သခါရအပေါင်းမှာ ဖြစ်နိုင်တဲ့ ကိလေသာတွေကို ခြောက်သွေ့ပါစေ၊ အနာဂတ် ရုပ်နာမ်သခါရအပေါင်းမှာ ကြောင့်ကြမှုကိလေသာ မဖြစ်ပါစေနဲ့၊ အလယ်ပိုင်းရုပ်နာမ် ပစ္စုပ္ပန်သခါရမှာ မစွဲယူရင် ကိလေသာမီးငြိမ်းကာ သင်ဟာ လှည့်လည်နေရပါလိမ့်မယ်''

http://www.dhammadownload.com

အဲဒီစကားအဆုံးမှာ သန္တာတိအမတ်ကြီးဟာ ရဟန္တာဖြစ်သွားပါတယ်။ သူ့ရဲ့ အသက်ရှည်စေမယ့်ကံကို ကြည့်ရှုတဲ့အခါ ရှေ့ဆက်မဖြစ်တော့တာကို သိပြီး ဘုရားရှင်ကို လျှောက်တယ်။

''မြတ်စွာဘုရား... တပည့်တော်အား ပရိနိဗ္ဗာန်စံခွင့်ပြုတော်မူပါ''

ဘုရားရှင်က သန္တာတိပြုလုပ်ခဲ့တဲ့ကံကို သိပေမယ့် ''မုသာဝါဒနဲ့ နှိပ်ကွပ်ဖို့ စုဝေးနေတဲ့ အယူမှားရှိသူတွေ အခွင့်မရ ဖြစ်ကြလိမ့်မယ်၊ ဗုဒ္ဓနဲ့ သန္တာတိတို့ရဲ့ တင့်တယ်မှုကို ကြည့်ရှုကြမယ်''လို့ ကြံကာ စုဝေးနေကြတဲ့ အယူမှန်ရှိသူတွေက သန္တာတိပြုလုပ်ခဲ့တဲ့ကံကို ကြားရပြီး ကောင်းမှုတွေမှာ လေးစားစွာ ပြုလုပ်ကြလိမ့်မယ်လို့ မှတ်သားပြီး ''ဒီလိုဆိုရင် သင်ပြုလုပ်ခဲ့တဲ့ ကံကို ငါ့အား ပြောပြပါ၊ ပြောတဲ့အခါမှာလည်း မြေကြီးပေါ် ရပ်တည်ကာ မပြောဘဲ ထန်း(၇)ပင်လောက်ရှိတဲ့ ကောင်းကင်မှာ ရပ်တည်ကာ ပြောပါ''လို့ မိန့်ပါတယ်။

သန္တာတိက ''ကောင်းပါပြီဘုရား''လို့ လျှောက်ကာ ဘုရားရှင်ကို ရှိခိုးပြီး ထန်းတစ်ပင်လောက်အရပ်ကို တက်ကာ သက်ဆင်းပြီး တစ်ဖန် ဘုရားရှိခိုးပြီး တက်ပြန်တယ်။ အစဉ်အတိုင်း ထန်း (၇)ပင်လောက်ရှိတဲ့ ကောင်းကင်မှာ တင်ပျဉ်ခွေထိုင်ကာ ''မြတ်စွာဘုရား၊ တပည့်တော်ရဲ့ ရှေးကံကို နားထောင်တော်မူပါ''လို့ လျှောက်ကာ အောက်ပါအတိုင်း လျှောက်ပြပါတယ်။

တပည့်တော်ဟာ ဒီကမ္ဘာကနေ (၉၁) ကမ္ဘာအထက်မှာ ဝိပဿီဘုရားရှင် ပွင့်တော်မူတဲ့အခါ ဗန္ဓုမတီမြို့က အမျိုးတစ်မျိုးမှာ

http://www.dhammadownload.com

ဖြစ်ခဲ့ပါတယ်။ ''သူတစ်ပါးတွေကို ဖြတ်တောက်ညှဉ်းဆဲမှု မပြုလုပ်ရတဲ့ အလုပ်က ဘာလဲ''လို့ စူးစမ်းတဲ့အခါ တရားကြွေးကြော်တဲ့ အလုပ်ကို မြင်ရပါတယ်။ အဲဒီအချိန်ကစပြီး အဲဒီအလုပ်ကို လုပ်ရင်း လူအများကို တိုက်တွန်းခဲ့ပါတယ်။

''ကောင်းမှုတွေကို ပြုလုပ်ကြပါ၊ ဥပုသ်နေ့တွေမှာ ဥပုသ် စောင့်ကြပါ၊ အလှူလှူကြပါ၊ တရားနာကြပါ၊ ဘုရား၊ တရား စသည် တို့နှင့်တူတဲ့ အခြားရတနာဆိုတာ မရှိပါ။ ရတနာသုံးပါးအပေါ် ယုံကြည်မှု ပြုကြပါ''

အဲဒီလိုကြွေးကြော်ပြီး လှည့်လည်ခဲ့ပါတယ်။ တပည့်တော်ရဲ့ အသံကို ကြားရပြီး ဘုရားရှင်ရဲ့ ခမည်းတော် ဗန္ဓုမတိမင်းကြီးက တပည့်တော်ကို အခေါ်ခိုင်းပြီး မေးပါတယ်။

''ချစ်သား... သင်ဟာ ဘာကို လုပ်ကာ လှည့်လည်နေပါသလဲ''

''အရှင်မင်း... အကျွန်ုပ်ဟာ ရတနာသုံးပါးတို့ရဲ့ ဂုဏ်ကို ထင်ရှားပြပြီး လူအများကို ကောင်းမှုတွေမှာ တိုက်တွန်းကာ လှည့်လည်နေပါတယ်''

''ဘယ်မှာ ထိုင်ပြီး လှည့်လည်တာလဲ''

''ခြေလျင်ပါပဲ... အရှင်မင်းကြီး''

''ချစ်သား... သင်ဟာ ဒီလိုမလှည့်လည်ထိုက်၊ ဒီပန်းကုံးကို ပန်ဆင်ပြီး မြင်းရဲ့ကျောပေါ်မှာ လှည့်လည်ပါ''

''အဲဒီလိုပြောပြီး တပည့်တော်အား ပုလဲကုံးနဲ့တူတဲ့ ပန်းကုံးကို ပေးကာ ယဉ်ကျေးပြီးစဲ့မြင်းကို ပေးပါတယ်၊ မင်းက ပေးတဲ့

http://www.dhammadownload.com

အဆောင်အယောင်နဲ့ အဲဒီအတိုင်း ကြွေးကြော်ကာ လှည့်လည်နေတဲ့ တပည့်တော်ကို မင်းက နောက်ထပ် အခေါ်ခိုင်းပြီး မေးပါတယ်။

''ချစ်သား... ဘာကို လုပ်ကာ လှည့်လည်ပါသလဲ''

''အရှင်မင်း... အရင်အလုပ်ကိုပါပဲ''

''ချစ်သား... ရထားလည်း သင့်အား မသင့်လျော်''

''အဲဒီလိုပြောကာ တပည့်တော်အား စည်းစိမ်ဥစ္စာများစွာနဲ့ ကြီးကျယ်တဲ့ အဆင်တန်ဆာကို ပေးပြီး ဆင်တစ်ကောင်ကိုလည်း ပေးပါတယ်၊ တပည့်တော်ဟာ အဆင်တန်ဆာအားလုံးနဲ့ တန်ဆာဆင်ပြီး ဆင်ကျောပေါ် ထိုင်ကာ အနှစ် (၈)သောင်းပတ်လုံး တရားကြွေးကြော်တဲ့အလုပ်ကို လုပ်ခဲ့ပါတယ်။ တပည့်တော်ရဲ့ ခန္ဓာကိုယ်မှ အဲဒီကာလပတ်လုံး စန္ဒကူးနံ့နဲ့ မွှေးကြိုင်ပါတယ်။ ပါးစပ်မှ ကြာညို ပန်းနံ့ မွှေးကြိုင်ပါတယ်။ အဲဒါဟာ တပည့်တော်လုပ်ခဲ့တဲ့ ကံပါပဲ''

အဲဒီလို သန္တတိဟာ သူ့ရဲ့ရှေးကံကို လျှောက်ထားပြီး ကောင်းကင်မှာ ထိုင်ရင်းပဲ တေဇောကသိုဏ်းစျာန်ကို ဝင်စားကာ ပရိနိဗ္ဗာန်စံတယ်။ ခန္ဓာကိုယ်မှာ မီးတောက်ထွက်ပေါ်လာပြီး အသားအသွေးကို လောင်မြိုက်ပါတယ်။ မြတ်လေးပန်းပွင့်တွေလို ဓာတ်တော်တွေ ကြွင်းကျန်ပါတယ်။ ဘုရားရှင်ဟာ ဖြူစင်တဲ့အဝတ်ကို ဖြန့်ခင်းလိုက်ပါတယ်။ ဓာတ်တော်တွေက အဲဒီအဝတ်မှာ ကျပါတယ်။ အဲဒီဓာတ်တော်တွေကို သပိတ်မှာ ထည့်ပြီး ''လူအများက ရှိခိုးပြီး ကောင်းမှုအဖို့ ရှိလိမ့်မယ်''လို့ ရည်ရွယ်ကာ လမ်းလေးခွမှာ စေတီတည်ခိုင်းပါတယ်။

(စမ္မပဒ၊ ၄၊ ၃၊ ၅၀)

http://www.dhammadownload.com

သန္တာတိအမတ်ကြီးဟာ ကချေသည်မလေးအပေါ် စွဲလမ်းနေလို့ သောကအကြီးအကျယ် ရောက်ရပေမယ့် သောကကို ပယ်ရှားပေးနိုင်တဲ့ ဘုရားရှင်နဲ့ တွေ့ရလို့ သောကငြိမ်းအေးစေတဲ့ တရားကို နာရပြီး ရဟန္တာဖြစ်သွားပါတယ်။ အံ့သြဖွယ်ပါပဲ။ ဘုရားရှင်ရော၊ ဘုရားရှင်ရဲ့ တရားပါ ကြည်ညိုလေးစားစရာ ကောင်းလှပါတယ်။

❖ ○ ❖

http://www.dhammadownload.com

အရုပ်ကလေး

အနာထပိဏ်သူဌေးရဲ့ သမီးမှာ သမီလေးတစ်ယောက် ရှိပါတယ်။ အဲဒီမြေးမလေးအား အထိန်းတော်က မုန့်ညက်နဲ့ လုပ်ထားတဲ့ သမီးအရုပ်ကလေးကို ''ဒါက သင့်ရဲ့သမီးပဲ၊ ဒီသမီးလေးကို ယူပြီး ကစားပါ''လို့ ပြောကာ ပေးထားပါတယ်။။။ အဲဒီမြေးမလေးက အဲဒီအရုပ်လေးအပေါ် သမီးလို့ ထင်မှတ်နေပါတယ်။ တစ်နေ့မှာ အဲဒီအရုပ်လေးကို ယူပြီး အဲဒီမြေးမလေး ကစားနေတုန်း သတိမေ့လျော့သွားလို့ ကျပြီး ကွဲသွားပါတယ်။ အဲဒါကြောင့် မြေးမလေးက ''ငါ့ရဲ့ သမီး သေသွားပြီ''လို့ပြောကာ ငိုကြွေးပါတယ်။ ငိုကြွေးနေတဲ့ အဲဒီမြေးမလေးကို အိမ်လူ ဘယ်သူကမှ နားလည်အောင် ပြောမပြနိုင်ပါ။ အဲဒီအခါမှာ ဘုရားရှင်က အနာထပိဏ်သူဌေးရဲ့ အိမ်မှာ ခင်းထားတဲ့ နေရာပေါ် ထိုင်ပါတယ်။ အထိန်းတော်က အဲဒီကလေးမကို ခေါ်ယူပြီး

http://www.dhammadownload.com

သူဌေးထံ သွားပါတယ်။ သူဌေးက အဲဒီမြေးမလေးကို မြင်ပြီး ''ဘာကြောင့် ဒီကလေးမက ငိုတာလဲ''လို့ မေးပါတယ်။

''အထိန်းတော်က အဲဒီဖြစ်ပုံကို သူဌေးအား ပြောပြပါတယ်။ သူဌေးက အဲဒီမြေးမလေးကို ရင်ခွင်ပေါ် ထိုင်ခိုင်းပြီး ''သင့်ရဲ့သမီးလေးအတွက် အလှူလှူမယ်''လို့ နားလည်အောင် ပြောပြကာ ဘုရားရှင်အား ဒီလိုလျှောက်ပါတယ်။

''မြတ်စွာဘုရား... တပည့်တော်မြေးမလေးရဲ့ သမီးလေးဖြစ်တဲ့ မုန့်ညက်အရုပ်လေးကို ရည်စူးပြီး အလှူလှူလိုပါတယ်။ တပည့်တော်ရဲ့ အဲဒီအလှူကို ရဟန်းငါးရာနဲ့အတူ နက်ဖြန် ကောင်းမှုအတွက် အလှူခံတော်မူပါ''

ဘုရားရှင်က တိတ်ဆိတ်နေကာ လက်ခံတော်မူပါတယ်။ အဲဒီအခါ ဘုရားရှင်က ဒုတိယနေ့မှာ ရဟန်း (၅၀၀)နှင့်အတူ သူဌေးရဲ့အိမ်ကို ကြွသွားပြီး ဆွမ်းကိစ္စကို ပြုလုပ်ကာ အနုမောဒနာပြုလိုလို့ အောက်ပါစကားတွေကို မိန့်ပါတယ်။

''မနုမြောတဲ့ပုဂ္ဂိုလ်ဟာ မင်္ဂလာကိစ္စ စတဲ့ ကိစ္စတွေထဲက တစ်စုံတစ်ခုကို အကြောင်းပြုပြီး လှူပါတယ်။ ရှေးက ကွယ်လွန်သွားသူတွေကို အကြောင်းပြုပြီးဖြစ်စေ၊ အိမ် စသည်မှာ စောင့်ရှောက်တဲ့ နတ်တွေကိုဖြစ်စေ၊ အခြားနတ်လူတွေ စသည်ကို အကြောင်းပြုပြီး ဖြစ်စေ အလှူကို လှူပါတယ်''

''မနုမြောတဲ့ပုဂ္ဂိုလ်ဟာ ကုဝေရနတ်မင်း၊ ဓတရဋ္ဌနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ဝိရူဠကနတ်မင်းဆိုတဲ့ အဆွေအရံများစွာရှိ လောကစောင့်နတ်မင်းကြီး (၄)ဦးကို အကြောင်းပြုပြီး အလှူကို လှူပါတယ်။

http://www.dhammadownload.com

အဲဒီနတ်မင်းကြီး (၄)ဦးကရော၊ ကွယ်လွန်သွားသူတွေကရော၊ အိမ်စောင့်နတ်တွေကပါ သူတို့ကို ရည်စူးလှူရုံမျှကြောင့် အလှူရှင်တွေမှာ အကျိုးမရှိ မဟုတ်ပါ။ မိမိရဲ့ အလှူအကျိုးကို ရရှိပိုင်ဆိုင်ကြပါတယ်''

''ငိုကြွေးတာ၊ ဝမ်းနည်းတာ၊ မြည်တမ်းတာတွေဟာ တမလွန်ဘဝသွားသူအတွက် အကျိုးကျေးဇူးမပြုပါ။ ဒါကြောင့် အဲဒီအမှုတွေကို မပြုလုပ်ထိုက်ပါ။ ဒါပေမဲ့ ပညာမရှိတဲ့ ဆွေမျိုးတွေကတော့ အဲဒီလိုပဲ လုပ်နေကြပါတယ်''

''ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးကျဲချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်တဲ့ သံဃာအား လှူရတဲ့အလှူဟာ အဲဒီတမလွန်သွားသူရဲ့ အချိန်ကြာမြင့်စွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်ပါတယ်။ တစ်ခဏချင်းပဲ (ကာလမခြားဘဲ) အကျိုးပေးပါတယ်''

''တမလွန်ဘဝသွားသူတွေကို ရည်စူးပြီး အလှူလှူရတဲ့အခါ တမလွန်သွားသူတွေက ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြရင် အဲဒီသာဓုခေါ်ရာ ခဏမှာပဲ အဲဒီသာဓုခေါ်တဲ့ အဲဒီကုသိုလ်ရဲ့ အကျိုးအရပြီတော့ဘာဝမှ လွတ်မြောက်ကြရတာဟာ ဓမ္မတာပဲ ဖြစ်ပါတယ်''

ဘုရားရှင်က အဲဒီလို တရားဟောပြီး လူအများကို တမလွန်သွားသူတွေကို ရည်စူးကာ ဒါနမှာ ပျော်တဲ့စိတ်ရှိအောင် လုပ်ကာ နေရာမှ ထပြီး ဖဲသွားပါတယ်။ နောက်နေ့မှာ သူဌေးကတော်ကရော၊ ကျန်တဲ့ ဆွေမျိုးတွေကပါ သူဌေးနောက် အတုလိုက်ကာ (၃)လလောက် အဲဒီလို အလှူကြီးကို လှူကြပါတယ်။ အဲဒီအခါ ပဿေနဒီကောသလမင်းက ဘုရားရှင်ထံ ချဉ်းကပ်ပြီး ''မြတ်စွာဘုရား၊ ဘာကြောင့် ရဟန်းတွေက တစ်လလောက် တပည့်တော်ရဲ့ နန်းတော်

http://www.dhammadownload.com

သို့ မကြွလာကြပါသလဲ''လို့ မေးပါတယ်။ ဘုရားရှင်က အဲဒီအကြောင်းကို မိန့်ပြီးတဲ့အခါ ကောသလမင်းကလည်း သူဌေးကို အတုလိုက်ကာ ဘုရားအမှူးရှိတဲ့ ရဟန်းအပေါင်းအား အလှူကြီး လှူပါတယ်။ အဲဒါကို မြင်ပြီး မြို့သူမြို့သားတွေက မင်းကို အတုလိုက်ကာ တစ်လလောက် အလှူကြီး လှူကြပါတယ်။ အဲဒီလိုနည်းနဲ့ (၂)လကြာ မုန့်ညက်သမီး အရှစ်လေးကို အကြောင်းပြုကာ အလှူကြီး လှူကြပါတယ်။

(ပေတဝတ္ထု၊ ဋ္ဌ၊ ၁၅)

ကုသိုလ်ကောင်းမှုဆိုတာ ဘာကိုပဲ အကြောင်းပြုပြု ပြုနိုင်ရင် ပြုနိုင်သလောက် ကောင်းတာပါပဲ။ ကုသိုလ်ကောင်းမှု တိုးပွားတာဟာ ချမ်းသာတိုးပွားကြောင်း ဖြစ်ပါတယ်။ သောကဆိုတာ ကိုယ်တွယ်တာမြတ်နိုးတဲ့ သက်ရှိသက်မဲ့အရာအပေါ် တွယ်တာရင် တွယ်တာသလောက် ကြီးမားတာပါပဲ။ သက်မဲ့သမီးအရှစ်လေးအပေါ် တကယ့် သက်ရှိသမီးလေးပမာ တွယ်တာနေတော့ အနာထပိဏ်သူဌေးရဲ့ မြေးမလေးခမျာ သောကရောက်ရပါတယ်။

❖ ○ ❖

http://www.dhammadownload.com

သောဏသည်ပဝေါဂဗုဒ္ဓါလောင်းလျှာ

ဗာရာဏသီမှာ ကေပုတ္တကပြဟ္မဒတ္တမင်း ရှိခဲ့တယ်။ သူက သူ့ရဲ့ တစ်ယောက်တည်းသော သားလေးကို ချစ်မြတ်နိုးတယ်။ အသက်ပမာ သဘောထားတယ်။ မင်းက ကျွဲရိယာပုထိအားလုံးမှာ သားကို ယူပြီးတော့ပဲ နေတယ်။ မင်းက တစ်နေ့မှာ ဥယျာဉ်သွားတဲ့ အခါ သားကို ထားခဲ့ပြီး သွားတယ်။ မင်းသားကလည်း ထိုနေ့မှာပဲ ဖြစ်တဲ့ ရောဂါနဲ့ သေသွားတယ်။ အမတ်တွေက ''သားကို ချစ်လို့ နှလုံးလည်း ကွဲပြီး သေနိုင်တယ်''လို့ တွေးကာ မပြောကြားဘဲသာ သားကို မီးသင်္ဂြိုဟ်လိုက်ကြတယ်။ မင်းက ဥယျာဉ်မှာ သေချည်မူးနေလို့ သားကို သတိမရ။ ဒုတိယနေ့မှာလည်း ရေချိုးချိန်၊ စားချိန်တွေမှာ သတိမရ။ စားပြီး ထိုင်နေတဲ့အခါ သတိရပြီး ''ငါ့ရဲ့သားကို ခေါ်ဆောင်ခဲ့ကြပါ'' လို့ ပြောတယ်။ မင်းအား သင့်လျော်တဲ့ အစီအစဉ်နဲ့ အဲဒီ

http://www.dhammadownload.com

ဖြစ်ပုံကို ပြောပြကြတယ်။

အဲဒီကနောက် သောကနိုပ်စက်ခံရပြီး ထိုင်နေတဲ့အခါ ဒီလို သင့်တင့်စွာ နှလုံးသွင်းတယ်။ ''ဒီအကြောင်းရှိတဲ့အခါ ဒီအကျိုးရှိတယ်။ ဒီအကြောင်း ဖြစ်ပေါ်လာလို့ ဒီအကျိုး ဖြစ်တယ်။'' မင်းက အဲဒီလို အစဉ်အတိုင်း အပြန်ပြန်အလှန်လှန် ပဋိစ္စသမုပ္ပါဒ်ကို သုံးသပ်ရင်း ပစ္စေကသမ္ဗောဓိဉာဏ်ကို မျက်မှောက်ပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ပစ္စေကဗုဒ္ဓါက ရှေးနည်းအတိုင်းပဲ အောက်ပါ ဥဒါန်းဂါထာ စကားကို မိန့်ကြားပါတယ်။ ''သူငယ်ချင်းတွေရဲ့အလယ်မှာ ဆင်၊ မြင်း၊ ရထား စသည်တွေနဲ့ ကိုယ်အားဖြင့် ကစားမှု၊ သီချင်းဆိုခြင်း စသည်ဖြင့် နှုတ်အားဖြင့် ကစားပျော်ရွှင်မှု၊ ကာမဂုဏ်ငါးပါးနဲ့ ပျော်ရွှင်မှု ရှိတယ်။ သားတွေအပေါ် ချစ်ခင်မှုဟာ ရိုးတွင်းခြင်ဆီတိုင်အောင် တည်ကာ တစ်ကိုယ်လုံးကို ပုံ့နှံ့နေတယ်။ ချစ်ရသူတွေနဲ့ ကွေကွင်းရတာကို စက်ဆုပ်ရင် တစ်ယောက်တည်း ကြဲချိုပမာ ကျင့်ရပါတယ်။

(သုတ္တနိ၊ ပ၊ ဋ္ဌ၊ ၇၅။ အဋ္ဌနိ၊ ဋ္ဌ၊ ပ၊ ၁၀၅)

ပစ္စေကဗုဒ္ဓါလောင်းလျာတွေမှာ ပါရမီတွေကို ပြည့်အောင် ဖြည့်ခဲ့ကြတာဖြစ်လို့ အကြောင်းတစ်ခုခုကို ရင်ဆိုင်တွေ့ကြုံလိုက်ရတာနဲ့ အဲဒီအတွေ့အကြုံက ပစ္စေကဗုဒ္ဓါအဖြစ် ရောက်အောင် တွန်းပို့ပေးလိုက်ပါတယ်။ ပစ္စေကဗုဒ္ဓါဟာ သားသောကရဲ့ ဖိစီးမှုကို ခံရလို့ သားသောကကို အကြောင်းပြုကာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားပါတယ်။ အဆိုးကြောင့် အကောင်းဘက်ကို ရောက်သွားကာ အမြတ်တွေ အများကြီး ရသွားပါတယ်။

http://www.dhammadownload.com

သေသွားသူသားကြောင့်

သာဝတ္ထိမြို့က ပုဏ္ဏားတစ်ယောက်ဟာ ပစ္စည်းဥစ္စာ ကြွယ်ဝပေါများ ချမ်းသာပါတယ်။ သဒ္ဓါတရား မရှိပါ။ ရတနာသုံးပါးအပေါ် မကြည်ညိုပါ။ လွဲမှားတဲ့အယူ ရှိပါတယ်။ ဘယ်သူ့အား ဘယ်ကိုမှ မပေးပါ။ မပေးလို့ဘဲ ''ဘာကိုမှ မပေးဖူးဘူး''လို့ ထင်ရှားပါတယ်။ သူဟာ အယူမှားရှိလို့ရော လောဘကြီးလို့ပါ ဘုရားရှင်ကိုရော၊ ဘုရား ရှင့်တပည့်ကို ပါ ဖူးမြော်ဖို့လည်း အလိုမရှိပါ။ မဋ္ဌကုဏ္ဍလီမည်တဲ့ သူ့ သားကိုလည်း ဒီလိုသင်ပေးထားပါတယ်။

''ချစ်သား ... သင်ဟာ ရဟန်းဂေါတမကိုရော၊ သူ့တပည့်တွေကိုပါ ချဉ်းလည်း မချဉ်းကပ်ထိုက်ပါ၊ ဖူးလည်း မဖူးမြော်ထိုက်ပါ''

မဋ္ဌကုဏ္ဍလီကလည်း သူ့ဖခင်ပြောတဲ့အတိုင်း လုပ်ပါတယ်။ သူဟာ မကျန်းမမာဖြစ်လာပါတယ်။ ဖခင် ပုဏ္ဏားက ဥစ္စာကုန်သွား

http://www.dhammadownload.com

မှာ ကြောက်လို့ ဆေးကုမပေးပါ။ ရောဂါကတော့ တိုးပွားမြဲ တိုးပွားနေလို့ ဆေးဆရာတွေကို ခေါ်ကာ ပြပါတယ်။ ဆေးဆရာတွေက သူ့သားရဲ့ ခန္ဓာကိုယ်ကို ကြည့်ပြီး ဆေးကုလို့ မရတော့ဘူးလို့ သိကာ သူ့သားကို ဖဲခွာသွားကြပါတယ်။ ပုဏ္ဏားက "သားဟာ အိမ်အတွင်း မှာ သေရင် ထုတ်ဆောင်ရတာ ဆင်းရဲတယ်"လို့ တွေးပြီး တံခါးမုခ် အပြင်မှာပဲ လဲလျောင်းခိုင်းပါတယ်။ ဘုရားရှင်က ညရဲ့ မိုးသောက် အလင်းရောက်တဲ့အခါ မဟာကရုဏာသမာပတ်မှ ထပြီး လောက ကြီးကို ကြည့်တဲ့အခါ မဋ္ဌကုဏ္ဍလီလုလင်ဟာ အဲဒီနေ့မှာပဲ သေမှာ ကိုရော၊ ငရဲကျဖို့ အခွင့်ရှိနေတာကိုပါ မြင်တော်မူပါတယ်။ ပြီးတော့ ဒီလို သိတော်မူပါတယ်။

ဖခင်ပုဏ္ဏားအိမ်ကို ငါ ကြွသွားရင် မဋ္ဌကုဏ္ဍလီက ငုံအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး နတ်ပြည်မှာ ဖြစ်ကာ သုသာန်မှာ ငိုနေတဲ့ ဖခင် ပုဏ္ဏားထံ ချဉ်းကပ်ပြီး ထိတ်လန့်စေလိမ့်မယ်။ အဲဒီလိုဆိုရင် သူရော၊ သူ့ဖခင်ပါ ငုံထဲ လာလိမ့်မယ်။ လူအများဟာ စုပေါင်းကာ စုဝေး ကြလိမ့်မယ်။ အဲဒီမှာ ငါ တရားဟောရင် တရားထူးကို များစွာပဲ ရကြလိမ့်မယ်"

အဲဒီလိုသိပြီး နံနက်ပိုင်းမှာ သင်းပိုင်ကို ဝတ်၊ သပိတ်သင်္ကန်းကို ယူပြီး ရဟန်းများစွာနဲ့အတူ သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင်တော်မူပါတယ်။ မဋ္ဌကုဏ္ဍလီလုလင်ရဲ့ ဖခင်အိမ်အနီးမှာ ရပ်ပါတယ်။ ဘုရားရှင်ရဲ့ ရောင်ခြည်တော် (၆)ပါးတို့ကို လွှတ်လိုက်ပါတယ်။ အဲဒီရောင်ခြည်တော်တွေကို မြင်ပြီး လုလင်က "ဒါ ဘာလဲ"လို့ ဟိုဟိုဒီဒီ ကြည့်ရှုလိုက်တဲ့အခါ ဘုရားရှင်ကို မြင်သွားပါတယ်။ ဘုရားရှင်ဟာ

http://www.dhammadownload.com

ယဉ်ကျေးပါတယ်။ စောင့်ရှောက်ပါတယ်။ ကူညီဖြေဖြိုမ်သက်ပါတယ်။ ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး (၃၂)၊ လက္ခဏာတော်ငယ် (၈၀)တို့နဲ့ ရော၊ တစ်လံမျှအရောင်နဲ့ရော၊ ကေတုမာလာနဲ့ပါ တောက်ပတင့်တယ်နေပါတယ်။ နှိုင်းယှဉ်စရာမရှိတဲ့ အသရေ၊ မကြုံစဉ်နိုင်တဲ့ ဘုရားတန်ခိုးတော်နဲ့ တင့်တယ်နေပါတယ်။ မြင်ပြီး မဋ္ဌကုဏ္ဍလီမှာ ဒီလိုအကြံ ဖြစ်ပေါ်လာပါတယ်။

''ဘုရားရှင်ဟာ ဒီအိမ်ကို ရောက်နေသလား၊ အဲဒီဘုရားရှင်ရဲ့ ရုပ်အသရေတော်က သူ့ရဲ့ တန်ခိုးနဲ့ နေကိုလည်း လွှမ်းမိုးတယ်။ နှစ်သက်ဖွယ်အနေနဲ့ လကိုလည်း လွှမ်းမိုးတယ်။ ငြိမ်းချမ်းတဲ့အနေနဲ့ သမဏ၊ ဗြဟ္မဏ အားလုံးကိုလည်း လွှမ်းမိုးတယ်။ ဒီနေရာမှာတော့ ငြိမ်းချမ်းတဲ့အခြေအနေပဲ ဖြစ်နိုင်တယ်။ ဒီပုဂ္ဂိုလ်ကလည်း ဒီလောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်မယ် ထင်တယ်၊ ငါ့ကိုလည်း ချီးမြှောက်လိုလို့သာ ဒီကို ရောက်လာနေတယ်''လို့ တွေးကာ ဘုရားအာရုံနဲ့ ပီတိတွေဖြစ်ကာ မပြတ်မလပ် တစ်ကိုယ်လုံးမှာ ပျံ့နှံ့နေတယ်။ ကြီးကျယ်တဲ့ နှစ်သိမ့်မှု၊ ဝမ်းသာမှုကို ခံစားရတယ်။ ကြည်ညိုစိတ်ဖြစ်ပြီး လက်အုပ်ချီကာ လဲလျောင်းနေတယ်။ အဲဒီအခြေအနေကို မြင်ပြီး ဘုရားရှင်က ''ဒီလုလင်မှာ ဒီလောက်နဲ့ နတ်ပြည်ဖြစ်ဖို့ လုံလောက်ပြီ''လို့ တွေးကာ ဖဲသွားပါတယ်။

မဋ္ဌကုဏ္ဍလီကလည်း နှစ်သိမ့်မှု၊ ဝမ်းသာမှုကို မစွန့်ဘဲသာသေသွားပါတယ်။ တာဝတိံသာနတ်ပြည်က (၁၂)ယူဇနာရှိတဲ့ ဗိမာန်မှာ ဖြစ်ပါတယ်။ သူ့ဖခင်ပုဏ္ဏားကတော့ မီးသင်္ဂြိဟ်မှုပြုပြီး ဒုတိယနေ့ နံနက်မိုးသောက်အချိန်မှာ သုသာန်ကို သွားပါတယ်။ ''သား . . .

http://www.dhammadownload.com

သား ... မဋ္ဌကုဏ္ဍလီ၊ သား ... သား ...မဋ္ဌကုဏ္ဍလီ''လို့ အော်ဟစ်ကာ သုသာန်ကို အထပ်ထပ် လှည့်ပတ်လျက် ငိုကြွေးနေပါတယ်။ နတ်သားက သူ့ရဲ့ စည်းစိမ်ပြည့်စုံမှုကို ကြည့်ပြီး ''ငါဟာ ဘယ်လိုကံကို ပြုလုပ်ပြီး ဘယ်ဘဝကနေ ဒီဘဝကို ရောက်လာသလဲ'' လို့ စူးစမ်းပါတယ်။ သူ့ရဲ့ ရှေးဘဝကို သိသွားပါတယ်။ အဲဒီရှေးဘဝ သေခါနီးမှာ ဘုရားရှင်အပေါ် ဖြစ်ပေါ်တဲ့စိတ် ကြည်ညိုမှု၊ စိတ်ကို ဆွဲဆောင်တဲ့ လက်အုပ်ချီမှုကိုလည်း မြင်သွားပါတယ်။ ဘုန်းကြီးတဲ့ ဘုရားရှင်တွေဟာ တန်ခိုးကြီးမားကြပေစွ''လို့တွေးကာ ဘုရားရှင် အပေါ် အလွန်အကဲပဲ ကြည်ညိုမြတ်နိုးမှု ဖြစ်သွားပါတယ်။ ''ဖခင် ပုဏ္ဏားကကော ဘာကို လုပ်နေသလဲ''လို့ စူးစမ်းတဲ့အခါ သုသာန်မှာ ငိုနေတာကို မြင်သွားပါတယ်။ ဒီဖခင်ပုဏ္ဏားဟာ အရင်ဘဝက ငါ့ကို ဆေးကုသပေးမှုကိုတောင် မပြုလုပ်ဘဲ အခုမှ အကျိုးမရှိစွာ သုသာန် မှာ ငိုကြွေးနေတယ်။ အခု အဲဒီဖခင်ပုဏ္ဏားကို ထိတ်လန့်စေပြီး ကုသိုလ်မှာ ငါဟာ တည်အောင် လုပ်မယ်''လို့ကြံကာ နတ်ပြည်မှ သက်ဆင်း လာကာ မဋ္ဌကုဏ္ဍလီအသွင်နဲ့ ငိုကြွေးလျက် ''ဟာ ဟာ ... အိုလ၊ ဟာ ဟား အိုနေ''လို့ လက်မောင်းတွေကို မြှောက်ခါပြီး အော်ဟစ်နေပါတယ်။ ဖခင်ပုဏ္ဏားအနီးမှာ ရပ်တည်ပါတယ်။

အဲဒီအခါ အဲဒီနတ်သားကို ဖခင်ပုဏ္ဏားက ''ဒီမဋ္ဌကုဏ္ဍလီဟာ လာနေပြီ''လို့ တွေးပြီး အောက်ပါစကားတွေကို ပြောပါတယ်။

''တန်ဆာဆင်ထားပြီး ပန်းပန်၊ တစ်ကိုယ်လုံး စန္ဒကူးနီလိမ်းကျံထားတဲ့ မဋ္ဌကုဏ္ဍလီ၊ သင်ဟာ လက်မောင်းတွေကို ချီမြှောက် ပြီး ငိုကြွေးနေတယ်၊ တောအလယ်မှာ သင်ဟာ ဘာကြောင့် ဒုက္ခ ရောက်နေရပါသလဲ''

http://www.dhammadownload.com

အဲဒီအခါ ဖခင်ပုဏ္ဏားကို နတ်သားက ဒီလို ပြောပါတယ်။

''အကျွန်ုပ်မှာ ရွှေနဲ့ပြုလုပ်ထားပြီး ပြိုးပြိုးပြက်ပြက် တလက်လက် အရောင်ထွက်နေတဲ့ ရထားအစုံ ဖြစ်ပေါ်နေပါတယ်။ အဲဒီ ရွှေရထားရဲ့ စက်ဘီးအစုံကို အကျွန်ုပ် ရလိုနေပါတယ်။ အဲဒီဒုက္ခကြောင့် အကျွန်ုပ်ဟာ အသက်ကို စွန့်ရပါတော့မယ်''

အဲဒီအခါ အဲဒီနတ်သားကို ပုဏ္ဏားက ဒီလို ပြောပါတယ်။

''ကောင်းမြတ်တဲ့လုလင်၊ သင်ဟာ ငါ့အား ရွှေနဲ့လုပ်ထားတာပဲဖြစ်ဖြစ်၊ ပတ္တမြားနဲ့ လုပ်ထားတာပဲဖြစ်ဖြစ်၊ ပတ္တမြားအနီနဲ့ ပြုလုပ်ထားတာပဲဖြစ်ဖြစ်၊ ငွေနဲ့လုပ်ထားတာပဲ ဖြစ်ဖြစ်၊ ပြောပါ။ ငါဟာ သင့်အတွက် စက်ဘီးအစုံကို စိမံပြုလုပ်ပေးပါမယ်''

အဲဒီစကားကို ကြားရပြီး လုလင်က ဒီလို ပြောပါတယ်။

''ဒီပုဏ္ဏားဟာ သားအား ဆေးကုမပေးဘဲ သားနဲ့တူတဲ့ ငါ့ကိုမြင်ပြီး ငိုလျက် ရွှေ စသည်နဲ့ပြုလုပ်တဲ့ စက်ဘီးအစုံကို ပြုလုပ်ပေးမယ်''လို့ ပြောနေပါတယ်။ ရှိပါစေ၊ သူ့ကို နှိပ်ကွပ် လိုက်မယ်''

အဲဒီလိုကြံပြီး မေးပါတယ်။

''ဘယ်လောက်ကြီးတဲ့ စက်ဘီးအစုံကို အကျွန်ုပ်အတွက် လုပ်ပေးမှာပါလဲ''

''သင် ကြီးချင်သလောက် ကြီးပါ''

''လ၊ နေတွေကို ငါ အလိုရှိတယ်၊ အဲဒီ လ၊ နေတွေကို အကျွန်ုပ်အား ပေးပါ၊ ဟိုး မိုးပေါ်က လ၊ နေ နှစ်ခုကို မြင်တွေ့နေရပါတယ်၊ ငါ့ရထားဟာ ရွှေနဲ့ လုပ်ထားပါတယ်၊ အဲဒီစက်ဘီးအစုံနဲ့ တင့်တယ်ပါတယ်''

http://www.dhammadownload.com

အဲဒီအခါ လုလင်ကို ပုဏ္ဏားက ဒီလို ပြောပါတယ်။

"ထင်ရှားတဲ့အရာအတွက် ငိုတဲ့သူက မိုက်တာလား။ ဒါမှ မဟုတ် ထင်ရှားမရှိတဲ့ အရာအတွက် ငိုတဲ့သူက မိုက်တာလား။ အဲဒီလ၊ နေတွေမှာ သွားတာ၊ လာတာကိုလည်း မြင်တွေ့ရပါတယ်။ သွားလေမ်းကောင်းကင်မှာ အဆင်းဓာတ်ကိုလည်း မြင်တွေ့ရပါတယ်။ သေသွားသူကို မမြင်တွေ့ရပါ။ အဲဒီငိုကြွေးသူ နှစ်ယောက်ထဲမှာ ဘယ်သူက ပိုမိုက်ပါသလဲ"

အဲဒီစကားကို ကြားရပြီး ပုဏ္ဏားက "ဒီလုလင်ဟာ သင့်လျော်တာကို ပြောတယ်"လို့ မှတ်သားပြီး ဒီလို ပြောပါတယ်။

"လုလင် ... သင်က အမှန်ကိုသာ ပြောပါတယ်၊ ငိုသူ နှစ်ယောက်ထဲမှာ ငါကပဲ ပိုမိုက်ပါတယ်၊ လကို တောင့်တပြီး ငိုတဲ့ ကလေးပမာ ငါဟာ သေသွားသူကို တောင့်တနေခဲ့ပါတယ်"

လုလင်ရဲ့စကားကြောင့် ပုဏ္ဏားမှာ သောကကင်းသွားတဲ့ အတွက် လုလင်ကို ချီးကျူးလို့ အောက်ပါစကားတွေကို ပြောပါတယ်။

"တကယ်ပဲ တောက်လောင်နေတဲ့ ငါ့ကို ထောပတ်လောင်းထည့်ခံရတဲ့ မီးကို ရေနဲ့သွန်းလောင်းလိုက်သူပမာ လုလင်ဟာ အပူအားလုံးကို ငြိမ်းအေးစေပါတယ်။ လုလင်ဟာ ငါ့ရဲ့နှလုံးမှာ မီနေတဲ့ သောကငြောင့်ကို တကယ်ပဲ ပယ်နုတ်ပေးပါတယ်၊ သောကနှိပ်စက်ခံနေရတဲ့ ငါ့ရဲ့ သားသောကကို ပယ်နုတ်ပေးပါတယ်၊ သင့်ရဲ့စကားကို ကြားရလို့ ငါဟာ သောကငြောင့်ကို ပယ်နုတ်ပြီးပါပြီ၊ ငြိမ်းအေးငြိမ်းချမ်းသွားပါပြီ၊ ငါဟာ ဝမ်းမနည်းတော့ပါ၊ မငိုကြွေးတော့ပါ"

http://www.dhammadownload.com

အဲဒီအခါ ပုဏ္ဏားက သောကကို ပယ်ရှားပြီး မိမိအား နည်း လမ်းပေးတဲ့ နတ်အသွင်နဲ့ ရပ်နေသူကို မြင်ရပြီး ''သင်ဟာ အဘယ် အမည်ရှိသလဲ''လို့ မေးလိုလို့ အောက်ပါစကားကို ပြောပါတယ်။

''သင်ဟာ နတ်လား၊ ဂန္ဓမ္ဗလား၊ သိကြားမင်းလား၊ သင်က ဘယ်သူလဲ၊ ဘယ်သူ့ရဲ့သားလဲ၊ ငါတို့က သင့်ကို ဘယ်လို သိရမှာလဲ''

လုလင်ကလည်း ပုဏ္ဏားအား ဒီလို ပြန်ပြောပါတယ်။

''သုသာန်မှာ သင်ကိုယ်တိုင် တမ်းတငိုကြွေးနေတဲ့ သားက ငါပါပဲ၊ ငါဟာ ကုသိုလ်ကံကို ပြုလုပ်ပြီး တာဝတိံသာနတ်တွေရဲ့ အပေါင်းအဖော်အဖြစ်သို့ ရောက်နေပါတယ်''

လုလင်ကို ပုဏ္ဏားက ဒီလို ပြောပြန်ပါတယ်။

''ကိုယ့်အိမ်မှာ သင်အလှူလှူတာ နည်းနည်းဖြစ်စေ၊ များများ ဖြစ်စေ မမြင်ရပါ၊ ဥပုသ်စောင့်တာကိုလည်း မတွေ့ရပါ၊ ဘယ်ကံ ကြောင့် သင်ဟာ နတ်ပြည်ကို ရောက်လာပါသလဲ''

အဲဒီအခါ လုလင်က ပုဏ္ဏားကို ဒီလို ပြောပါတယ်။

''အကျွန်ုပ်ဟာ ကိုယ့်အိမ်မှာ ဖျားနေကာ ဒုက္ခရောက်ခဲ့ရပါ တယ်။ မကျန်းမာခဲ့ပါ။ ဒုက္ခဝေဒနာရဲ့ အနှိပ်အစက်ကို ခံခဲ့ရပါတယ်။ ငါဟာ ကိလေသာမြူကင်းပြီး ယုံမှားမှုကို လွန်မြောက်ထားတဲ့ အကုန်သိပညာရှင် မြတ်စွာဘုရားကို ဖူးမြော်ခဲ့ရပါတယ်။ ငါဟာ ဝမ်းမြောက်ကြည်ညိုပြီး ဘုရားရှင်ကို လက်အုပ်ချီခဲ့ပါတယ်။ ငါဟာ အဲဒီကုသိုလ်ကံကို ပြုလုပ်ပြီး တာဝတိံသာနတ်တွေရဲ့ အပေါင်း အဖော်အဖြစ်ကို ရောက်ခဲ့ပါတယ်''

http://www.dhammadownload.com

အဲဒီလို လုလင်က ပြောနေတုန်းမှာပဲ ပုဏ္ဏားရဲ့တစ်ကိုယ်လုံးဟာ ပီတိနဲ့ ပြည့်နေပါတယ်။ အဲဒီပီတိကို သိစေလိုလို့ အောက်ပါအတိုင်း ပြောပါတယ်။

''လက်အုပ်ချီမူရဲ့ ဒီလိုအကျိုးဟာ လက်ဖျောက်တီးခတ်အံ့ချီးလောက်ပါပေတယ်။ မဖြစ်စဖူး ထူးဆန်းလှပါပေတယ်။ ငါဟာလည်း ဝမ်းမြောက်ကြည်ညိုစိတ်နဲ့ ဒီနေ့ပဲ ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်ပါမယ်''

အဲဒီအခါ ပုဏ္ဏားကို နတ်သားက သရဏာဂုံရော၊ သီလဆောက်တည်မှုမှာပါ တိုက်တွန်းလိုလို့ အောက်ပါစကားတွေကို ပြောပါတယ်။

''သင်ဟာ ဒီနေ့ပဲ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကြည်ညိုစိတ်နဲ့ ဆည်းကပ်ကိုးကွယ်ပါ၊ အဲဒီလိုပဲ ငါးပါးသီလတွေကို မကျိုးမပေါက်အောင် ဆောက်တည်ပါ၊ လောကမှာ အသက်သတ်မှုမှ မြန်မြန် ရှောင်ကြဉ်ပါ။ မပေးတာကို မယူဘဲ ရှောင်ပါ။ သေရည်အရက် မသောက်ရပါ။ လိမ်ညာ မပြောရပါ။ ကိုယ့်မယားနဲ့သာ ရောင့်ရဲပါ''

အဲဒီလို နတ်သားက သရဏာဂုံမှာရော၊ သီလဆောက်တည်မှုမှာပါ တိုက်တွန်းလို့ ပုဏ္ဏားဟာ နတ်သားရဲ့စကားကို ဦးခေါင်းနဲ့ ခံယူလိုလို့ အောက်ပါစကားတွေကို ပြောပါတယ်။

''အို နတ်သား၊ သင်ဟာ ငါ့အကျိုးကို လိုလားသူ ဖြစ်ပါတယ်၊ ငါ့စီးပွားကို လိုလားသူ ဖြစ်ပါတယ်၊ သင့်ရဲ့စကားကို ငါ လိုက်နာပါမယ်၊ သင်ဟာ ငါ့ရဲ့ဆရာ ဖြစ်ပါတယ်''

http://www.dhammadownload.com

ပုဏ္ဏားက နတ်သားရဲ့စကားမှာ တည်လျက် ဒီလို ပြောပါ တယ်။

''ငါဟာ အမြတ်ဆုံး ဘုရား၊ တရား၊ သံဃာတွေကို ဆည်း ကပ်ကိုးကွယ်ပါတယ်၊ လောကမှာ အသက်သတ်မှုမှ မြန်မြန် ရှောင် ပါတယ်၊ မပေးတာကို မယူဘဲ ရှောင်ပါတယ်၊ သေရည်အရက် မသောက်ပါ၊ လိမ်ညာမပြောပါ၊ ကိုယ့်မယားနဲ့သာ ရောင့်ရဲပါတယ်''

အဲဒီကနောက် နတ်သားက ''ငါဟာ ပုဏ္ဏားအပေါ် လုပ်သင့်တာကို လုပ်ပြီးပြီ၊ အခု ကိုယ်တိုင်ပဲ ဘုရားရှင်ထံ ချဉ်းကပ် မယ်''လို့ ကြံကာ အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။ ပုဏ္ဏား ကလည်း ဘုရားရှင်အပေါ် ကြည်ညိုမြတ်နိုးမှုများစွာ ဖြစ်ပေါ်လာတဲ့ အပြင် နတ်သားကလည်း တိုက်တွန်းလို့ ''ရဟန်းဂေါတမထံ ငါ ချဉ်းကပ်မယ်''လို့ ကြံကာ ကျောင်းသို့ ရှေ့ရှုသွားပါတယ်။ အဲဒီပုဏ္ဏားကို မြင်ပြီး လူအများ က ''ဒီပုဏ္ဏားဟာ ဒီလောက် ကာလပတ်လုံး ဘုရားရှင်ထံ မချဉ်းကပ်ဘဲ ဒီနေ့ သားသောကကြောင့် ချဉ်းကပ်တယ်။ တရားဒေသနာက ဘယ်လို တရားဒေသနာ ဖြစ်လေမလဲ''လို့တွေးကာ အဲဒီပုဏ္ဏားနောက် လိုက်သွားကြပါတယ်။

ပုဏ္ဏားက ဘုရားရှင်ထံ ချဉ်းကပ်ပြီး နှုတ်ဆက်စကားပြော ကာ ဒီလို မေးလျှောက်ပါတယ်။

''အရှင်ဂေါတမ၊ အလှူတစ်ခုကိုမှ မလှူဘဲ သီလကိုလည်း မစောင့်ဘဲ သက်သက် အရှင်ဘုရားတို့အပေါ် ကြည်ညိုရုံမျှနဲ့ နတ် ပြည်မှာ ဖြစ်နိုင်ပါသလား''

http://www.dhammadownload.com

''ပုဏ္ဏား ... ဒီနေ့ နံနက်မိုးသောက်အချိန်မှာ မဌကုဏ္ဍလီ နတ်သားက သူ နတ်ပြည်မှာ ဖြစ်ရခြင်းအကြောင်းကို သင့်အား ပြောပြပြီးပြီ မဟုတ်လား''

ဘုရားရှင်က အဲဒီလို မေးလိုက်ပါတယ်။ အဲဒီခဏမှာ မဌကုဏ္ဍလီနတ်သားက ဗိမာန်နဲ့အတူ လာပြီး ကိုယ်ထင်ရှားပြကာ ဗိမာန်မှ သက်ဆင်းပါတယ်။ ဘုရားရှင်ကို ရှိခိုးပြီး လက်အုပ်ချီကာ သင့်တင့်ရာအရပ်မှာ ရပ်တည်နေပါတယ်။ အဲဒီအခါ ဘုရားရှင်က အဲဒီပရိသတ်မှာ အဲဒီနတ်သားပြုလုပ်ခဲ့တဲ့ အကျင့်ကောင်းကို ပြောပြပြီး ပရိသတ်ရဲ့ စိတ်ကြည်လင်ကောင်းမွန်လာတာကို သိကာ သစ္စာလေးပါးတရားကို ဟောကြားပါတယ်။ တရားဒေသနာအဆုံးမှာ နတ်သားရော၊ ပုဏ္ဏားရော၊ စုဝေးနေတဲ့ ပရိသတ်ပါ အားလုံး သတ္တဝါအပေါင်း ရှစ်သောင်းလေးထောင်မှာ တရားထူး ရရှိသွားကြပါတယ်။

ဘယ်သူ့အား ဘာကိုမှ မပေးတဲ့ ပုဏ္ဏားဟာ ဘုရားတရားနာရလို့ သောတာပန်ဖြစ်သွားတဲ့အခါ သူ့ရဲ့ များပြားလှတဲ့ စည်းစိမ်ဥစ္စာတွေကို ဗုဒ္ဓသာသနာမှာ လှူဒါန်းသွားပါတယ်။ စိတ်ထားဟာ အလွန်အကဲ ပြောင်းလဲသွားပါတယ်။ သားအပေါ် သံယောဇဉ်ကြောင့် ရောက်ရတဲ့သောကကို သားကပဲ ပြေပျောက်သွားအောင် လုပ်ပေးသွားပါတယ်။ ပုဏ္ဏားအပေါ် သားကျေးဇူးနဲ့ ဘုရားကျေးဇူးဟာ အလွန်ပဲ ကြီးမားလှပါတယ်။

ဓမ္မပဒအဋ္ဌကထာလာ မဌကုဏ္ဍလီအကြောင်းအရာကိုတော့ လူသိများပါတယ်။ လူသိများတဲ့ အဲဒီအကြောင်းအရာကိုပါ စုံလင်စွာ ဖတ်ရှုရအောင် ရေးသားလိုက်ပါသေးတယ်။ ဝိမာနအဋ္ဌကထာမှာ

http://www.dhammadownload.com

မပါဝင်တဲ့ အကြောင်းအရာတွေလည်း ဓမ္မပဒအဋ္ဌကထာမှာ ပါပါသေး တယ်။ နှစ်ခုဖတ်လိုက်ရတော့ ပိုမိုစုံလင်သွားပါမယ်။

သာဝတ္ထိမြို့မှာ အဒိန္နပုဗ္ဗက မည်တဲ့ ပုဏ္ဏား ရှိပါတယ်။ သူက ဘယ်သူ့အား ဘာကိုမှ မပေးဘူးပါ။ ဒါကြောင့် သူ့ကို ''အဒိန္နပုဗ္ဗက = မပေးဘူးသူ'' လို့ပဲ သိကြပါတယ်။ သူ့မှာ ချစ်ခင်မြတ်နိုးရတဲ့ သားတစ်ယောက် ရှိပါတယ်။ အဲဒီသားအတွက် အဆင်တန်ဆာ ပြုလုပ်ပေးလိုလို့ ''ရွှေပန်းထိမ်သည်တွေကို ငါဟာ အလုပ်ခိုင်းရင် လုပ်အားခ ပေးရလိမ့်မယ်''လို့ တွေးကာ ကိုယ်တိုင်ပဲ ရွှေကို ထုခတ်ကာ ပြေပြစ်တဲ့ နားတောင်းတွေကို ပြုလုပ်ပြီး ပေးပါတယ်။ ဒါကြောင့် သူ့ရဲ့သားဟာ ''မဋ္ဌကုဏ္ဍလီ'' ''ပြေပြစ်တဲ့နားတောင်းရှိသူ''လို့ ထင်ရှားပါတယ်။ သူ့သားမှာ အသက် (၁၆)နှစ်ရှိတဲ့အခါ ဖျော့တော့တဲ့ရောဂါ ရှိလာပါတယ်။ သားမိခင်က သားကို ကြည့်ပြီး ဒီလိုပြောပါတယ်။

''ပုဏ္ဏား ... သင့်ရဲ့သားမှာ ရောဂါဖြစ်ပေါ်နေပြီ၊ သားကို ဆေးကုပေးပါ''

''အို ... ရှင်မ၊ ငါဟာ ဆေးဆရာကို ခေါ်ဆောင်ရင် ဆေး ကုခ ပေးရလိမ့်မယ်၊ သင်ဟာ ငါ့မှာ ဥစ္စာကုန်ပြတ်သွားမှာကို မကြည့့် ဘူးလား''

''ပုဏ္ဏား ... ဒီလိုဆိုရင် သားကို သင် ဘယ်လိုလုပ်မှာလဲ''

''ငါ့မှာ ဥစ္စာမကုန်ပြတ်နည်းနဲ့ ငါ လုပ်ပါမယ်''

ဖခင်ပုဏ္ဏားဟာ ဆေးဆရာတွေထံ သွားပြီး ''ဒီလိုရောဂါ အတွက် သင်တို့က ဘယ်လို ဆေးကုကြပါသလဲ''လို့ မေးပါတယ်။

http://www.dhammadownload.com

အဲဒီအခါ သူ့အား အဲဒီဆေးဆရာတွေက ဟိုဟိုဒီဒီ သစ်ခေါက်စသည် ကို ပြောပြလိုက်ကြပါတယ်။ ပုဏ္ဏားက အဲဒီသစ်ခေါက်စသည်ကို သယ် ဆောင်ပြီး သားအား ဆေးကုပေးပါတယ်။ သားကို သူ ဆေးကုပေး နေစဉ်မှာပဲ ရောဂါအင်အား ကြီးမားလာပါတယ်။ ဆေးကုလို့မရတော့ တဲ့ အခြေအနေကို ဆိုက်ရောက်သွားပါတယ်။ ပုဏ္ဏားက သားမှာ အားနည်းနေတယ်ဆိုပြီး ဆေးဆရာတစ်ယောက်ကို ခေါ်ပါတယ်။ ဆေးဆရာက သားကို ကြည့်ပြီးသာ ''ငါ့မှာ ကိစ္စတစ်ခု ရှိပါတယ်။ အခြားဆေးဆရာကိုခေါ်ပြီး ဆေးကုခိုင်းပါ''လို့ပြောကာ အဲဒီသားကို စွန့်ပယ်ပြီး ထွက်ခွာသွားပါတယ်။ ပုဏ္ဏားက သားသေရမယ့်အချိန် ကို သိပြီး ''သားကို ကြည့်ရှုဖို့ လာကြတဲ့သူတွေဟာ အိမ်အတွင်းက ပစ္စည်းဥစ္စာကို မြင်ကြလိမ့်မယ်။ သားကို အိမ်ပြင်ဘက် ထားမယ်''လို့ ကြံကာ သားကို ထုတ်ပါတယ်။ ဆင်ဝင်ပြင်ဘက်မှာ လဲလျောင်းခိုင်း ပါတယ်။

အဲဒီနေ့မှာ ဘုရားရှင်က နံနက်မိုးသောက်အားကြီးချိန် မဟာကရုဏာသမာပတ်မှ ထကာ ရှေးဘုရားရှင်တွေလက်ထက် ကောင်းမှုပြုပြီး ကုသိုလ်အခြေခံအားကောင်းတဲ့ ချွတ်ရမယ့်သတ္တဝါ တွေကို ကြည့်ရှုဖို့ ဘုရားမျက်စိနဲ့ လောကကို ကြည့်တော်မူပါတယ်။ စကြဝဠာတစ်သောင်းမှာ ဉာဏ်ကွန်ရက်ကို ဖြန့်လိုက်ပါတယ်။ မဋ္ဌကုဏ္ဍလီဟာ ဆင်ဝင်အပြင်ဘက်မှာ လဲလျောင်းနေတဲ့ အနေ အထားနဲ့ပဲ သူ့ရဲ့စိတ်အတွင်းမှာ ထင်ရှားလာပါတယ်။ ဘုရားရှင်က သူ့ကို မြင်ပြီး သူ့ကို အိမ်အတွင်းက ထုတ်ဆောင်ပြီး အဲဒီအိမ်အပြင်မှာ အိပ်ခိုင်းထားတာ

http://www.dhammadownload.com

ကို သိသွားပါတယ်။ ''အဲဒီနေရာကို ငါသွားလို့ အကျိုးရှိပါ့မလား'' လို့ စူးစမ်းတဲ့အခါ အောက်ပါ ဒီအခြင်းအရာကို မြင်ပါတယ်။

''ဒီလုလင်ဟာ ငါ့အပေါ် ကြည်ညိုစိတ်ဖြစ်ပြီး သေကာ တာဝတိံသာနတ်ပြည်က ယူဇနာ (၃၀)ရှိ ရွှေဗိမာန်မှာ ဖြစ်လိမ့်မယ်။ ပုဏ္ဏားကလည်း သူ့ကို မီးသင်္ဂြိုဟ်ပြီး ငိုလျက် သုသာန်မှာ လှည့်လည် လိမ့်မယ်။ နတ်သားက သုံးဂါဝုတ်ပမာဏရှိပြီး လှည်းအစီ (၆၀)တိုက် ဝန်ရှိ အဆင်တန်ဆာနဲ့ တန်ဆာဆင်ထားတဲ့ နတ်သမီးအခြံအရံ တစ်ထောင်ရှိ အတ္တဘော (ခန္ဓာကိုယ်)ကို ကြည့်ကာ ''ဘယ်ကံကြောင့် ငါဟာ ဒီစည်းစိမ်ကို ရပါသလဲ''လို့ ကြည့်ပြန်ပါမယ်။ ငါ ဘုရား အပေါ် ကြည်ညိုစိတ်ကြောင့် ရတာကို သိပြီး ''ဒီပုဏ္ဏားဟာ ဥစ္စာ ကုန်မှာ စိုးလို့ ငါ့ကို ဆေးကုမပေးဘဲ အခုမှ သုသာန်ကို သွားကာ ငိုနေတယ်။ သူ့ကို ဖောက်ပြန်မှု ရောက်သွားအောင် ငါ လုပ်မယ်''လို့ ကြံတယ်။ ဖခင်က ငိုနေတဲ့အခါ မဋ္ဌကုဏ္ဍလီအသွင်နဲ့ လာပြီး သုသာန် အနီးမှာ လဲလျောင်းကာ ငိုလိမ့်မယ်။ အဲဒီအခါ သူ့ကို ပုဏ္ဏားက ''သင်ဟာ ဘယ်သူလဲ''လို့ မေးလိမ့်မယ်။ ''ငါဟာ သင့်ရဲ့သား မဋ္ဌကုဏ္ဍလီပါ''လို့ ပြောလိမ့်မယ်။ ''သင်ဟာ ဘယ်မှာ ဖြစ်ပါသလဲ''လို့ မေးတဲ့အခါ ''တာဝတိံသာ နတ်ပြည်မှာ ဖြစ်ပါတယ်''လို့ ဖြေပါမယ်။ ''ဘယ်ကံကို လုပ်ခဲ့ပါသလဲ'' လို့ မေးတဲ့အခါ ''ငါဘုရားအပေါ် ကြည်ညိုစိတ် ဖြစ်ပြီး နတ်ပြည်မှာ ဖြစ်သူဆိုတာ ရှိပါသလား''လို့ ငါ့ကိုမေးလိမ့်မယ်။ အဲဒီအခါ ငါဘုရားက သူ့အား ''တစ်ရာပေါင်း၊ တစ်ထောင်ပေါင်း၊ တစ်သိန်းပေါင်း ဘယ်လောက်လို့ ရေတွက်မပြနိုင်ပါ''လို့ မိန့်ပြီး ဓမ္မပဒမှာ ဂါထာကို ဟောမယ်။ ဂါထာအဆုံးမှာ

http://www.dhammadownload.com

သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် တရားထူး ရလိမ့်မယ်။ မဋ္ဌ ကုဏ္ဍလီနဲ့ ဖခင်ပုဏ္ဏားက သောတာပန်ဖြစ်လိမ့်မယ်။ အဲဒီလို ဒီ အမျိုးကောင်းသားကို အမှီပြုပြီး တရားထူးရတာ အကြီးအကျယ် ဖြစ်လိမ့်မယ်''

အဲဒီလိုမြင်ပြီး နောက်တစ်နေ့မှာ ခန္ဓာကိုယ် သုတ်သင်မှု ပြုကာ ရဟန်းအပေါင်းများစွာ ခြံရံလျက် သာဝတ္ထိမြို့ထဲ ဆွမ်းခံဝင် ပါတယ်။ အစဉ်အတိုင်း ပုဏ္ဏားရဲ့အိမ်တံခါးကို ရောက်သွားပါတယ်။ အဲဒီခဏမှာ မဋ္ဌကုဏ္ဍလီက အိမ်အတွင်းဘက် ရှေ့ရှုပြီး လဲလျောင်း နေပါတယ်။ အဲဒီအခါ ဘုရားရှင်က သူ့ကို မဋ္ဌကုဏ္ဍလီ မမြင်တာကို သိရပြီး ရောင်ခြည်တော်တစ်ခုကို လွှတ်လိုက်ပါတယ်။ လုလင်က ''ဒီအရောင်က ဘာလဲ''လို့ လှည့်ပြီး လဲလျောင်းရင်းပဲ ဘုရားရှင်ကို မြင်သွားကာ ''အဖမိုက်ကို အမှီပြုပြီး ဒီလို ဘုရားရှင်ကို ချဉ်းကပ် ကာ ကိုယ်နဲ့ ကြောင့်ကြစိုက်လုပ်ရမယ့် အလုပ် လုပ်ပေးခွင့်ကိုရော၊ အလှူလှူခွင့်ကိုရော၊ တရားနာခွင့်ကိုပါ မရခဲ့ပါ။ အခု ငါ့ရဲ့လက်တွေ့ ကလည်း အစိုးမရကြတော့ပါ။ အခြားလုပ်စရာမရှိတော့ပါ''လို့ တွေး ကာ စိတ်ကိုသာ ကြည်ညိုစေပါတယ်။

ဘုရားရှင်က ''ဒီမဋ္ဌကုဏ္ဍလီမှာ ဒီလောက်ကြည်ညိုရင် တော်လောက်ပြီ''လို့ တွေးကာ ဖဲသွားပါတယ်။ မဋ္ဌကုဏ္ဍလီဟာ ဘုရားရှင် မြင်ကွင်းမှ စွန့်လွှတ်သွားချင်းပဲ ကြည်ညိုစိတ်နဲ့ သေသွားပါ တယ်။ အိပ်ပျော်တဲ့လူ နိုးလာတဲ့ပမာ နတ်ပြည်က ယူဇနာ (၃၀)ရှိ ရွှေဗိမာန်မှာ ဖြစ်ပါတယ်။ ပုဏ္ဏားကလည်း သားရဲ့အလောင်းကိုမီး သင်္ဂြိုဟ်ပြီး သုသာန်မှာ တစ်ဝိတည်းဝိနေပါတယ်။ နေ့တိုင်း သုသာန်

http://www.dhammadownload.com

ကို သွားကာ ''သားချစ်လေး ဘယ်မှာပါလဲ၊ သားချစ်လေး ဘယ်မှာပါလဲ''လို့ ပြောပြီး ငိုပါတယ်။ နတ်သားကလည်း သူ့ရဲ့စည်းစိမ်ကို ကြည့်ပြီး ''ဘယ်က်ကြောင့် ငါဟာ ရခဲ့သလဲ''လို့ စူးစမ်းတဲ့အခါ ''ဘုရားရှင်အပေါ် ကြည်ညိုစိတ်ကြောင့်''လို့ သိသွားပါတယ်။ ''ဒီပုဏ္ဏားက ငါ မကျန်းမာတဲ့အခါက ဆေးကုမပေးဘဲ အခုမှ သုသာန်ကို သွားကာ ငိုနေတယ်။ သူ့ကို ဖောက်ပြန်မှုရောက်သွားအောင် လုပ်သင့်တယ်''လို့ တွေးကာ မဋ္ဌကုဏ္ဍလီအသွင်နဲ့ လာပါတယ်။ သုသာန်အနီးမှာ လက်မောင်းတွေကို မြှောက်ချီပြီး ငိုလျက် ရပ်တည်နေပါတယ်။ ပုဏ္ဏားက နတ်သားကို မြင်ပြီး ''ငါဟာ သားသောကကြောင့် ငိုနေပါတယ်။ ဒီလုလင်က အဘယ်အကျိုးမှာ ငိုနေတာပါလဲ။ သူ့ကို ငါ မေးမယ်''လို့ တွေးပါတယ်။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ပြောဆိုပုံစကားတွေက ဝိမာနဝတ္ထု အဋ္ဌကထာမှာ လာတဲ့အတိုင်းပါပဲ။

နတ်သားက ပုဏ္ဏားကို ''ပုဏ္ဏား . . . သင်ရဲ့အိမ်မှာ ဥစ္စာတွေ အများကြီး ရှိပါတယ်၊ ဘုရားရှင်ထံ ချဉ်းကပ်ပြီး သင်ဟာ အလှူကို ပေးပါ၊ တရားကို နာပါ၊ ပြဿနာကို မေးပါ''လို့ ပြောပြီး အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။ ပုဏ္ဏားကလည်း အိမ်ကို သွားပြီး ပုဏ္ဏေးမကို ခေါ်ကာ ''ရှင်မ . . . ငါဟာ ဒီနေ့ ရဟန်းဂေါတမကို ပင့်ပြီး ပြဿနာမေးပါမယ်၊ ပူဇော်မှုကို သင်က ပြုလုပ်ပါ''လို့ ပြောပြီး ကျောင်းကိုသွားပါတယ်။ ဘုရားရှင်ကို ရှိမခိုး၊ နှုတ်ဆက်စကား မပြောဘဲ သင့်တင့်ရာအရပ်မှာ ရပ်ကာ ''ရှင်ဂေါတမ . . . နက်ဖြန် ကောင်းမှုအကျိုးငှာ ရဟန်းအပေါင်းနဲ့အတူ တပည့်တော်ရဲ့

http://www.dhammadownload.com

ဆွမ်းကို လက်ခံပါ''လို့ လျှောက်တယ်။ ဘုရားရှင်က လက်ခံပါတယ်။ ပုဏ္ဏားဟာ ဘုရားရှင် လက်ခံတာကို သိပြီး အဟုန်နဲ့ လာကာ မိမိ အိမ်မှာ မွန်မြတ်တဲ့ ခဲဖွယ်ကိုရော၊ စားဖွယ်ကိုပါ စီမံပါတယ်။ ဘုရားရှင် က ရဟန်းအပေါင်း ခြံရံပြီး ပုဏ္ဏားရဲ့အိမ်ကို ကြွကာ ခင်းထားတဲ့နေရာ မှာ ထိုင်ပါတယ်။ ပုဏ္ဏားက ရိုရိုသေသေ ပြုစုလုပ်ကျွေးပါတယ်။ လူအများက စုဝေးနေကြပါတယ်။ ဘာသာခြားပုဏ္ဏားက ဘုရားရှင် ကို ပင့်ဖိတ်ပြီးတဲ့အခါ လူအုပ်စု (၂)စုဟာ စုဝေးနေကြပါတယ်။

အယူမှားရှိသူ ဘာသာခြားတွေက ''ဒီနေ့ ရဟန်းဂေါတမကို ပြဿနာကို မေးကာ ညှဉ်းဆဲခံနေရာမှာကို ငါတို့ ကြည့်ကြမယ်'' လို့ ကြံကာ စုဝေးနေကြပါတယ်။ အယူမှန်ရှိသူတွေက ''ဒီနေ့ ဘုရား အရာ၊ ဘုရားတင့်တယ်မှုကို ငါတို့ ကြည့်ကြမယ်''လို့ကြံကာ စုဝေး ကြပါတယ်။ အဲဒီအခါ ပုဏ္ဏားက ဆွမ်းဘုဉ်းပေးပြီးတဲ့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး နိမ့်ရာအရပ်မှာ ထိုင်လျက် ပြဿနာမေးပါတယ်။

''ရှင်ဂေါတမ ... အရှင်ဘုရားတို့အား အလှူမလှူဘဲ၊ ပူဇော်မှု မပြုဘဲ၊ တရားမနာဘဲ၊ ဥပုသ်မစောင့်သုံးဘဲ ကြည်ညိုစိတ်သက် သက်မျှနဲ့ နတ်ပြည်မှာ ဖြစ်တဲ့သူတွေဆိုတာ ရှိပါသလား''

''ပုဏ္ဏား ... သင်ဟာ ဘာလို့ ငါ့ကို မေးတာလဲ၊ သင့်ရဲ့သား မဌကုဏ္ဍလိက ငါဘုရားအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး နတ်ပြည်မှာ ဖြစ်ကြောင်းကို ပြောထားပြီးပြီမဟုတ်လား''

''ရှင်ဂေါတမ ... ဘယ်အချိန်ကပါလဲ''

''သင်ဟာ ဒီနေ့ သုသာန်ကို သွားပြီး ငိုလျက် အနီးမှာ လက်မောင်းတွေကို မြှောက်ချီပြီး ငိုနေတဲ့ လုလင်တစ်ယောက်ကို မြင်ကာ စကားအပြန်အလှန် ပြောခဲ့ကြတယ်မဟုတ်လား''

http://www.dhammadownload.com

သားအဖနှစ်ယောက် ပြောတဲ့စကားကို ထင်ရှားပြလိုလို့ မဋ္ဌ ကုဏ္ဍလီဝတ္ထုကို ဘုရားရှင်က ဟောတော်မူပါတယ်။ ဒါကြောင့်ပဲ ဒီဝတ္ထုဟာ ဘုရားဟောဝတ္ထု ဖြစ်သွားပါတယ်။ အဲဒီ မဋ္ဌကုဏ္ဍလီ အကြောင်းကို ပြောပြပြီး "ပုဏ္ဏား ... တစ်ရာလည်း မကပါ၊ နှစ်ရာ လည်း မကပါ၊ တကယ်တော့ ငါဘုရားအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး နတ်ပြည်မှာ ဖြစ်သူတွေရဲ့ အရေအတွက်ဆိုတာ မရှိပါ"လို့ မိန့်ပါ တယ်။ အဲဒီအခါ လူအများမှာ သံသယကင်းသွားပါတယ်။ လူအများ မှာ သံသယကင်းတာကို သိပြီး ဘုရားရှင်က "မဋ္ဌကုဏ္ဍလီနတ်သား ဟာ ဗိမာန်နဲ့အတူပဲ လာပါစေ"လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ နတ်သား ဟာ သုံးဂါဝုတ်ပမာဏရှိတဲ့ နတ်တန်ဆာဆင်ပြီး သူ့ခန္ဓာကိုယ်နဲ့ လာကာ ဗိမာန်မှ သက်ဆင်းပြီး ဘုရားရှင်ကို ရှိခိုးကာ သင့်တင့်ရာ အရပ်မှာ ရပ်တည်ပါတယ်။

အဲဒီအခါ ဘုရားရှင်က နတ်သားကို မေးပါတယ်။

"သင်က ဒီစည်းစိမ်ကို ဘယ်ကံ ပြုလုပ်ပြီး ရခဲ့ပါသလဲ"

"မြတ်စွာဘုရား ... ဒီစည်းစိမ်ကို အရှင်ဘုရားအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး ရခဲ့ပါတယ်"

"သင်ဟာ ငါဘုရားအပေါ် ကြည်ညိုစိတ်ဖြစ်ပြီး ရခဲ့သလား"

"မှန်ပါဘုရား"

လူအများက နတ်သားကို ကြည့်ပြီး "အမောင်တို့ ... ဘုရား ရှင်ရဲ့ဂုဏ်တွေဟာ တကယ့်ကိုပဲ အံ့သြစရာကောင်းလှပါတယ်။ အဲဒီ နွေဟုမ္မကပုဏ္ဏားရဲ့သားဟာ အခြား ဘာကောင်းမှုကိုမှ မလုပ်ဘဲ ကြည်ညို

http://www.dhammadownload.com

စိတ်ကို ဖြစ်စေကာ ဒီလိုစည်းစိမ်ကို ရတယ်''လို့ပြောပြီး ဝမ်းမြောက်စကား ပြောကြားကြပါတယ်။

''အဲဒီအခါ အဲဒီသားအဖတို့ရဲ့ ကုသိုလ်၊ အကုသိုလ်ကံပြုရာမှာ စိတ်သည်သာ ခေါင်းဆောင်ဖြစ်ပါတယ်။ အကြီးအကဲ အမြတ်ဆုံး ဖြစ်ပါတယ်။ မှန်ပါတယ်။ ကြည်လင်တဲ့ စိတ်နဲ့ ပြုလုပ်အပ်တဲ့ ကံဟာ နတ်လောက၊ လူ့လောက၊ သွားသူနောက်သို့ အရိပ်ပမာ မစွန့်ခွာဘဲ လိုက်ပါနေပါတယ်''

အဲဒီလိုမိန့်ကြားပြီး ဒီဝတ္ထုကို ပြောကာ အနုသန္ဓေ (စကားအဆက်အစပ်) ဆက်စပ်ပြီး မြေညက်ပါတဲ့, သတင်းစကားအပေါ်မင်းအမှတ်တံဆိပ် ခတ်နိုပ်လိုက်သလိုပဲ တရားမင်းဖြစ်တဲ့ ဘုရားရှင်က အောက်ပါစကားတွေကို မိန့်ကြားပါတယ်။

''စိတ်ကို မှီတဲ့ နာမ်တရားတွေကို စိတ်က ခေါင်းဆောင်ဖြစ်တယ်။ အကြီးအကဲဖြစ်တယ်။ အကြောင်းတရားဖြစ်တယ်။ ကြည်လင်တဲ့စိတ်နဲ့ ပြောဆို၊ ပြုလုပ်၊ ကြံတွေးရင် အဲဒီ ပြောဆို၊ ပြုလုပ်၊ ကြံတွေးသူနောက်သို့ ချမ်းသာဟာ အစဉ်လိုက်နေပါတယ်။ ဥပမာ– အရိပ်ဟာ သွားသူနောက်သို့ လိုက်ပါနေသလိုပါပဲ''

အဲဒီ တရားစကားအဆုံးမှာ ရှစ်သောင်းလေးထောင်သော သတ္တဝါတွေမှာ တရားထူး ရသွားကြပါတယ်။ မဋ္ဌကုဏ္ဍလီနတ်သားနဲ့ ဖခင်ပုဏ္ဏားကတော့ သောတာပန်ဖြစ်သွားကြပါတယ်။ ဖခင်ပုဏ္ဏားက အဲဒီလောက်များပြားတဲ့ စည်းစိမ်ကို ဗုဒ္ဓသာသနာမှာ စွန့်ကျဲလှူဒါန်း သွားပါတယ်။

http://www.dhammadownload.com

နားတောင်းတွေကို သားအတွက် လုပ်ပေးနိုင်ပါလျက် ရောဂါ အတွက် ဆေးကုမပေးနိုင်တာက အံ့သြစရာပါပဲ။ သားရဲ့အသက်ထက် ပစ္စည်းဥစ္စာကို ပိုမိုမက်မောလှတဲ့ ပုဏ္ဏား ဘဝဟာ သနားစရာပါပဲ။ ဘုရားရှင်သာ မကယ်တင်ရင် ဒီသား အဖရဲ့ ရှေးဘဝခရီးဟာ အပါယ် လမ်းခရီးသာ ဖြစ်ဖွယ်ရှိပါတယ်။ အခုတော့ ဘုရားရှင်ကို အမှီပြုရလို့ အပါယ်ဘေးမှ ထာဝရ ကင်းဝေးသွားပါပြီ။ အမှီကောင်းရဲ့ တန်ဖိုးဟာ တန်ဖိုးဖြတ်လို့ မရနိုင်ပါ။ သားအပေါ် ချစ်တဲ့လောဘကြောင့် ဖခင် ပုဏ္ဏားခမျာ သောကတွေ ပင်လယ်ဝေနေခဲ့ရာက သားကြောင့်ပဲ သောကပင်လယ် ထဲက လွတ်မြောက်ခဲ့ရရှာပါတယ်။

❖ ○ ❖

http://www.dhammadownload.com

အသက်ကို သတ်တဲ့ သံယောဇဉ်

ယောကျ်ားတစ်ယောက်က အစ်ကိုရဲ့မယားနဲ့ ဖောက်ပြန်တယ်။ အဲဒီမိန်းမကလည်း သူ့လင်ကြီးထက် အဲဒီလင်ငယ်ကိုပဲ ပို ချစ်တယ်။ အဲဒီမိန်းမက ဒီအကြောင်းပေါ်သွားရင် အကြီးအကျယ် ကဲ့ရဲ့စရာ ဖြစ်လိမ့်မယ်။ ''သင့်အစ်ကိုကို သတ်ပါ''လို့ လင်ငယ်ကို ပြောတယ်။ မတ်ဖြစ်သူ အဲဒီလင်ငယ်က ''အယုတ်မ၊ ပျက်စီးလော့၊ နောက်ထပ် ဒီလိုမပြောနဲ့''လို့ ခြိမ်းခြောက်တယ်။ အဲဒီမိန်းမက ဆိတ် ဆိတ်နေကာ ရက်အနည်းငယ် လွန်သွားတဲ့အခါ ထပ်ပြောတယ်။ မတ်ရဲ့စိတ်က နှစ်ခွဖြစ်သွားတယ်။ အဲဒီအနောက် တတိယအကြိမ် ပြောလာတဲ့အခါ ဘယ်လိုလုပ်ပြီး အခွင့်ရမလဲ''လို့ ပြောတယ်။

အဲဒီအခါ အဲဒီမိန်းမ (မရိုး)က မတ်အား နည်းလမ်းကို ပြောပြ လိုလို့ ''သင်ဟာ ငါပြောတာကိုသာ လုပ်ပါ။ ခံတက်ပင်ကြီးအနီးမှာ

http://www.dhammadownload.com

ရေဆိပ် ရှိတယ်၊ အဲဒီနေရာမှာ ထက်မြက်တဲ့ ပဲကွပ်လက်နက်ကို ကိုင်ကာ ရပ်နေပါ''လို့ ပြောတယ်။ မတ်က အဲဒီအတိုင်း လုပ်တယ်။ သူ့အစ်ကိုကြီးကလည်း တောမှာ အလုပ်လုပ်ပြီး အိမ်ကို လာတယ်။ သူမက လင်ကြီးအပေါ် ချစ်ခင်သလို လုပ်ကာ ''ချစ်လင်... လာပါ၊ ငါ သင့်ဦးခေါင်းကို ခြစ်ပေး (ဖြီးပေး) ပါမယ်''လို့ ပြောပြီး ဖြီးပေးတဲ့အခါ ''သင့်ဦးခေါင်းက ညစ်နေတယ်''လို့ပြောကာ ဆီးဖြူသီးခဲကို ပေးပြီး ''သွားပါ... ဤမည်သောနေရာမှာ ဦးခေါင်းလျှော်ပြီး လာခဲ့ပါ''လို့ ခိုင်းလိုက်တယ်။ လင်ကြီးက မယားပြောတဲ့ ဆိပ်ကမ်းကိုပဲ သွားကာ ဆီးဖြူသီးရက်တက်ရည်နဲ့ ဦးခေါင်းကို လိမ်းကျံကာ ရေမှာ သက်ဆင်းကာ ဦးခေါင်းငုံ့လျှော်တယ်။ အဲဒီအခါ မတ်က အစ်ကိုကြီးကို သစ်ပင်ကြားက ထွက်လာပြီး ပခုံးအရိုးကို ရိုက်နှက်သတ်ပြီး အိမ်ကို သွားတယ်။ လင်ကြီးက မယားအပေါ် သံယောဇဉ်မဖြတ်နိုင်လို့ အဲဒီအိမ်မှာပဲ ထန်းမြွေ (လင်းမြွေ) ဖြစ်တယ်။ သူမ ရပ်နေတုန်းရော ထိုင်နေတုန်းပါ မြွေက သွားပြီး ကိုယ်ပေါ် ကျတယ်။ သူမက မြွေကို ''ဒီမြွေဟာ လင်ကြီးပဲ ဖြစ်လိမ့်မယ်'' လို့ ယူဆပြီး သတ်ခိုင်းတယ်။ အဲဒီလင်ကြီးက သူမအပေါ် သံယောဇဉ်တွယ်နေတုန်းမို့ အဲဒီအိမ်မှာပဲ ခွေးဖြစ်တယ်။ ခွေးက သွားနိုင်တဲ့အချိန်ကစပြီး သူမနောက်က တကောက်ကောက်လိုက်တယ်။ သူမ တောကို သွားရင်လည်း အတူတူပဲ သွားတယ်။ သူမကို မြင်ပြီး လူတွေက ''ခွေးမုဆိုး ထွက်သွားပြီ၊ ဘယ်ကို သွားမှာပါလိမ့်''လို့ ပြောင်လှောင်ကြတယ်။ သူမက နောက်ထပ်ခွေးကို သတ်ခိုင်းပြန်တယ်။

http://www.dhammadownload.com

လင်ကြီးကလည်း နောက်ထပ် အဲဒီအိမ်မှာပဲ နွားငယ်ကလေး ဖြစ်ပြန်တယ်။ အဲဒီလိုပဲ သူမရဲ့နောက်က တကောက်ကောက်လိုက်တယ်။ အဲဒီအခါမှာလည်း သူ့ကို လူတွေက မြင်လို့ ''နွားကျောင်းသား၊ သွားပြီ၊ ဘယ်မှာ နွားမတွေ လှည့်လည်ကြမလဲ''လို့ ပြောင်လှောင်ကြတယ်။ သူမက အဲဒီနေရာမှာပဲ နွားလေးကို သတ်ခိုင်းတယ်။ လင်ကြီးက အဲဒီအခါမှာလည်း သူမအပေါ် သံယောဇဉ် မပြတ်နိုင်သေးလို့ လေးကြိမ်မြောက်မှာ သူမရဲ့ ဝမ်းဗိုက်ထဲမှာ ဖြစ်တယ်။ ရှေးဘဝတွေကို ပြန်အောက်မေ့နိုင်တယ်။

အစဉ်အတိုင်း လေးဘဝမှာ သူမရဲ့ အသတ်ခံခဲ့ရတာကို မြင်သွားလို့ ဒီလို ရန်သူမရဲ့ ဝမ်းဗိုက်မှာ ဖြစ်ရတယ်လို့ သိသွားတယ်။ အဲဒီအချိန်ကစပြီး သူ့အမေရဲ့လက်နဲ့ သူ့ကို ထိခွင့်မပေး။

သူ့ကို သူ့အမေက ထိရင် ငိုတယ်။ အဲဒီအခါ သူ့ကို အဘိုးက ''ငုံမြေးက ဘာကြောင့် သင်က အမေရဲ့လက်နဲ့ သင့်ကို ထိခွင့်မပေးတာလဲ၊ လက်နဲ့ထိရင် ဘာကြောင့် အသံကျယ်ကြီးနဲ့ ငိုတာလဲ'' လို့ မေးတဲ့အခါ ''အဲဒါ ကျွန်တော့်အမေမဟုတ်၊ ရန်သူပါ''လို့ ဖြစ်ပုံအလုံးစုံကို ပြောပြတယ်။ အဘိုးက မြေးကို ပွေ့ဖက်ငိုကြွေးပြီး ''ငုံမြေး၊ လာပါ၊ ငါတို့ ဒီနေရာမှာ နေလို့ ဘာအကျိုးရှိမှာလဲ''လို့ တွေးကာ မြေးကို ခေါ်ပြီး ထွက်သွားတယ်။ ကျောင်းတစ်ကျောင်းကို သွားပြီး ရှင်၊ ရဟန်း ဝတ်တယ်။ နှစ်ပါးလုံး အဲဒီကျောင်းမှာ နေကြတဲ့အခါ ရဟန္တာ ဖြစ်သွားကြတယ်။

(အံ၊ ၄၊ ဒု၊ ၁၈၃)

http://www.dhammadownload.com

ညီနဲ့ မယား နီးစပ်သွားတဲ့အခါ သံယောဇဉ် ငြိတွယ်သွားတတ်တာကို အစ်ကိုဖြစ်သူတို့ သတိပြုသင့်ကြပါတယ်။ မရိုးကလည်း ကာမတဏှာမွန်ကာ လင်ကို သတ်ခိုင်းတယ်။ ညီကလည်း အစ်ကိုကို ကာမတဏှာမွန်ကာ သတ်ပြန်တယ်။ ကာမတဏှာစိတ် မွန်နေရင် မယားမိုက်ရဲ့စကားကို ယုံသွားတတ်ပါတယ်။ ''ပြောဖန်များရင် မယားစကား အောင်တတ်သည်'' ဟူသောစကားက မှန်နေပါတယ်။ ကာမတဏှာ ကြိုလ်မွေလို့ အစ်ကိုခမျာ သေသွားရှာပါတယ်။ အစ်ကိုဖြစ်သူရဲ့ ကာမတဏှာကလည်း နောက်ထပ် သုံးဘဝအထိ ဖွဲ့ကောင်းနေပါသေးတယ်။ သူ့ကာမတဏှာက သူ့ကို သေအောင် သတ်တယ်လို့ တောင် ဆိုနိုင်ပါတယ်။ အတွယ်အတာက တွယ်တာသူကို ဒုက္ခအကြီးအကျယ် ပေးတတ်ပါတယ်။

မုန်းစရာလူကို မုန်းစရာလို့ မမြင်နိုင်သေးသမျှ သံယောဇဉ် အမျှင်က မပြတ်ဘဲ ရှိနေတတ်ပါတယ်။ ရန်သူကို ရန်သူလို့ အမှန်အတိုင်း မြင်သွားတဲ့အခါ သံယောဇဉ်ကြိုးဟာ ပြတ်သွားပါတော့တယ်။ မုန်းစရာကို ချစ်စရာထင်နေသေးသမျှ သံယောဇဉ်ရဲ့ ခြယ်လှယ်မှုကို ခံနေရပါတယ်။ အမှန်အတိုင်း မသိတဲ့ အဝိဇ္ဇာရှိရင် သူမရဲ့ မိတ်ဆွေကြီး တဏှာက ကပ်ပါလာတာပါပဲ။

❖ ○ ❖

http://www.dhammadownload.com

ကန်းမနဲ့ညားတဲ့ ဈာန်ရ ကိုရင်လေး

ရဟန္တာမထေရ်တစ်ပါးက ''မဟောစေတီနဲ့ မဟာဗောဓိကို ရှိခိုးမယ်''လို့ ကြံကာ ဈာန်အဘိညာဉ်တန်ခိုးရထားတဲ့ ပစ္စည်းကိုင် ကိုရင်နဲ့အတူ ဇနပုဒ်က မဟာဝိဟာရကို သွားပြီး ကျောင်းပရိဝုဏ်ကို ဝင်တယ်။ ညနေအခါ ရဟန်းအများ စေတီကို ရှိခိုးချိန်မှာ စေတီကို ရှိခိုးဖို့ မထွက်။ အကြောင်းကတော့ ရဟန္တာတွေမှာ ရတနာသုံးပါး အပေါ် ရိုသေမှုအားကြီးတယ်။ ဒါကြောင့် ရဟန်းအပေါင်း ရှိခိုးပြီး ပြန်သွားတဲ့အခါ လူတွေ ညနေစာ စားပြီးချိန်လောက်မှာ ကိုရင်ကို တောင် အသိမပေးဘဲ စေတီကို ရှိခိုးမယ်လို့ကြံကာ တစ်ပါးတည်းပဲ ထွက်သွားတယ်။ ကိုရင်က ''မထေရ်ဟာ အချိန်မဲ့မှာ တစ်ပါးတည်းပဲ ထွက်သွားတယ်။ သိအောင် လုပ်မယ်''လို့ တွေးပြီး ဥပဇ္ဈာယ်ဆရာ မထေရ်ရဲ့နောက်က ထက်ကြပ်မကွာ လိုက်သွားတယ်။ မထေရ်က

http://www.dhammadownload.com

မဆင်ခြင်မိလို့ အဲဒီကိုရင်လာတာကို မသိတဲ့အတွက် တောင်တံခါးနဲ့ စေတီရင်ပြင်ကို တက်သွားတယ်။ ကိုရင်လည်း ထက်ကြပ်မကွာ တက်သွားတယ်။

မဟာထေရ်ဟာ မဟာစေတီကို မော်ကြည့်ပြီး ဘုရားရှင် ဂုဏ်ကို အာရုံပြုကာ ပီတိကို ယူတယ်။ စူးစူးစိုက်စိုက် အာရုံပြုတယ်။ ရွှင်လန်းဝမ်းမြောက်စွာ စေတီကို ရှိခိုးတယ်။ ကိုရင်ကို မထေရ်ရဲ့ ရှိခိုးပုံကို ကြည့်ပြီး ''ငါ့ရဲ့ ဥပဇ္ဈာဆရာဟာ အလွန်အကဲပဲ ကြည်ညိုစိတ်နဲ့ ရှိခိုးတယ်။ ပန်းတွေကို ရပြီး ပူဇော်လိုသေးသလား''လို့ တွေးတယ်။ မထေရ်က ရှိခိုးပြီး နေရာမှ ထကာ ဦးခေါင်းပေါ် လက်အုပ်ချီတယ်။ မဟာစေတီကို မော်ကြည့်ပြီး ရပ်နေတယ်။ ကိုရင်က ချောင်းဟန့်ပြီး သူလာကြောင်းကို အသိပေးလိုက်တယ်။ မထေရ်က လှည့်ပြီး ကြည့်ရင်း ''ကိုရင်... ဘယ်အချိန်က လာသလဲ''လို့ မေးတယ်။

''အရှင်ဘုရား... အရှင်ဘုရား စေတီကို ရှိခိုးနေတဲ့အချိန်မှာ လာပါတယ်၊ အရှင်ဘုရားက အလွန်အကဲ ကြည်ညိုပြီး စေတီကို ရှိခိုးတယ်။ ပန်းကိုရပြီး ပူဇော်လိုပါသလား''

''ကိုရင်... ဟုတ်တယ်၊ ဒီစေတီမှာလို အခြားစေတီမှာ ဒီလောက်များတဲ့ ဌာပနာထားတာ မရှိ၊ အတုမရှိတဲ့ ဒီလို မဟာစေတီကို ပန်းတွေ ရရင် ဘယ်သူက မပူဇော်ဘဲ ရှိမှာလဲ''

ကိုရင်က အဲဒီစကားမှာပဲ စွာန်ဝင်စားပြီး တန်ခိုးနဲ့ ဟိမဝန္တာတောင်ကို သွားတယ်။ အဆင်းလည်း လှ၊ အနံ့လည်း မွှေးတဲ့ ပန်းတွေကို ရေစစ်နဲ့ အပြည့်ထည့်တယ်။ မဟာထေရ်ဟာ တောင်ဘက်မုခ်မှ အနောက်ဘက်မုခ်ကို မရောက်ခင်မှာပဲ ပြန်လာတယ်။ ပန်း

http://www.dhammadownload.com

ရေစစ်ကို လက်မှာ ထားကာ ''အရှင်ဘုရား ပူဇော်ပါ'' လို့ လျှောက်တယ်။ မထေရ်က ''ကိုရင်... ငါတို့ရဲ့ ပန်းတွေက အလွန်ပဲ နည်းတယ် မဟုတ်လား''လို့ ပြောတဲ့အခါ ကိုရင်က ''အရှင်ဘုရား... ကြွတော်မူပါ။ ဘုရားရှင်ရဲ့ ဂုဏ်တွေကို ဆင်ခြင်ပြီး ပူဇော်တော်မူပါ'' လို့ လျှောက်ထားတယ်။

မထေရ်က အနောက်ဘက်မုခ်ရှိ စောင်းတန်းနဲ့တက်ပြီး စေတီပစ္စယံပေါ်မှာ ပန်းပူဇော်မှုပြုဖို့ ကြိုးစားတယ်။ ပစ္စယံပေါ်မှာ ပန်းတွေ အပြည့်ထားပြီး ဒုတိယပစ္စယံပေါ်မှာ ပုဆစ်ဒူးဝန်းလောက်ရှိ ပန်းတွေနဲ့ ပြည့်စေတယ်။ အဲဒီနေရာက သက်ဆင်းပြီး စေတီအခြေပတ်ဝန်းကျင်ကို ပူဇော်တယ်။ အဲဒါကလည်း ပန်းတွေ ပြည့်သွားတယ်။ ပြည့်သွားမှန်းသိလို့ စေတီအောက်ပိုင်း ရင်ပြင်မှာ ကြဲဖြန့်ကာ သွားတယ်။ စေတီရင်ပြင်တစ်ခုလုံး ပြည့်သွားတယ်။ ပြည့်သွားတဲ့အခါ ''ကိုရင်။ ပန်းတွေ မကုန်သေးပါလား''လို့ ပြောတယ်။ ''အရှင်ဘုရား၊ ရေစစ်ကို မှောက်လိုက်ပါ''လို့ ပြောလို့ မထေရ်က ရေစစ်ကို မှောက်ကာ လှူပ်လိုက်တဲ့အခါ ပန်းတွေ ကုန်သွားတယ်။ ရေစစ်ကို ကိုရင်အား ပေးပြီး ဆင်တံတိုင်းနဲ့တကွ စေတီကို သုံးကြိမ် အရိုအသေပြုကာ လေးနေရာမှာ ရှိခိုးတယ်။ ပရိဝုဏ်ကို သွားရင် ''ဒီကိုရင်ဟာ သိပ်ပြီး တန်ခိုးကြီးလေစွ၊ ဒီတန်ခိုးအစွမ်းကို စောင့်ရှောက်နိုင်လေမလား'' လို့ တွေးတယ်။

အဲဒီကနောက် ''မစောင့်ရှောက်နိုင်ဘူး''လို့ မြင်တဲ့အတွက် ''ကိုရင်... သင်ဟာ အခုအခါ တန်ခိုးကြီးတယ်၊ ဒီလို တန်ခိုးကို ဖျက်ဆီးပြီးတော့ နောင်အခါမှာ မျက်စိကန်းတဲ့ ရက်ကန်းသည်မရဲ့

http://www.dhammadownload.com

လက်နဲ့ နှိပ်ချေထားတဲ့ ပအုံးရည်ကို သောက်ရလိမ့်မယ်''လို့ ကိုရင်ကို ပြောတယ်။ အဲဒါဟာ ငယ်ရွယ်တာရဲ့ အပြစ်ပဲ။ ကိုရင်ဟာ ဥပဇ္ဈာယ်ဆရာရဲ့ စကားကြောင့် ထိတ်လန့်တုန်လှုပ်ပြီး ''အရှင်ဘုရား၊ တပည့်တော်အား ကမ္မဋ္ဌာန်းပြောပေးပါ''လို့ မလျှောက်တောင်းပါ။ ''ငါ့ရဲ့ ဥပဇ္ဈာယ်ဆရာဟာ ဘာကို ပြောသလဲ''လို့ တွေးကာ ဥပဇ္ဈာယ်ဆရာ့စကားကို မကြားသလို လုပ်ကာ သွားတယ်။ မထေရ်က မဟာစေတီနဲ့ မဟာဗောဓိကို ရှိခိုးကာ ကိုရင်ကို သပိတ်၊ သင်္ကန်း အယူခိုင်းပြီး အစဉ်အတိုင်း ကုဋေဇိတိသ မဟာဝိဟာရကို သွားတယ်။ ကိုရင်က ဥပဇ္ဈာယ်ဆရာနောက်က လိုက်ကာ ဆွမ်းခံမသွား။ ''အရှင်ဘုရား ဘယ်ရွာကို ဝင်ပါမလဲ''လို့ မေးပြီးတော့ ''အခု ငါ့ဥပဇ္ဈာယ်ဆရာဟာ ရွာတံခါးကို ရောက်ဘာ ဖြစ်လိမ့်မယ်''လို့ သိကာ သူနဲ့ ဥပဇ္ဈာယ်ရဲ့ သပိတ် သင်္ကန်းကို ယူပြီး ကောင်းကင်ခရီးနဲ့ ယူသွားတယ်။ မထေရ်အား သပိတ် သင်္ကန်းကို ပေးပြီး ဆွမ်းခံဝင်တယ်။

''ကိုရင်... ဒီလိုမလုပ်နဲ့၊ ပုထုဇဉ်ရဲ့တန်ခိုးဆိုတာ တုန်လှုပ်တယ်၊ မတည်မြဲဘူး၊ မသင့်လျော်တဲ့ အဆင်း စတဲ့ အာရုံကို ရရင် အနည်းငယ်လေးနဲ့ပဲ ပျက်စီးတယ်။ ငြိမ်သက်တဲ့ ဈာန်သမာပတ် ယုတ်လျော့သွားရင် အကျင့်မြတ် ကျင့်သုံးမှုဟာ တောင့်မထားနိုင်''

မထေရ်က အမြဲတမ်းပဲ ဆုံးမတယ်။ ကိုရင်က ''ငါ့ဥပဇ္ဈာယ်ဆရာက ဘာကို ပြောတာလဲ''လို့တွေးကာ နားမထောင်လို့။ အဲဒီအတိုင်းပဲ လုပ်တယ်။ မထေရ်က အစဉ်အတိုင်း စေတီရှိခိုးမှုကို ပြုကာ ကမ္မဗိန္ဒုကျောင်းကို ရောက်သွားတယ်။ အဲဒီမှာ မထေရ် သီတင်းသုံးနေပေမယ့်လည်း ကိုရင်က ရှေ့ကလိုပဲ လုပ်နေတယ်။ တစ်နေ့မှာ

http://www.dhammadownload.com

အလွန်လှပပြီး ပထမအရွယ်ရှိ ရက်ကန်းသည်မလေးတစ်ယောက်က ကမ္မဝိန္ဒုရွာက ထွက်ပြီး ပဒုမ္မာကြောကန်ထဲ ဆင်းကာ သီချင်းဆိုရင်း ကြာပန်းတွေကို ချိုးနေတယ်။ အဲဒီအခါ ကိုရင်က ပဒုမ္မာကြောကန် ပေါ်က သွားတယ်။ ဒီကလေးမရဲ့ သီချင်းသံမှာ ငြိကပ်တွယ်တာသွား တယ်။ ဥပမာ–ကော်မှာ ငါးကန်းမဟာ ငြိကပ်သွားသလိုပါပဲ။ အဲဒီ ခဏမှာပဲ အဲဒီကိုရင်ရဲ့ တန်ခိုး ကွယ်ပျောက်သွားတယ်။ အတောင် ကျိုးတဲ့ ကျီးငှက်လိုပဲ ဖြစ်သွားတယ်။ ငြိမ်သက်တဲ့ ဈာန်သမာပတ် တန်ခိုးကြောင့်တော့ အဲဒီရေကန်က ရေပြင်ပေါ်မှာ မကျဘဲ လက်ပံလဲ ပမာ ကျကာ အစဉ်အတိုင်း ပဒုမ္မာကြောကန်ကမ်းပေါ်မှာ ရပ်တည် တယ်။ ကိုရင်က အဆောတလျင် သွားပြီး ဥပဇ္ဈာယ်ဆရာအား သပိတ် သင်္ကန်းကို ပေးကာ ပြန်လှည့်သွားတယ်။ မထေရ်ကြီးက ''ဒါကို ငါက စောစောကပဲ ကြိုမြင်ထားတယ်။ တားမြစ်ပေမယ့်လည်း ကိုရင် က နောက်မဆုတ်လတ္တံ့''လို့ သိလို့ ဘာကိုမှ မပြောဘဲ ဆွမ်းခံဝင် သွားတယ်။

ကိုရင်က သွားပြီး ပဒုမ္မာကြောကန် ကမ်းပေါ်က အဲဒီကလေးမ ကမ်းပေါ်တက်အလာကို စောင့်ရင်း ရပ်နေတယ်။ အဲဒီကလေးမက လည်း ကိုရင် ကောင်းကင်ခရီးနဲ့ သွားတာကိုရော၊ ပြန်လာပြီး ရပ်နေ တာကိုပါ မြင်သွားလို့ ''သေချာပေါက် ဒီကိုရင်တော့ ငါ့ကို အကြောင်း ပြုပြီး သာသနာမှာ ပျင်းရိနေတယ်''လို့ သိကာ ''ကိုရင်... နောက် ဆုတ်ပါ''လို့ ပြောတယ်။ ကိုရင်က နောက်ဆုတ်တယ်။ ကလေးမက ရေကန်ထဲက တက်လာပြီး အဝတ်ကို ဝတ်ကာ ကိုရင်ထံ သွားပြီး ''အရှင်ဘုရား၊ ဘာပါလဲ'' လို့ မေးတယ်။ ကိုရင်က အဲဒီအကြောင်းကို

http://www.dhammadownload.com

ပြောပြတယ်။ ကလေးမက အကြောင်းများစွာနဲ့ အိမ်ရာ တည်ထောင်လူ့ဘောင်ရဲ့အပြစ်ကိုရော၊ အကျင့်မြတ်ကို ကျင့်ခြင်းရဲ့ အကျိုးကိုပါ ပြပြီး ဆုံးမပေမယ့်လည်း ကိုရင် ပျင်းရိတာကို မပယ်ဖျောက်နိုင်။ ''ဒီကိုရင်ဟာ ငါ့ကြောင့် ဒီလို တန်ခိုးမှ ယုတ်လျော့တယ်။ အခု မစွန့်လွှတ်သင့်'' လို့တွေးပြီး ''ဒီနေရာမှာပဲ ရပ်နေပါ'' လို့ ပြောကာ အိမ်ကို သွားတယ်။ မိဘတွေအား အဲဒီအဖြစ်ကို ပြောပြတယ်။

မိဘတွေကလည်း လာပြီး အမျိုးမျိုး ဆုံးမပေမယ့် စကား မနာယူတဲ့ ကိုရင်ကို ''သင်ဟာ ငါတို့ကို အမျိုးမြတ်တယ်လို့ ထင်တယ်၊ ငါတို့က ရက်ကန်းသည်တွေပဲ၊ ရက်ကန်းသည်အလုပ်ကို လုပ်နိုင်ပါ့မလား''လို့ မေးကြတယ်။ ''ဒကာ... လူဝတ်ကြောင်ဆိုတာ ရက်ကန်းသည်အလုပ်ပဲ ဖြစ်ဖြစ်၊ ကျူးထရံသည်အလုပ်ပဲဖြစ်ဖြစ် လုပ်ရတယ်၊ ဒီအဝတ်လေးလောက်နဲ့ ဘာကြောင့် လောဘဖြစ်နေရသလဲ'' လို့ ကိုရင်က ပြောတယ်။ ရက်ကန်းသည်က ရင်ဘတ်မှာ ဖွဲ့ချည်ထားတဲ့အဝတ်ကို ပေးကာ အိမ်ကို ခေါ်သွားပြီး သမီးကို ပေးလိုက်တယ်။ ကိုရင်ဟာ ရက်ကန်းသည်အလုပ်ကို သင်ယူပြီး ရက်ကန်းသည်တွေနဲ့အတူ ရက်ကန်းရုံမှာ အလုပ်လုပ်တယ်။ တခြားရက်ကန်းသည်တွေရဲ့ မိန်းမတွေက နံနက်စောစောပဲ ထမင်းကို ချက်ပြီး ယူဆောင်ခဲ့ကြတယ်။ သူ့မယားကတော့ မလာသေးပါ။

ကိုရင်လူထွက်ဟာ အခြားရက်ကန်းသည်တွေ အလုပ်နားပြီး စားနေကြတဲ့အခါ ရက်ဖောက်ရစ်ရင်း ထိုင်နေတယ်။ သူ့မိန်းမက နောက်မှ သွားတယ်။ အဲဒီအခါ ကိုရင်လူထွက်က သူ့မိန်းမကို ''သင်ဟာ အလွန်ကြာမြင့်မှ လာတယ်''လို့ ခြိမ်းခြောက်တယ်။ မိန်းမဆိုတာ

http://www.dhammadownload.com

စကြဝဠတေးမင်းကိုတောင် သူမအပေါ် တပ်မက်နေမှန်း သိရင် ကျွန်လိုပဲ ထင်မှတ်တယ်။ ဒါကြောင့် သူ့မိန်းမက ဒီလိုပြောတယ်။ ''တခြားလူတွေရဲ့အိမ်မှာ ထင်း၊ သစ်ရွက်၊ ဆား စတာတွေကို သိုမှီးသိမ်းဆည်းထားကြတယ်။ အပြင်က ဆောင်ယူပြီး ပေးကြတဲ့ ရက်ကန်းသမားတွေလည်း ရှိကြတယ်။ ငါကတော့ တစ်ယောက်တည်းပဲ။ သင်ကလည်း ငှဲ့ရဲ့အိမ်မှာ ဒါ ရှိတယ်၊ ဒါ မရှိဘူးလို့ မသိ၊ စားချင်စား၊ မစားချင် မစားနဲ့''

''နေမြင့်မှ ထမင်းကို ဆောင်ယူလာရုံတင်မက၊ စကားနဲ့လည်း ငှဲ့ကို တိုက်ခိုက်တယ်''လို့ စိတ်ဆိုးကာ အခြားလက်နက်ကို မမြင်လို့ အဲဒီ ရက်ဖောက်တုတ်ကိုပဲ ရက်ဖောက်ထဲက ဆွဲနုတ်ကာ ပစ်လိုက်တယ်။ သူ့မိန်းမက သူလာတာကို မြင်လို့ အနည်းငယ် နောက်ပြန်လှည့်လိုက်တယ်။ ရက်ဖောက်တုတ်ရဲ့အစွန်းဆိုတာ ထက်တယ်။ အဲဒီ တုတ်အစွန်းက သူ့မိန်းမရဲ့ မျက်စိအစွန်းမှာ ဝင်ပြီး တည်တယ်။ သူ့မိန်းမဟာ လက်နှစ်ဖက်နဲ့ လျင်မြန်စွာ မျက်စိကို ကိုင်လိုက်တယ်။ ပေါက်ကွဲသွားတဲ့နေရာက သွေးယိုစီးထွက်လာတယ်။ ကိုရင်လူထွက်က အဲဒီအခါ ဥပဇ္ဈာယ်ဆရာရဲ့စကားကို သတိရလာတယ်။ ဒါကို ရည်ရွယ်ပြီး ငှဲ့ကို ဥပဇ္ဈာယ်ဆရာက နောင်အခါမှ ကန်းတဲ့ရက်ကန်းသည်မရဲ့လက်တွေနဲ့ နှိပ်နယ်ထားတဲ့ ပအုံးရည်ကို သောက်ရလိမ့်မယ်လို့ ပြောတယ်။ ဒါကို မထေရ်က မြင်ပြီးဖြစ်လိမ့်မယ်။ ''အရှင်မြတ်ဟာ အရှည်ကို မြင်ပါပေစ''လို့ အသံကျယ်ကျယ်နဲ့ ငိုဖို့ ကြိုးစားတယ်။ ကိုရင်လူထွက်ကို အခြားလူတွေက ''မိတ်ဆွေ... ငိုလို့ မသင့်ပါ၊ မငိုနဲ့၊ မျက်စိဆိုတာ ကွဲပျက်သွားရင် ငိုရုံနဲ့ ပကတိအတိုင်း ဖြစ်အောင် မတတ်နိုင်ပါ''လို့ ပြောကြတယ်။

http://www.dhammadownload.com

ကိုရင်လူထွက်က ''ငါဟာ ဒီအတွက် ငိုတာမဟုတ်ပါ။ ဒါပေမဲ့ ဒါကို ရည်ရွယ်ကာ ငိုပါတယ်''လို့ အကြောင်းစုံကို အစဉ်အတိုင်း ပြောပြတယ်။

(မဇ္ဈိမပဏ္ဏာသ၊ ဋ္ဌ၊ ၁၆၉)

ပုထုဇဉ်မှာ တန်ခိုးဟာ ကြီးလာပေမယ့် ကြီးလာတဲ့တန်ခိုးကို စောင့်ရှောက်နိုင်တဲ့ စွမ်းရည်ရှိဖို့လည်း လိုအပ်ပါတယ်။ လောကမှာ အောင်မြင်မှု ရရှိလာပေမယ့်လို့ ရှိလာတဲ့ အောင်မြင်မှုကို မထိန်းနိုင်သူတွေဟာ ကိုရင်လေးပမာ လူ့ဘဝဟာ ရှုံးနိမ့်သွားတတ်ပါတယ်။ အသက်အရွယ် ငယ်ရွယ်သူတွေမှာ အတွေ့အကြုံ နည်းတာမို့ အများအားဖြင့် အသိဉာဏ်ဟာ နုနယ်နေတတ်ပါတယ်။ ပုထုဇဉ်တွေမှာ တန်ခိုးမတည်မြဲတတ်ပုံကို ဒီကိုရင်လေးက သက်သေပြသွားပါတယ်။

''ကိုရင်လေး... ဈာန် တော်တော် ကစား၊ ကန်းမနဲ့ ညား'' ဆိုတဲ့ စကားပုံလေးဟာ ဒီကိုရင်လေးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

သာမဏေကျော်

သာမဏေကျော်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊
လော်ကားဥယျာဉ်အနီး၊ မော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း။
တန်ခူးလဆန်း (၉)ရက်၊ ၁၃၆၈ ခု၊
၂၆-၃-၂၀၀၇